ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဩဂုတ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကုသိုလ်ကောင်းမှုလျှင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၀ ပြည့်နှစ် တပို့တွဲလဆန်း ၁ ရက်၊ အင်္ဂါနေ့။ Tuesday 5 February 2019 ၉၅၁၃

# ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်း သိမ်းဆည်းမြေများအတွက် လျော်ကြေးငွေ ပေးချေခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို ၁ ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာ ၁ ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၏ **ပန်းတောင်းမြို့နယ်အတွင်း ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်း တည်ဆောက်ရာတွင် သိမ်းဆည်းမြေများအတွက် လျော်ကြေးပေးချေရန် နောက်ဆက်တွဲ ဆောင်ရွက်ထားမှုအခြေအနေအား သိလိုခြင်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက မြန်မာ့မီးရထားအနေဖြင့် အတည်ပြုချက်ရရှိပြီးဖြစ်သော ကြံခင်း-ဥသျှစ်ပင်အပိုင်းရှိ ပန်းတောင်းမြို့နယ်အတွင်း ပါဝင်သွားသော သိမ်းဆည်းမြေနှင့် ပျက်စီးသွားသည့်မြေ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

# ကမ္ဘာလှည့်အပျော်စီးသင်္ဘော ငပလီကမ်းခြေသို့ လာရောက်လည်ပတ်

**သံတွဲ ဖေဖော်ဝါရီ ၄**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ကြီးကြပ်မှု၊ Destination Asia Co.,Ltd. စီစဉ်မှုဖြင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၆၁ ဦး လိုက်ပါလာသည့် MS Silver Discoverer ကမ္ဘာလှည့် အပျော်စီးသင်္ဘောသည် ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၁ နာရီတွင် ငပလီကမ်းခြေသို့ ရောက်ရှိခဲ့ပြီး ငပလီကမ်းခြေ သံတွဲမြို့မဈေးကြီး သံတွဲမြို့ပေါ်ရှိ ဘုရားများသို့သွားရောက်လေ့လာလည်ပတ်ခဲ့ကြကာ ငပလီကမ်းခြေမှ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသည်။

**ထပ်မံဝင်ရောက်ရန်ရှိ**

အဆိုပါကမ္ဘာလှည့်အပျော်စီးသင်္ဘောကြီးတွင် ဩစတြေးလျနိုင်ငံသား နှစ်ဦး၊ ကနေဒါနိုင်ငံသား နှစ်ဦး၊ ပြင်သစ်နိုင်ငံသား တစ်ဦး၊ နယ်သာလန်နိုင်ငံသား တစ်ဦး၊ ဗြိတိန်နိုင်ငံသား နှစ်ဦးနှင့် အမေရိကန်နိုင်ငံသား ၅၃ ဦး စုစုပေါင်းကမ္ဘာလှည့်ခရီးသည် ၆၁ ဦး လိုက်ပါလာကြပြီး ငပလီကမ်းခြေသို့ ကမ္ဘာလှည့်အပျော်စီးသင်္ဘောကြီးများ ထပ်မံဝင်ရောက်ရန်ရှိသေးကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၅ သို့ ✪



ငပလီကမ်းခြေသို့ ဆိုက်ရောက်လာသည့် ကမ္ဘာလှည့်အပျော်စီးသင်္ဘောကြီးကို တွေ့ရစဉ်။

## ကြေးမုံ သတင်းအညွှန်း

**ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲ ရွှင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်**



စာမျက်နှာ » ၄

**အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၅၇၀၀ ကျော် ဖန်တီးပေးနိုင်မည့် လုပ်ငန်းကိုးခုအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြု**



စာမျက်နှာ » ၅

**ပြန်လည်ဆုံစည်းကြပါစို့ ကျေးဇူးကမ္ဘာ**



စာမျက်နှာ » ၆

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာမျက်နှာ » ၈

CB BANK
ကုန်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုနှင့် ငွေကြေးထောက်ပံ့မှုများ
Best Trade Finance Bank
2018 (Asset Triple A) (The Asian Banker)
Tel : +95 1 2317 770 STU : +95 1 2317 698 STU@cbbank.com.mm

# ကြေးမုံ

## ပြည်ထောင်စုပန်းတိုင်ကို ရှေးရှုကြိုးပမ်း

တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံး အေးအတူ၊ ပူအမျှ တစုတစည်းတည်း ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး စုပေါင်းနေထိုင်ကြခြင်းဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအဖြစ် တည်ရှိနေရေးတွင် အရေးကြီးသောအချက်ပင် ဖြစ်သည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းထောင်ချီကာလကတည်းက တိုင်းရင်းသားလူမျိုးများ အစုအဖွဲ့လိုက် အေးချမ်းစွာနေထိုင်ခဲ့ရာ ရံဖန်ရံခါတွင် အခန့်မသင့်၍ ပဋိပက္ခဖြစ်မှုများရှိခဲ့သော်လည်း မိသားစုအတွင်း မသင့်မတင့်ဖြစ်ခြင်းမျှသာရှိပြီး အချိန်တန်လျှင် ပြေအေးသွားခဲ့သည်ချည်းသာဖြစ်သည်။ အချင်းချင်းကွဲပြားခြားနားမှုနှင့် ပြည်ပမှ စွက်ဖက်နှောင့်ယှက်မှုများရှိခဲ့သောကာလများတွင် တစ်တိုင်းပြည်လုံးအား တစည်းတလုံးတည်းဖြစ်အောင် ပြန်လည်စုစည်းထူထောင်ခဲ့ကြသည်။

သမိုင်းမော်ကွန်းရေးထိုးထားသော ပထမမြန်မာနိုင်ငံတော်ကြီးကို အနော်ရထာမင်း ဦးဆောင်မှုဖြင့် စုစည်းတည်ထောင်နိုင်ခဲ့ပြီး ဒုတိယမြန်မာနိုင်ငံတော်ကို ဘုရင့်နောင်မင်းတရား ဦးဆောင်မှုဖြင့် စုစည်းတည်ထောင်နိုင်ခဲ့သည်။ တတိယမြန်မာနိုင်ငံတော်ကို အလောင်းမင်းတရား ဦးဆောင်မှုဖြင့် စုစည်းတည်ထောင်နိုင်ခဲ့ပြီး စတုတ္ထမြန်မာနိုင်ငံတော်ကို ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်မှုဖြင့် စုစည်းတည်ထောင်နိုင်ခဲ့ကာ လွတ်လပ်သည့်အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအဖြစ် ယနေ့ထက်တိုင် ငွားငွားစွင့်စွင့် တည်ရှိနေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို အတည်ပြုထားသော ဖွဲ့စည်းတည်ဆောက်ပုံအရ ပြည်နယ် ခုနစ်ခု၊ တိုင်းဒေသကြီး ခုနစ်ခုကို အဓိကလူမျိုးစုများ စတင်အခြေချနေထိုင်ရာအဖြစ် အသိအမှတ်ပြုကြသည် ဆိုသော်ငြားလည်း တိုင်းရင်းသားလူမျိုးစုများသည် မည်သည့်နေရာဒေသတွင်မဆို ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်လူမျိုး မခွဲခြားဘဲ မိသားစုအိမ်ကြီးအတွင်း အတူယှဉ်တွဲ၍ အေးအေးချမ်းချမ်းစုပေါင်းနေထိုင်ကြသကဲ့သို့ မြင်တွေ့ရမည်ဖြစ်သည်။ ဤသည်ပင် တစုတစည်းတည်းသော ပြည်ထောင်စုကြီးအဖြစ် ဖြစ်တည်နေခြင်းပင်ဖြစ်သည်။

ယခုအခါ တန်းတူညီမျှမှု၊ လွတ်လပ်စွာအခွင့်အရေးရယူနိုင်မှု စသည့် လွတ်လပ်မှုတို့ကိုရှေးရှုသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို အသွင်ကူးပြောင်းတည်ဆောက်နေပြီး ပြည်ထောင်စုတိုင်းရင်းသားအားလုံး လိုလားတောင့်တမျှော်မှန်းကြသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးကို ရှေးရှုအကောင်အထည်ဖော်နေကြပြီဖြစ်သည်။ ထိုအခါ မိမိတို့ကံကြမ္မာကို မိမိတို့ကိုယ်တိုင် ဖန်တီးနိုင်သည့် အခွင့်အရေးများ ပိုမိုရရှိလာမည်ဖြစ်ပြီး မိမိတို့ဒေသများလည်း အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ဤသို့အခြေအနေကို ရောက်ရှိရန်အတွက် ငြိမ်းချမ်းရေးကို ဦးစွာပထမ တည်ဆောက်ရမည်ဖြစ်ပြီး ထိုသို့တည်ဆောက်နိုင်ရန်အတွက် တိုင်းရင်းသားပြည်သူအားလုံး တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုကို ခိုင်မြဲစွာ တည်ဆောက်ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တစ်တိုင်းပြည်လုံး အညီအမျှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရာ၌ အခက်အခဲများစွာရှိသော်လည်း အတတ်နိုင်ဆုံး မျှတဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ပထမပန်းတိုင်အဖြစ် နိုင်ငံတည်ငြိမ်အေးချမ်းမှုရရှိအောင်ဆောင်ရွက်ပြီး ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ထားပြီးနောက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်၊ တိုင်းရင်းသားပြည်သူအားလုံး လူမှုစီးပွားဘဝမြင့်မားတိုးတက်အောင်၊ ကမ္ဘာ့အလယ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ဝင့်ထည်ခံ့ညားအောင် တည်ဆောက်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားအတွက် မျှော်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်၍ အောင်မြင်ရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် ဦးစားပေးလိုအပ်ချက်ဖြစ်သည့် ပြည်ထောင်စုကြီးငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးရရှိရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာရေးတို့ကို တိုင်းရင်းသားပြည်သူအားလုံး ရှေးရှုကြိုးပမ်းအားထုတ်သွားကြရမည် ဖြစ်ပါကြောင်း။ ။

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို စက်မှုသင်တန်းကျောင်းများနှင့် စက်ရုံများအားကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဖေဖော်ဝါရီ ၂ ရက်က အမှတ်(၁)စက်မှုသင်တန်းကျောင်း(ဆင်တဲ)သို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။



**တိုးချဲ့ဖွင့်လှစ်ရေး**

ထိုသို့စစ်ဆေးစဉ် စက်မှုသင်တန်းကျောင်း ကျောင်းအုပ်ကြီးက ပုံမှန်တစ်နှစ်သင်တန်းများပို့ချနေမှု၊ ဂျာမနီနိုင်ငံ GIZ နှင့် ပူးပေါင်း၍ မော်တော်ယာဉ်စက်ပြင် နှစ်နှစ်သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှု၊ စက်မှုသင်တန်းကျောင်း(ဆင်တဲ)အနေဖြင့် ISO လက်မှတ်ရရှိရေး ဆောင်ရွက်ခဲ့မှုနှင့် ဝန်ထမ်းရေးရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ညှိနှိုင်းဆွေးနွေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနမှ လွှဲပြောင်းပေးအပ်ခဲ့သည့် မင်းတုန်းမြို့နယ်ရှိ ယခင် ဝင်းသူဇာအရောင်းဆိုင်ဟောင်းနေရာသို့သွားရောက်ခဲ့ပြီး စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီထံ စာကြည့်တိုက်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သော သုတ၊ ရသစာအုပ်များနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၃ ရက်တွင် Super One Dragon Co.,Ltd. သို့ ငှားရမ်းထားသော ဆပ်ပြာစက်ရုံ(မကွေး)သို့သွားရောက်ကာ ရွှေဝါဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာနှင့် ကိုယ်တိုက်ဆပ်ပြာအမွှေးခဲများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ ဈေးကွက်ဝင် ထုတ်ကုန်အမယ်သစ်များ တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရန်၊ ဝန်ထမ်းများ သက်သာချောင်ချိရေးနှင့် ရပ်ရွာဒေသဖွံ့ဖြိုးရေးအတွက် CSR လုပ်ငန်းများ ဆောင်ရွက်ပေးရန် မှာကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)သို့လည်းကောင်း၊ ဆေးဆိုးပန်းရိုက် စက်ရုံဟောင်း (မကွေး) သို့လည်းကောင်း သွားရောက်စစ်ဆေးပြီး ဝန်ထမ်းများနှင့် လည်းတွေ့ဆုံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကမ္ဘာ့ကင်ဆာနေ့ ပညာပေးပြပွဲနှင့် အော်ဂဲနစ်ထွက်ကုန်အရောင်းပြပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းက ကြီးမှူးကျင်းပသည့် ကမ္ဘာ့ကင်ဆာနေ့ ပညာပေးပြပွဲနှင့် အော်ဂဲနစ်ထွက်ကုန်အရောင်းပြပွဲကို ကျောက်တံတားမြို့နယ်ရှိ မဟာဗန္ဓုလပန်းခြံရှေ့မျက်နှာစာ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။



"ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း လျှော့ချဖို့ဆိုရင် ကင်ဆာရောဂါဖြစ်ပွားရတဲ့ အကြောင်းရင်းတွေကို သိရှိဖို့လိုအပ်ပါတယ်။ ကင်ဆာရောဂါဖြစ်ပွားရတဲ့ အကြောင်းရင်း သုံးခုရှိပါတယ်။ ဒါတွေကတော့ သဘာဝပတ်ဝန်းကျင်နဲ့ဆိုင်တဲ့ လေထုညစ်ညမ်းမှုကြောင့် ကင်ဆာရောဂါဖြစ်ပွားခြင်း၊ စားသောက်နေထိုင်မှုစရိုက်နဲ့ အန္တရာယ်ရှိတဲ့ အစားအသောက်တွေကြောင့် ကင်ဆာဖြစ်ပွားခြင်း၊ မျိုးရိုးဗီဇကြောင့် ကင်ဆာဖြစ်ပွားခြင်းပဲဖြစ်ပါတယ်။ မျိုးရိုးဗီဇကြောင့် ကင်ဆာဖြစ်ပွားတာကတော့ ကျွန်တော်တို့ ဘာမှမလုပ်နိုင်ဘူးဆိုပေမယ့် အော်ဂဲနစ်သီးနှံတွေမှာပါတဲ့ Antioxidant ဓာတ်တွေကတော့ ကင်ဆာရောဂါကို အထိုက်အလျောက်ဟန့်တားကာကွယ်ပေးနိုင်ပါတယ်"ဟု မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က ပြောသည်။

ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော ကမ္ဘာ့ကင်ဆာနေ့အခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်မှာ ကမ္ဘာနှင့် မြန်မာနိုင်ငံ၌ တစ်နေ့တခြားဖြစ်ပွားမှုနှုန်းများပြားနေသည့် ကင်ဆာရောဂါလျှော့ချရေးနှင့် ဘေးကင်းလုံခြုံသော စိုက်ပျိုးသီးနှံနှင့် စားသောက်ကုန်များကို စားသုံးသူများ စားသုံးနိုင်ရန်အတွက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း- ပွင့်သစ္စာ**
**ဓာတ်ပုံ - စိုးမြင့်အောင်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ရန်ကုန်(ရွှေဈေး) ၁၀၆၁၀၀၀ - ၁၀၆၁၀၀၀ မန္တလေး(ရွှေဈေး) ၁၀၆၁၀၀၀ - ၁၀၆၁၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၃၀/၈၉၀ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၅/၇၉၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၄၅/၇၀၀ ကျပ် | ၇၄၅/၇၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၄၀/၉၀၀ ကျပ် | ၉၁၅/၉၂၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၂၅/၈၃၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၃၅/၈၄၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၆၅/၆၇၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၉.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၄၀.၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၅.၂၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၅၂၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၁.၃၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၂၅၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၈၇.၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၅.၆၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၀၀.၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၄.၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

❖ **ရှေ့ဖုံးမှ**

စုစုပေါင်း ၃၉၆ ဒသမ ၅၁ ဧကတို့အတွက် လျော်ကြေးနှင့် နစ်နာကြေး စုစုပေါင်း ငွေကျပ် ၆၉၆ ဒသမ ၇၅၂ သန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေ တောင်းခံရာတွင် ထည့်သွင်းလျာထားတောင်းခံ၍ ခွင့်ပြုရရှိမှုအပေါ် မူတည်ပြီး လျော်ကြေးနှင့် နစ်နာကြေးပေးချေခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဉသျှစ်ပင်-သရက်အပိုင်းရှိ ပန်းတောင်းမြို့နယ်အတွင်း ပါဝင်သွားသော ကျေးရွာအုပ်စု ၁၁ အုပ်စု မှ တောင်သူ ၃၁၆ ဦး၏ သိမ်းဆည်းမြေ ၃၆၁ ဒသမ ၂၃ ဧက အတွက် လျော်ကြေးတန်ဖိုးများကို ပန်းတောင်းမြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က အဆင့်ဆင့်တင်ပြခဲ့ရာ ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့က ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲ မှုအဖွဲ့သို့ ဆက်လက်တင်ပြထားကြောင်းကို သိရှိရပါကြောင်း၊ ယင်းအဖွဲ့မှ အတည်ပြုပြီးပါက ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ မြန်မာ့ မီးရထားသို့ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် ဖြည့်စွက်ရန်ပုံငွေတောင်းခံချိန် အမီ အကြောင်းကြားလာပါက ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေ တွင် ထည့်သွင်းလျာထားတောင်းခံ၍ ခွင့်ပြုရရှိမှုအပေါ်မူတည်ပြီး လျော်ကြေး ပေးချေခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားသည်။

## ရွှေပြည်သာမြို့နယ်တွင် ခေတ်မီမြန်မာ့စာတိုက်နှင့် ဆက်သွယ်ရေးလုပ်ငန်းအဆောက်အဦသစ် တစ်လုံး ခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ပေးသွားမည်

ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးဉာဏ်လင်း၏ **ရွှေပြည်သာမြို့နယ် မြန်မာ့ စာတိုက်လုပ်ငန်းအဆောက်အဦသည် အများပြည်သူနှင့် ဆက်သွယ်ရေး ဝန်ထမ်းများအတွက် အန္တရာယ်ရှိ အဆောက်အဦအဆင့်သို့ ရောက်ရှိနေပါ သဖြင့် ခေတ်မီမြန်မာ့စာတိုက်နှင့် ဆက်သွယ်ရေးလုပ်ငန်းအဆောက်အဦသစ် တစ်လုံးကို အမြန်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက လွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေး တင်ပြချက်များအရ လည်းကောင်း၊ မြန်မာ့စာတိုက်လုပ်ငန်းမှ ကွင်းဆင်း စစ်ဆေးချက်များအရလည်းကောင်း၊ ရွှေပြည်သာစာတိုက်သည် အန္တရာယ်ရှိ အဆောက်အဦဖြစ်နေခြင်းကြောင့် အဆိုပါစာတိုက်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် သာမန်ရန်ပုံငွေ ခွင့်ပြုချက်ဘောင်အတွင်းမှ အရေးပေါ်လုပ်ငန်း အဖြစ် ပေ ၂၀ ပတ်လည် ယာယီအဆောက်အဦတစ်လုံးကို ဆောက်လုပ်ပေးရန် အတွက် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် တင်ဒါခေါ်ယူခဲ့ပြီး ဖြစ်ပါကြောင်း၊ တင်ဒါအောင်မြင်သည့် လုပ်ငန်းရှင်ကို လုပ်ငန်းအပ်နှံ၍ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ



ဒုတိယဝန်ကြီး
ဦးကျော်မျိုး



ပန်းတောင်းမဲဆန္ဒနယ်မှ
ဒေါ်ခင်နှင်းသစ်

တွင် စတင်ဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် မတ်လကုန်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားပါကြောင်း၊ ထို့အပြင် စာတိုက်အသစ် ဆောက်လုပ် ပေးရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေတွင် ခန့်မှန်း ကုန်ကျငွေကျပ် သိန်း ၃၀၀ တင်ပြတောင်းခံ၍ ခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

လင်းခေး မဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း၏ **လင်းခေးမြို့နယ် နားကုန်းကျေးရွာ အုပ်စု ခုံအွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းနံဘေးရှိ တိန်းချောင်းကမ်းပါး ထပ်မံ မပြိုကျနိုင်စေရေးအတွက် မြေထိန်းနံရံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် အရေးပေါ်တည်ဆောက်ပေးနိုင်ပါရန်**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဒေသ(၁၂)ရှမ်းပြည်နယ်ရုံးမှ ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်ရန်ရှိသော ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ပြုစု၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့တင်ပြထားပြီးဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်ရန် ရှိသော ဦးစားပေးလုပ်ငန်း ၃၉ ခုအနက် လင်းခေးမြို့နယ် နားကုန်းကျေးရွာအုပ်စု ခုံအွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းအနီး တိန်းချောင်း ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းမှာ အမှတ်စဉ်(၂၅)တွင် ရှိပါကြောင်း၊ အဆိုပါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း (၃၉)ခုအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံထားခြင်းမရှိပါ ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်း ရန်ပုံငွေတွင် ဦးစားပေး အမှတ်စဉ်(၁)မှ အမှတ်စဉ် (၁၁) အထိသာ ရန်ပုံငွေ လျာထား တင်ပြတောင်းခံထားပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး၊ ကျောက်တံတား မဲဆန္ဒနယ်မှ ဦးနေမျိုးထက်၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းနှင့် မြစ်သားမဲဆန္ဒနယ် မှ ဒေါက်တာဦးလင်းလင်းကျော်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ မြန်မာ နိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်နှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ရှင်းလင်းဖြေကြားကြသည်။

## ရန်ကုန်တိုင်းဒေသကြီး မြို့သစ်မြို့နယ်များတွင် မော်တော်ဆိုင်ကယ်စီးနင်းခွင့်ပြုရန် အဆိုတင်သွင်း

ထို့နောက် ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်က **ရန်ကုန် တိုင်းဒေသကြီး ဒဂုံမြို့သစ်(၄)မြို့နယ်နှင့် လှိုင်သာယာ၊ ရွှေပြည်သာ မြို့သစ် (၆)မြို့နယ်တွင် တိကျသည့် နယ်နိမိတ်သတ်မှတ်ချက်၊ တိကျသည့် စည်းကမ်း သတ်မှတ်ချက်များ ချမှတ်ကာ တရားဝင်မှတ်ပုံတင်စေပြီး အချိန်ကာလတစ်ခု အထိရည်ရွယ်၍ မော်တော်ဆိုင်ကယ် စီးနင်းခွင့်ပြုပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာတွင် ရန်ကုန်မြို့၏ ဆင်ခြေဖုံးအရပ် ဖြစ်ပြီး မြို့သစ်နေရာများတွင် နေထိုင်သည့် ပြည်သူများအတွက် ဆက်သွယ် သွားလာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ စည်းကမ်းစနစ်ကျနရေး၊ တရား ဥပဒေစိုးမိုးရေးတို့အတွက် ရည်ရွယ်၍ ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စု အစိုးရ၊ တိုင်းဒေသကြီးအစိုးရတို့မှ စဉ်းစားဆောင်ရွက်ပေးနိုင်ရန်အတွက် တင်သွင်းရခြင်းဖြစ်ပါကြောင်း။

မိမိတို့ မြို့သစ်အခြေအနေသည် ကျယ်ပြန့်သောကြောင့် YBS စနစ် ကဲ့သို့ မြို့တစ်ခုလုံးကို မည်သို့မျှ လွှမ်းခြုံနိုင်ခြင်းမရှိပါကြောင်း၊ မိမိတို့မြို့နယ် (၆)မြို့နယ်ကို ဘတ်စ်ကားကွန်ရက်ပြုလုပ်ပေးရန် တောင်းဆို၍လည်း ရမည် မဟုတ်ပါကြောင်း၊ မြို့သစ်ပြည်သူများအတွက် ရွေးစရာလမ်းမရှိပါကြောင်း၊ ဈေးနှုန်းသက်သာ၊ လူမပင်ပန်း၊ လောင်စာဆီဖိုးလည်းမကုန်ကျမည့် မော်တော် ဆိုင်ကယ်များ သုံးနေရသည်မှာ အဖြစ်မှန်သာ ဖြစ်ပါကြောင်း၊ ပြည်သူများသည် ဥပဒေဘောင်အတွင်းတွင် ဥပဒေနှင့်အညီ နေချင်ပါသော်လည်း ဥပဒေပြင်ပသို့ ရောက်ရှိနေခြင်းဖြစ်ပါကြောင်း၊ နှစ် ၂၀ နီးပါး နားလည်မှုဖြင့် မိမိတို့ဘဝ၏ အသက်မွေးဝမ်းကျောင်းကိစ္စများ၊ ပညာသင်ကြားရေးနှင့် ကျန်းမာရေးများကို မော်တော်ဆိုင်ကယ်များဖြင့် ပြုလုပ်နေရပါကြောင်း၊ နားလည်မှုဖြင့် ပြုလုပ် သည့်အခါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ တရားဥပဒေစိုးမိုးမှုနှင့် လုံခြုံရေး များတွင် ထိခိုက်လာပါကြောင်း၊ မော်တော်ဆိုင်ကယ်စီးနင်းရန်အတွက် တိကျသည့် သတ်မှတ်ချက်များသည် မလွဲမသွေလိုအပ်နေပါကြောင်း ရှင်းလင်း တင်ပြသည်။

ယင်းနောက် အဆိုအား လက်ခံဆွေးနွေးနိုင်ရန် အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် က ထောက်ခံတင်ပြသည်။

**စာမျက်နှာ ၄ သို့**

✻ **ကျောဖုံးမှ**

**အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်း ကျောင်းအဖြစ် ၂၀၁၉ - ၂၀၂၀ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ပေးရန်** အစီ အစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရခိုင် ပြည်နယ် ကျောက်တော်မြို့နယ် ဆင်အိုးချိုင် - အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)တွင် အထက်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူ ၆၇ ဦးသာ ရှိသည့်အပြင် အနီးဆုံးအထက်တန်းအဆင့်သင်ကျောင်းဖြစ်သော အပေါက်ဝအခြေခံပညာအထက်တန်းကျောင်းနှင့် (၆)မိုင်ခန့်သာ ကွာဝေး သည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် ဦးစားပေး သတ်မှတ်ထားခြင်း မရှိပါကြောင်း၊ လက်ရှိတွင်လည်း အခြေခံပညာအထက်တန်း ပညာရပ်များ သင်ကြားခွင့်ရှိနေပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၏ **မကွေး တိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ အမှတ်(၅)စက်မှုသင်တန်းကျောင်း (မကွေး)တွင် အသက်မွေးဝမ်းကျောင်းအတတ်ပညာ လက်တွေ့သင်ကြား ပြသမှုအတွက် အထောက်အကူပြု မော်တော်ယာဉ်များ အသုံးပြုပြီး စီမံ ဆောင်ရွက်သကဲ့သို့ မြန်မာနိုင်ငံအတွင်းရှိ အစိုးရစက်မှုလက်မှု သိပ္ပံကျောင်း များ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းများတွင် အထောက်အကူပြု မော်တော်ယာဉ်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လွှတ်တော် ကိုယ်စားလှယ် တင်ပြသကဲ့သို့ သံရည်ကျိုအဆင့် ကားများကို နိုင်ငံတော်သမ္မတ ရုံးသို့ တင်ပြပြီး ရရှိရေးဆောင်ရွက်လျက်ရှိရာ ခွင့်ပြုသည့်အတွက် မကြာမီ တွင် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)အတွက် ယာဉ်(၅)စီး၊ အစိုးရစက်မှု လက်မှုသိပ္ပံ(ရွှေပြည်သာ)အတွက် (၅)စီး၊ အစိုးရစက်မှု လက်မှုသိပ္ပံ (မန္တလေး) အတွက် (၅)စီး၊ အစိုးရစက်မှုလက်မှု သိပ္ပံ(ပြင်ဦးလွင်)အတွက် (၅)စီး၊ ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်းအတွက် (၅)စီး၊ နည်းပညာမြှင့်တင်ရေးသင်တန်းကျောင်းဌာန ဆရာအတတ်သင်သိပ္ပံအတွက် (၅)စီး စုစုပေါင်းမော်တော်ယာဉ်အစီး (၃၀)ကို ထုတ်ယူပြီး ဖြန့်ဝေပေးရန် စီစဉ်ထားပါကြောင်း၊ ကျန်သော ကျောင်းများအတွက်လည်း ယခုကဲ့သို့



ဒုတိယဝန်ကြီး
ဦးဝင်းမော်ထွန်း



မကွေးတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း

ဆက်လက်တင်ပြပြီး ရရှိပါက ခွဲဝေဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြား သည်။

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ဆွေးနွေး

ထို့နောက် **ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီး ဒေါ်သန်းသန်းဝင်းက ထိမ်းမြားလက်ထပ်ခြင်းသည် ကာယကံရှင် (၂)ဦးနှင့် တိုက်ရိုက်ပတ်သက်သည့် လူမှုရေးကိစ္စဖြစ်သော်လည်း လူ့အသိုက်အဝန်းတစ်ခုလုံးနှင့်လည်း သက်ဆိုင် သည့် ကိစ္စဖြစ်ပါကြောင်း၊ ထို့ကြောင့် ထိမ်းမြားလက်ထပ်ရေး သတ်မှတ်ချက် များကို ဥပဒေနှင့်ပြဋ္ဌာန်း သတ်မှတ်ပေးကြပါကြောင်း၊ ယခုပြဋ္ဌာန်းမည့် ဥပဒေသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေဖြစ်သောကြောင့် ကလေးသူငယ်များ၏ အခွင့်အရေးကို အပြည့်အဝ ကာကွယ်ပေးနိုင်ရန် အပိုဒ် ၂၃ ၏ အဆိုပြုပြဋ္ဌာန်းချက်အစား အမျိုးသားနှင့် အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ်နိုင်သော အသက်သည် ၁၈ နှစ် ပြည့်ပြီးဖြစ်ရမည်ဟု ပြင်ဆင်လိုပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီး ဒေါ်သဇင်လှိုင်က အရွယ် မတိုင်မီ ကိုယ်ဝန်ဆောင်ခြင်းကြောင့် မိခင်နှင့်ကလေး သေဆုံးမှုနှုန်း များပြား လာခြင်း၊ မိခင်ရော ကလေးပါ ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားလာခြင်းနှင့် နိုင်ငံ၏ အနာဂတ်အတွက် ကျန်းမာဖွံ့ဖြိုးသည့် လူငယ်၊ လူရွယ်များ နည်းပါးလာစေခြင်း များဖြစ်ပေါ်စေနိုင်သည့်အတွက်ကြောင့် သော်လည်းကောင်း၊ အရွယ်မတိုင်မီ ကိုယ်ဝန်ဆောင်ခြင်းကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဉာဏ်ရည် ပိုင်းဆိုင်ရာများတွင်ပါ ဖွံ့ဖြိုးမှုနောက်ကျသည့် ကလေးငယ်များကို မွေးဖွားလာ နိုင်သည့်အတွက်ကြောင့် သော်လည်းကောင်း၊ ယခု ဥပဒေကို ရေးဆွဲသည့် အခါတွင် အရွယ်မတိုင်မီ ကိုယ်ဝန်ဆောင်ခြင်းကြောင့် မွေးဖွားလာသည့် ကလေးငယ်များတွင် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကိုလည်း ထည့်သွင်း စဉ်းစားပြီး ရေးဆွဲစေလိုသည့်အတွက်ကြောင့် သော်လည်းကောင်း၊ ထို့ပြင် ယခုပြဋ္ဌာန်းမည့် ဥပဒေသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ ဖြစ်သည့် အားလျော်စွာ ကလေးသူငယ်များ၏ အခွင့်အရေးကို ထိထိ ရောက်ရောက် ဆောင်ရွက်စေလိုသည့်အတွက်ကြောင့် သော်လည်းကောင်း၊ ဥပဒေကြမ်းမှ ထိမ်းမြားလက်ထပ်ခြင်းနှင့် သက်ဆိုင်သည့် အခန်း ၇၊ အပိုဒ် ၂၃ ပါ အဆိုပြုပြဋ္ဌာန်းချက်အစား အမျိုးသားနှင့် အမျိုးသမီးတို့၏ ထိမ်းမြား လက်ထပ်နိုင်သည့် အသက်သည် ၁၈နှစ်ပြည့်ပြီးဖြစ်ရမည်ဟူသော စကားရပ် ဖြင့် ပြင်ဆင်လိုပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီး ဒေါ်ဝင်းသီရိဆွေ၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး ဇာနည်ထက်အောင် နှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး နိုင်ဦးတို့က ဆက်လက်ဆွေးနွေး ကြသည်။

ယင်းနောက် **မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းက ဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်း အဝေး နဝမနေ့ကို ဖေဖော်ဝါရီ ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

❒ စာမျက်နှာ ၃ မှ

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူရှိသောကြောင့် စက်ခလုတ်နှိပ်၍ မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၅၀၊ ကန့်ကွက်မဲ ၂၆၅ မဲနှင့် ကြားနေမဲ သုံးမဲဖြင့် ကန့်ကွက်မဲများသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် မရှိကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းဝင်းနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇင်လင်းတို့က ဆွေးနွေးကြသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စိစစ်ရေး ကော်မတီအဖွဲ့ဝင် ဦးခင်မောင်ဦးက ပြန်လည်ရှင်းလင်းသည်။

ယင်းနောက် အစီရင်ခံစာကို သဘောတူလက်ခံရန် စိစစ်ရေးကော်မတီ အဖွဲ့ဝင် ဦးခင်မောင်ဦးက အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က တင်သွင်းသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်များကို ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအေးက ရှင်းလင်းတင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းတစ်ရပ်လုံးနှင့် ပြင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ဖေဖော်ဝါရီ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲ ရွှင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



**နေပြည်တော် ဖေဖော်ဝါရီ ၄**

ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် (၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်နေ့)တွင် နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

### ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိ

ထိုကဲ့သို့ ဝန်ကြီးဌာနများ စုပေါင်းပြီး မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က "မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနဲ့ ပျော်ပွဲရွှင်ပွဲကို ဝန်ကြီးဌာနအချင်းချင်း အကြား အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု ဖြစ်ထွန်းဖို့နဲ့ ပျော်ရွှင်စေဖို့ နေပြည်တော်မှာ ကျင်းပခြင်းဖြစ်ပါတယ်။ ထမနဲထိုးတယ်ဆိုတာ မြန်မာ့ရိုးရာ ဓလေ့တစ်ခုဖြစ်ပါတယ်။ ဒီလိုထမနဲထိုးရာမှာလည်း စုပေါင်းလုပ်ဆောင်ရတဲ့အတွက် ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေပါတယ်။ ဒါကြောင့် ဝန်ကြီးဌာန အချင်းချင်းအကြားမှာလည်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေမှာ ဖြစ်ပါတယ်။ ပြီးတော့ အများပြည်သူကြားမှာ ပိုမိုပြန့်ပွားအောင်နဲ့ တခြားနိုင်ငံတွေက မြန်မာနိုင်ငံရဲ့ ရိုးရာဓလေ့တစ်ခုအဖြစ် သိမြင်အောင် ရည်ရွယ်ကျင်းပတာ ဖြစ်ပါတယ်"ဟု ပြောသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်ကိစ္စများကို အကြံပြုဆွေးနွေးပြီး အစည်းအဝေး တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆက်လက်တင်ပြဆွေးနွေးကြသည်။

### သွားရောက်ကြည့်ရှု

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အစည်းအဝေး တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများသည် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ တာဝေးစက်ဘီးအားကစားကွင်းသို့ သွားရောက်ကြည့်ရှုကြသည်။

ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်(၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်နေ့) ညနေပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ တာဝေးစက်ဘီးအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ဝန်ကြီးဌာနကိုယ်စားပြုအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဝန်းရံအားပေးသည့် ဖျော်ဖြေမှုများအပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှလည်း ဖျော်ဖြေမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု ၁၂ လရာသီပွဲတော်တွင် ပါဝင်သည့် တပို့တွဲလ ထမနဲပွဲကို ဝန်ကြီးဌာနများစုပေါင်း၍ ပထမဆုံးအကြိမ်အဖြစ် နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိရာ ပွဲတော်သို့ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်း ဖိတ်ကြားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း လိုင်ဟာမြှားအမှတ်(၅) သတ္တုလုပ်ကွက် စစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဖေဖော်ဝါရီ ၂ ရက်က ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ဟိုပုံးမြို့နယ် လိုင်ဟာမြှားဒေသရှိ ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီ၏ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် အကျိုးတူပူးပေါင်း၍ ခနောက်စိမ်း တူးဖော်ထုတ်လုပ်လျက်ရှိသည့် လိုင်ဟာမြှားအမှတ်(၅) သတ္တုလုပ်ကွက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီမှ တာဝန်ရှိသူများက သတ္တုလုပ်ကွက်ဆိုင်ရာအချက်အလက်များ၊ မြေအောက်မိုင်းအတွင်း တူးဖော်ထုတ်လုပ်နေသည့် အခြေအနေများ၊ သတ္တုရိုင်းအား ဆင့်တက်ပြုပြင်ဆောင်ရွက်ခြင်းတို့ကို ရှင်းလင်းတင်ပြသည်။

### ဆန်းစစ်လေ့လာ

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းစဉ်မှ သတ္တုသားပြန်ရနှုန်းအနည်း၊ အများ ပြောင်းလဲမှုများနှင့်စပ်လျဉ်း၍ အားသာချက်၊ အားနည်းချက်များကို စနစ်တကျလေ့လာခြင်း၊ ဈေးကွက်တွင် ဖြစ်ပေါ်နေသည့် ဝယ်လိုအားကို ဆန်းစစ်လေ့လာခြင်းများ ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်း မြန်မာ့သစ်လုပ်ငန်း ပြည်နယ်အထွေထွေမန်နေဂျာရုံးသို့ သွားရောက်ကာ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၃ ရက်တွင် မြေနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီနှင့် မလိခရတနာသတ္တုတူးဖော်ရေးကုမ္ပဏီတို့၏ ခဲသတ္တုဆေးကြောသန့်စင်သည့် စက်ရုံများကို ကြည့်ရှုစစ်ဆေးကာ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

### လေလံတင်ရောင်းချရေး စီစဉ်

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာစည်မြို့နယ် မိတ္ထီလာ-တောင်ကြီးကားလမ်း မိုင်တိုင်အမှတ် ၄၀/၀ အနီး ယင်းမာပင်သစ်တောစခန်းအတွင်း လေလံတင်ရောင်းချမည့် သိမ်းဆည်းရမိထားသော တရားမဝင်သစ်များကိုလည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်း၊ လှိုင်းတက် သစ်ဆိပ်တွင် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်းမှသစ်များ သယ်ယူသိုလှောင်ထားရှိမှုနှင့် လေလံတင်ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သာစည်မြို့နယ် ကျောက်အိုးကြီးရွာအနီး ရူပါတောင်ကြိုးဝိုင်း၊ အကွက်အမှတ် (၁၃)နှင့် (၂၀)အတွင်း စိုက်ပျိုးတည်ထောင်ထားသော (၁/၂၀၁၈) ကျေးရွာသုံးထင်းစိုက်ခင်း ဧက ၁၀၀ စိုက်ပျိုးတည်ထောင်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အကြို လှုပ်ရှားမှုများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံကလေးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရင်သွေးရတနာမူလတန်းကြိုကျောင်း၊ တော်ဝင်ရတနာမူလတန်းကြိုကျောင်း၊ နန်းထိုက်ရတနာမူလတန်းကြိုကျောင်းနှင့် သီရိရတနာမူလတန်းကြိုကျောင်းတို့မှ ရင်သွေးငယ်လေးများ စုပေါင်း၍ ယနေ့တွင် အမှိုက်ကောက်ခြင်းနှင့် အမှိုက်ကို စနစ်တကျ စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။

### ရည်ရွယ်ဆောင်ရွက်

ထိုကဲ့သို့ ရင်သွေးငယ်လေးများ စုပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ကလေးငယ်များအနေဖြင့် ငယ်စဉ်ကတည်းက စတင်၍ အမှိုက်ကို စနစ်တကျ စွန့်ပစ်တတ်သည့် အလေ့အကျင့်များ ဖြစ်ပေါ်လာစေရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်မြတ်နိုးတတ်သည့် စိတ်ဓာတ်ကောင်းများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **သတင်းစဉ်**

# အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၅၇၀၀ ကျော် ဖန်တီးပေးနိုင်မည့် လုပ်ငန်းကိုးခုအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြု

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါလုပ်ငန်းများတွင် စက္ကူပျော့ဖတ်အမျိုးမျိုး ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ Photosensitive Powder ထုတ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အိတ်နှင့် ခါးပတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ ငါးမွေးမြူ အေးခဲပြုပြင်ထုတ်လုပ်နှင့် ဆက်စပ်လုပ်ငန်း၊ ရေသတ္တဝါအစားအစာ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ E-Payment ကတ်စနစ်ဖြင့် ပေးချေခြင်းဝန်ဆောင်မှုလုပ်ငန်း၊ ဆိပ်ကမ်းတည်ဆောက်၍ ဓာတ်ဆီ၊ ဒီဇယ်နှင့် LPG တင်သွင်း သိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းနှင့် ရုပ်ရှင်ပြသခြင်းတို့ ပါဝင်သည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၅၇၅၃ ဦး ဖန်တီးပေးနိုင်မည့် လုပ်ငန်းကိုးခုအား ခွင့်ပြုခဲ့သည်။

အစည်းအဝေးသို့မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင် ၁၀ ဦးတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဂျော်ဘာကို ဒေသတစ်ခုလုံးပါဝင်သည့် အဆင့်မြင့်ထုတ်ကုန်တစ်ခုအဖြစ် ပြည်ပဈေးကွက်တွင် နေရာတစ်ခုရရှိရေးကြိုးပမ်းလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ရင်းနှီးမြှုပ်နှံမှုနှင့် အဆင့်မြင့်ကုန်ထုတ်လုပ်မှုနည်းပညာ အသုံးပြုနိုင်ကြသည့်ဂျော်ဘာလုပ်ငန်းရှင်ကြီးများအနေဖြင့် အသေးစားထုတ်လုပ်သူများကို စုစည်းပေါင်းစပ်ပြီး နည်းပညာမျှဝေပေးခြင်း၊ ဈေးကွက်သို့ စုပေါင်းရောင်းချနိုင်ရေးဖော်ဆောင်ပေးပြီး ဒေသတစ်ခုလုံးပါဝင်သည့် အဆင့်မြင့်ထုတ်ကုန်တစ်ခုအဖြစ် ပြည်ပဈေးကွက်တွင် နေရာတစ်ခုရရှိရေးကြိုးပမ်းကြစေလိုကြောင်း၊ ကုန်ကြမ်းထုတ်လုပ်တင်ပို့မှုမှ စက်မှုကုန်ချောထုတ်လုပ်နိုင်ရေး၊ သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်သူအားလုံးတို့က တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းတွင် မြိတ်ဒေသအတွင်းရှိ ဂျော်ဘာလုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။



### ကြည့်ရှုအားပေး

မြိတ်မြို့နယ် ငါးအင်းကျေးရွာအနီးရှိ ဖိုးလမင်းဂျော်ဘာစက်မှုလုပ်ငန်း ခရမ့်ဂျော်ဘာစက်ရုံမှ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချရန် ခရမ့်ဂျော်ဘာထုတ်လုပ်မှုအဆင့်ဆင့်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့်အဖွဲ့က လှည့်လည်ကြည့်ရှုအားပေးရာ စက်ရုံတာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဒေသနေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ပေးရေး၊ လုပ်ကွက်ငယ်တောင်သူများအား စုပေါင်းဆောင်ရွက်ရေး စည်းရုံးနိုင်ခြင်းဖြင့် နည်းပညာတူညီစွာအသုံးချနိုင်သဖြင့် အရည်အသွေးတူ ထုတ်ကုန်များ ထုတ်လုပ်နိုင်မှုကိုလည်းကောင်း၊ စုပေါင်းရောင်းချခြင်းဖြင့် ဈေးကွက်ဝေစုအကျိုးအမြတ်ပိုမိုရရှိနိုင်မှုကိုလည်းကောင်း ဆွေးနွေးပြောကြားပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသော ထုတ်လုပ်မှုဖြစ်စေရေး ဆွေးနွေးမှာကြားသည်။

### ထုတ်လုပ်နိုင်

တနင်္သာရီတိုင်းဒေသကြီးတွင် ဂျော်ဘာစိုက်ဧရိယာ ၃၄၈၃၃၄ ဧကရှိပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်အထိ ၁၅၆၂၂၆ ဧက အစေးလှီးနိုင်ခဲ့ပြီး အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ဂျော်ဘာထုတ်လုပ်မှုမှာ ၅၂၅၆၉၀၉၆ ပေါင် ထုတ်လုပ်နိုင်ခဲ့သည်။ မြိတ်ခရိုင်အနေဖြင့် ဂျော်ဘာ ၁၄၇၄၈၁ ဧက စိုက်ပျိုးထားရှိပြီး ဒီဇင်ဘာလကုန်အထိ ဂျော်ဘာထွက်ရှိမှုမှာ ၂၉၆၈၉၉၇၄ ပေါင် ထုတ်လုပ်နိုင်ခဲ့သည်။

### လိုအပ်ချက်များ ဆွေးနွေးမှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငါးအင်းကျေးရွာတွင် ဆောင်ရွက်ထားရှိသော ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တစ်အိမ်သုံးဆိုလာစနစ် မီးလင်းရေးနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ထားရှိပြီးသော စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းအသုံးပြုနိုင်ကြပါက ဒေသဖွံ့ဖြိုးရေးနှင့် အခြားလိုအပ်ချက်များကို ဆက်လက်အကောင်အထည်ဖော်ပေးနိုင်မည်ဖြစ်ရာ ကျေးရွာပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့် UNDP ရုံးချုပ်မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကြီးတန်းအကြံပေးအရာရှိ Mr. EuyWhan Kim နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်သည် UNDP ရုံးချုပ်မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကြီးတန်းအကြံပေးအရာရှိ Mr. EuyWhan Kim နှင့်အဖွဲ့ကို ယနေ့မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် များစွာဆက်စပ်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် မူဝါဒ၊ နည်းစနစ်အပါအဝင် ရုပ်ပိုင်းဆိုင်ရာအခြေခံပံ့ပိုးနိုင်မှု၊ စိတ်ပိုင်းဆိုင်ရာခံယူချက် ပြုပြင်နိုင်မှုတို့သည် အရေးကြီးပါကြောင်း၊ ကြိုတင်ကာကွယ်တားဆီးသည့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ UNDP က ကြီးမှူးကျင်းပသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံတွင် ကောင်းမွန်သည့် မူဝါဒများ၊ လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးအတွက် အထောက်အကူဖြစ်စေပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဖြင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**သတင်းစဉ်**

### ကမ္ဘာလှည့်မှ

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ လုံခြုံစိတ်ချစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားရောက်လည်ပတ်နိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိရာ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝအလှအပများ၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ကြည့်ရှုလေ့လာခံစားနိုင်ရန် လေကြောင်း၊ ရေကြောင်းများဖြင့် သာမက နယ်စပ် ဝင်/ထွက်ပေါက်များမှ ကိုယ်ပိုင်မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ ပြည်တွင်းအပျော်စီးသင်္ဘောများဖြင့်လည်းကောင်း၊ ကမ္ဘာလှည့် အပျော်စီးသင်္ဘောကြီးများဖြင့်လည်းကောင်း လာရောက်လည်ပတ်လျက်ရှိသည်။

**ကြေးမုံ**

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

### နောက်(၂)ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနေမည်။ **မိုး/ဇလ**

**၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ**

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ '(၂၁) ရာစုပင်လုံ' မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး 'စည်းလုံးညီညွတ်စွာ'ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။




# ပြန်လည်ဆုံစည်းကြပါစို့ ကျေးဇူးကမ္ဘာ

ကျော်စွာငယ်



**မရှယ်ဆိုင်း**

ငါတို့တစ်တွေ ပြည်ထောင်စုပွဲမှာ ဆုံတွေ့ခဲ့ကြတာ နှစ်ပေါင်း ၃၀ ကျော်ကြာခဲ့ပေမယ့် ယနေ့ထက်တိုင် မမေ့နိုင်သေးတာကိုသိစေချင်လို့ ရေးသားလိုက်ရခြင်း ဖြစ်ပါတယ်။ လူငယ်လူရွယ်ဘဝက တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေကို ကြိုဆိုညှော့ခံကျွေးမွေးခဲ့ကြတာတွေဟာ ယနေ့အထိ မမေ့နိုင်စရာအဖြစ်တွေပါ။

ညပိုင်း ပြည်ထောင်စုထမင်းစားပွဲအပြီးတိုင်းမှာ

"ဂဂျာငိုင် အီး"

"ဂ ဂျာ၊ ဂ ဂျာ"

"ကျေးဇူးကမ္ဘာနော"

"ကျေးဇူးကမ္ဘာ" လို့

တိုင်းရင်းသားစကားသံဝဲဝဲလေးနဲ့ ပြောပြောပြီး ပြန်သွားလေ့ရှိတဲ့ မင်းတို့တစ်တွေကို သတိရမိတာ အမှန်ပါ။ နှစ်တိုင်း နှစ်တိုင်း ဒီလိုအချိန်အခါ ကာလတွေကိုရောက်တိုင်း သတိရနေမိတာကို သိစေချင်လို့ပါ။

ဒီနှစ်မှာ အရင်နှစ်တွေနဲ့မတူဘဲ ပိုပြီးတော့ သတိရမိတဲ့အကြောင်းကတော့ မင်းတို့၊ ငါတို့တွေ အတူဆုံတွေ့ခဲ့ကြတဲ့ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းကြီးထဲမှာ ဒီကနေ့တိုင်းရင်းသားတွေ တစုတဝေးတည်း၊ လက်ရည်တစ်ပြင်တည်း ဆုံတွေ့ကြတဲ့မြင်ကွင်းတွေကို မြင်လိုက်ရတော့ အတိတ်က ဒို့တစ်တွေ ဆုံစည်းခဲ့ကြတာတွေကို ပြန်ပြောင်းအောက်မေ့ သတိရမိပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းက ကျိုက္ကဆံအားကစားကွင်းထဲမှာ ကျင်းပခဲ့တဲ့ သွေးချင်းတို့ရဲ့ပွဲတော်ဆီသို့ မရောက်ရောက်အောင်သွားခဲ့တာကို အမှန်အတိုင်းပြောရရင် မတွေ့နိုင်တော့မှန်းသိရဲ့သားနဲ့ မင်းတို့တစ်တွေကို သတိရလွန်းလို့ သွားခဲ့တာပါ။ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ ကျော်က ဒီအချိန်၊ ဒီနေရာမှာ မင်းတို့၊ ငါတို့တစ်တွေ နေ့စဉ်နေ့တိုင်း ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနဲ့ ဆုံတွေ့ခဲ့ရတဲ့အဖြစ်တွေဟာ ငါတို့ရဲ့နှလုံးသားထဲမှာ သံမှိုစွဲသလို ခိုင်မြဲသွားတယ်ဆိုတာ မင်းတို့လည်းအသိ၊ ငါတို့လည်းအသိဖြစ်နေမယ်ဆိုတာ သေချာမှာပါ။

ငါတို့တစ်တွေ ဆုံခဲ့တုန်းက မင်းက ကချင်၊ ငါက ရခိုင်၊ မင်းက ရှမ်း၊ ငါက ဗမာဆိုတဲ့စိတ်တွေ ကွယ်ပျောက်ပြီးတော့ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင်နေခဲ့ကြတာတွေဟာ ပြည်ထောင်စုစိတ်ဓာတ်လို့ ဆိုရမှာပါ။ မြန်မာပြည်အောက်ပိုင်းက ရန်ကုန်မြို့ ကျိုက္ကဆံကွင်းကြီးဆီကို ဟိုးအဝေး တောင်တန်းကြီးတွေဆီက လာလည်ကြတဲ့ မင်းတို့တစ်တွေကို ကြိုဆိုခဲ့ကြ၊ ညှော့ခံခဲ့ကြတာဟာ အိမ်ရှင်က ညှော့သည်အပေါ် ကျေပွန်ရမယ့် ဝတ္တရားလို့ နည်းနည်းလေးမှ မထင်မိခဲ့တာအမှန်ပါ။

စိတ်ထဲမှာ တကယ်ခံစားဖြစ်ခဲ့တာက ကွဲကွာနေတဲ့ သွေးရင်းသားရင်း၊ ညီအစ်ကိုမောင်နှမအရင်း ငါတို့တစ်တွေ ပြန်လည်ဆုံတွေ့ကြတာလို့ ထင်မိပါတယ်ဗျာ။

အဲဒီတုန်းက ညှော့ခံဖျော်ဖြေကြ၊ ညှော့ခံကျွေးမွေးကြနဲ့ အပြန်ပြန်အလှန်လှန် တစည်းတလုံးတည်း မိသားစုတွေ ဝိုင်းဖွဲ့လို့ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနဲ့ လက်ရည်တစ်ပြင်တည်းဖြစ်ခဲ့ကြတဲ့ ပြည်ထောင်စုအိမ်ဂေဟာတစ်ခုထဲကို ရောက်နေသလို ခံစားရတယ်လို့ဆိုရမှာပါ။

မင်းတို့က ငါတို့တစ်တွေကို ညှော့ခံဖျော်ဖြေကြလို့ ငါတို့တစ်တွေမှာ ပျော်လို့မဆုံး၊ မော်လို့မဆုံး။ ငါတို့က ညှော့ခံကျွေးမွေးကြလို့ မင်းတို့ကအပြုံးတွေ ဝေဆာ ကျေးဇူးကမ္ဘာလို့ ဆိုလိုက်ကြ။ အဲဒီအပြုံးအပျော်တွေဟာ ငါတို့နှလုံးသားထဲမှာ ကြည်နူးမဆုံးဖြစ်ခဲ့တာအမှန်ပါ။ ငါတို့တစ်တွေ ပြည်ထောင်စုနေ့ပွဲတော်ကြီးပြီးလို့ နှုတ်ဆက်ခွဲခွာကြတော့ . . .

"ငါတို့ တောင်ပေါ်ကိုလည်း လာခဲ့ဦးနော်"

"ကျေးဇူးကမ္ဘာ၊ ကျေးဇူးကမ္ဘာ" ဆိုတဲ့ မင်းတို့ရဲ့ နှုတ်ဆက်စကားဟာ ငါ့တို့နှလုံးသားထဲမှာ သံမှိုစွဲသလို စွဲကျန်ခဲ့တာပါ။ နှုတ်မဆက်ဘဲ၊ မခွဲခွာချင်ဘဲ "မင်းတို့နဲ့ အတူရှိနေတယ်" ဆိုတဲ့ ငါတို့နှလုံးသားထဲက စကားသံတွေကို မင်းတို့ကတော့ မကြားနိုင်ပါ။ ရိုးသားဖြူစင်ပြီး နှစ်လိုဖွယ်ကောင်းတဲ့ မင်းတို့လိုတိုင်းရင်းသားတွေနဲ့ ပြန်လည်ဆုံတွေ့ချင်တာ အမှန်ပါ။

ဒီနေ့ထက်တိုင် ငါတို့တစ်တွေ မင်းတို့ကိုသတိရမိနေတယ်ဆိုတာကို သိစေချင်မိပါတယ်။ မင်းတို့ကသာ ငါတို့တွေဆီလာခဲ့ပေမယ့် မင်းတို့တောင်တန်းကြီးတွေဆီကို ငါတို့မရောက်ခဲ့တာကို ခွင့်လွှတ်နားလည်ပေးပါ။

မင်းတို့တောင်ပေါ်ဒေသတွေကို ငါတို့အလည်အပတ်လေးတောင် မရောက်ဖြစ်ခဲ့ပေမယ့် ငါတို့ရဲ့မိခင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ရောက်ခဲ့တာ၊ နိုင်ငံ့ခေါင်းဆောင်တွေ၊ အခြားငါတို့မိသားစုဝင်တွေ လာရောက်ကြတာကို မင်းတို့ ကျေနပ်ကြမှာပါ။

မင်းတို့နဲ့ ငါတို့ဟာ ရေမြေခြားပြီး အဝေးတစ်နေရာက လူမျိုးမတူသူတွေဆိုပေမယ့်လည်း ငါတို့ရဲ့နှလုံးသားတွေထဲမှာတော့ တစ်မိဝမ်းတွင်းက မွေးဖွားခဲ့ပြီး ကွဲကွာနေတဲ့ မိသားစုတွေ ပြန်လည်ဆုံတွေ့ရသလို လှိုက်လှိုက်လှဲလှဲ ခံစားမိခဲ့တယ်ဆိုတာကို သိစေချင်ပါတယ်။ ငါတို့တွေ အဲဒီတုန်းက ဆုံတွေ့နိုင်အောင် အစိုးရက စီစဉ်ပေးတယ်လို့တောင် မထင်မိကြပါဘူး။ ငါတို့စိတ်နဲ့ ငါတို့ကိုယ်ကိုယ့်မိသားစုအချင်းချင်း လွတ်လွတ်လပ်လပ် ဆုံကြတယ်လို့ ထင်မိခဲ့ပါတယ်။

အခုငါတို့ဆုံခဲ့ကြတဲ့ ကျိုက္ကဆံကွင်းနေရာမှာ ငါတို့လို တိုင်းရင်းသားတွေ ငါတို့ဆုံတုန်း၊ ကြုံတုန်းကလို ပြန်လည် ဆုံတွေ့နေတာကို မြင်တွေ့ရတော့ ဟိုးလွန်ခဲ့တဲ့ အနှစ် ၃၀ ကျော်က မင်းတို့၊ ငါတို့ဆုံခဲ့ကြတဲ့ မမေ့နိုင်စရာ ဒို့တိုင်းရင်းသားတွေရဲ့ပုံရိပ်တွေဟာ မဟောင်းနွမ်းသေးဘဲ ယနေ့ထက်တိုင် မညှိုးနွမ်းဘဲ လန်းဆန်းနေတယ်ဆိုတာကို မင်းသိစေချင်ပါတယ်။

တကယ်တော့ ဒို့တစ်တွေဟာ ညီရင်းအစ်ကိုမောင်ရင်းနှမတွေဖြစ်ခဲ့တာကြောင့် အနေဝေးပေမယ့်လည်း တစ်သွေးတည်း၊ တစ်သားတည်းပါပဲ။ အနေဝေးပေမယ့်လည်း လှိုက်လှိုက်လှဲလှဲ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ရှိနေဆဲပါပဲ။ ကချင်ပြည်နယ်ကို ငါတို့ခေါင်းဆောင်တွေ ရောက်တဲ့အခါ၊ ကချင်မနောပွဲမှာ တိုင်းရင်းသားတွေ စုဝေးရောက်ရှိတဲ့အခါ၊ ကချင်ပြည်နယ်ထဲက တိုက်ပွဲရှောင် မိသားစုတွေကိုမြင်ရတဲ့အခါ မင်းတို့ကော ပါလေမလားလို့ တစ်ခါတစ်ခါ ထင်မိပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ ကျော်က မင်းတို့နဲ့အမှတ်တရ ရိုက်ခဲ့တဲ့ဓာတ်ပုံလေးဟာ အခုအခါမှာ မပီဝိုးတဝါး မှေးမှိန်ဖျော့တော့နေပေမယ့် ဒို့တစ်တွေရဲ့ စိတ်နှလုံးသားကတော့ လန်းဆန်းသစ်လွင်နေဆဲပါ။ ငယ်ရွယ်နုပျိုစဉ်က မင်းတို့၊ ငါတို့ တိုင်းရင်းသားတွေ ဆုံတွေ့နိုင်ခဲ့ကြတာဟာ ကံကောင်းခြင်းဖြစ်လို့ ကျေးဇူးကမ္ဘာပါ။ ပြန်လည်ဆုံတွေ့နိုင်ဖို့ ငါတို့တိုင်းရင်းသားတွေ ငြိမ်းငြိမ်းချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်နေထိုင်နိုင်ဖို့ ငါတို့ နေ့စဉ်ဆုတောင်းနေတာ။ ကျေးဇူးကမ္ဘာပါ။ ။

**ကျိုက္ကဆံကွင်းနေရာမှာ ငါတို့လို တိုင်းရင်းသားတွေ ငါတို့ဆုံတုန်း၊ ကြုံတုန်းကလို ပြန်လည်ဆုံတွေ့နေတာကို မြင်တွေ့ရတော့ ဟိုးလွန်ခဲ့တဲ့ အနှစ် ၃၀ ကျော်က မင်းတို့၊ ငါတို့ဆုံခဲ့ကြတဲ့ မမေ့နိုင်စရာ ဒို့တိုင်းရင်းသားတွေရဲ့ပုံရိပ်တွေဟာ မဟောင်းနွမ်းသေးဘဲ ယနေ့ထက်တိုင် မညှိုးနွမ်းဘဲ လန်းဆန်းနေတယ်ဆိုတာကို မင်းသိစေချင်ပါတယ်။**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိုးကောင်းတပ်နယ်နှင့် မိုးညှင်းတပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မိုးကောင်းတပ်နယ်နှင့် မိုးညှင်းတပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား သီးခြားစီတွေ့ဆုံအမှာစကားပြောကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိုးကောင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**ချီးမြှင့်ငွေများပေးအပ်**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်မိခင်နှင့်ကလေး အသင်းအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများက သုတ၊ ရသ၊ စာအုပ်စာစောင်များ၊ အားကစားပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

**ကူညီဆောင်ရွက်ပေးလျက်ရှိ**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မိုးကောင်းမြို့နယ်နှင့် မိုးညှင်းခရိုင်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံပြီး ရရှိသည့် လျှပ်စစ်ဓာတ်အားဖြင့် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် အဆင့်မြင့်ဒေသထွက်ကုန်ချောများ ထုတ်လုပ်ပြီး ဝင်ငွေရရှိအောင် ဆောင်ရွက်ရန် လိုအပ်မှု၊ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်စေရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများကဦးဆောင်ပြီး ဆောင်ရွက်ရန်လိုအပ်မှု၊ အုပ်ချုပ်မှုဆိုင်ရာများအား မျှမျှတတဖြင့် ဆောင်ရွက်ရန်လိုအပ်မှုနှင့် ဒေသခံပြည်သူများ၏ ပညာရည်မြင့်မားရေးကိုလည်း ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်မှု၊ မူးယစ်ဆေးဝါး သုံးစွဲမှုများကို တတ်နိုင်သမျှ တားဆီးဆောင်ရွက်ရန် လိုအပ်မှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တပ်မတော်အနေဖြင့် ပါဝင်ကူညီဆောင်ရွက်ပေးလျက် ရှိမှုတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

**ရောက်ရှိ**

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကချင်ပြည်နယ် မိုးညှင်းခရိုင်ရှိ အင်းတော်ကြီးသို့ ရောက်ရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးရာ ရှေးဦးစွာ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ပြည်သူ့စစ်ဌာနေ ခေါင်းဆောင်တို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုကဲ့သို့ တိုင်းရင်းသားများနှင့် တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း။

**ဝိုင်းဝန်းထိန်းသိမ်း**

အင်းတော်ကြီးဒေသသည် စိုက်ပျိုးမြေ၊ ရေနှင့် စားနပ်ရိက္ခာပေါများသည့်ဒေသတစ်ခုဖြစ်ကြောင်း၊ ရရှိသည့် လျှပ်စစ်ဓာတ်အားကို အသုံးပြုပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ကုန်ချောထုတ်လုပ်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးအတွက် အာဟာရပြည့်ဝသော ဟင်းသီးဟင်းရွက်၊ အသား၊ ငါး၊ ကြက်ဥများကို စားသုံးရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံတိုင်းရင်းသား ပညာတတ်များမွေးထုတ်ရန် လိုအပ်ကြောင်း၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် တပ်မတော်အနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုများ မရှိစေရေး အားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန် လိုကြောင်း။

**လမ်းဖွင့်ပေးထား**

တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရန်အတွက် မိမိတို့အနေဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်တွင် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ကြေညာခဲ့ပြီး တစ်လတာကာလကျော်လွန်ချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်တချို့က ကတိကဝတ်များ ချိုးဖောက်သည်ကို တွေ့ရှိရကြောင်း၊ ငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း တွေ့ဆုံဆွေးနွေးညှိနှိုင်းကြရန် လမ်းဖွင့်ပေးထားကြောင်း၊ တိုင်းပြည်ငြိမ်းချမ်းမှသာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ပြည်သူများက ရွေးချယ်သည့် ဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေချိန်၌ စည်းကမ်းရှိသည့် ဒီမိုကရေစီဖြစ်စေရန်အတွက် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးရရှိရန် အရေးကြီးကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)တို့က ဒေသခံတိုင်းရင်းသားများနှင့် ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အင်းတော်ကြီးအတွင်းရှိ ရွှေမဥ္ဇူဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘုရားကြီးဘက်စုံ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်ပြီး ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ ရွှေမိုးတောင်ပေါ်ရှိ ရဟန္တာတစ်ထောင် ရှင်ပင်မြတ်စွာ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ရွှေမိုးတောင်ဓမ္မာရုံ၌ ပြည်နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကန်တော့ကာ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ဖူးမြော်ကြည်ညို**

ထို့နောက် ရွှေမိုးတောင်စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး စေတီတော်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော် ကြည်ညိုခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မြန်မာ့တပ်မတော်အနေဖြင့် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်တို့ ပူးပေါင်းဆောင်ရွက်ဖွင့်လှစ်သော ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာသင်တန်း (UN Peacekeeping Operation Course) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Saurabh Kumar နှင့် စစ်သံမှူး Col. Naveen Mahajan၊ အိန္ဒိယတပ်မတော် Centre for United Nations Peacekeeping (CUNPK) မှ နည်းပြအရာရှိများ၊ မြန်မာ့တပ်မတော်မှ သင်တန်းသားစစ်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Saurabh Kumar တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အိန္ဒိယနိုင်ငံ Centre for United Nations Peacekeeping (CUNPK) မှ နည်းပြအရာရှိတစ်ဦးက အိန္ဒိယနိုင်ငံ၏ UN Peacekeeping Operation တွင် ပါဝင်ဆောင်ရွက်နေမှုကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ၊ CUNPK မှ နည်းပြအရာရှိများ၊ သင်တန်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



အဆိုပါသင်တန်းမှာ ခြောက်ကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အရာရှိ ၉၆ ဦး၊ စစ်သည် ၅၄ ဦး တက်ရောက်ခဲ့ပြီး ယခုသင်တန်း၌ စစ်သည် ၃၀ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရပြီး သင်တန်း၌ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များ စောင့်ထိန်းလိုက်နာရမည့်ကျင့်ဝတ်များ၊ အရပ်သားများအား ကာကွယ်စောင့်ရှောက်မှု၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှု၊ စစ်ဘက်-အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှု၊ ကင်းလှည့်ခြင်း၊ ယာဉ်တန်းလုံခြုံရေး ဆောင်ရွက်ခြင်း၊ တပ်ခွဲအခြေချစခန်းတည်ဆောက်ခြင်း၊ လေ့ကျင့်ခန်း Blue Helmet၊ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းများ၏ သမိုင်းကြောင်းနှင့် ဆောင်ရွက်နေမှုများ စသည့် ဘာသာရပ်များအား စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၅ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဖေဖော်ဝါရီ ၄

| | | | | | |
|---|---|---|---|---|---|
| ဟားခါး | သုည | ဒီဂရီစင်တီဂရိတ် | လွိုင်လင် | ၄ | ဒီဂရီစင်တီဂရိတ် |
| သီပေါ | ၃ | ဒီဂရီစင်တီဂရိတ် | ပင်လောင်း | ၅ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၃ | ဒီဂရီစင်တီဂရိတ် | နောင်ချို | ၆ | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၄ | ဒီဂရီစင်တီဂရိတ် | မိုးကုတ် | ၆ | ဒီဂရီစင်တီဂရိတ် |

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မိုး/ဇလ

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၅/ ၂၀၁၉**
၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂)ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ မန်းကျည်းကုန်းကျေးရွာနေ ဝင်းမြင့်နှင့် သား ဖိုးထက်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၁-၂၀၁၉ ရက်နေ့တွင် ကောလင်းမြို့နယ်၊ ခံသာကျေးရွာနှင့် မန်းကျည်းကုန်းကျေးရွာသွား ကားလမ်းမပေါ်၌ သတင်းအရ စောင့်ဆိုင်းစစ်ဆေးနေစဉ် မန်းကျည်းကုန်းကျေးရွာနေ အာကာစိုး(ခ) ရန်ကင်း(၃၂)နှစ်၊ (ဘ)ဦးထွန်းငြိမ်းနှင့် အောင်းကုန်းကျေးရွာနေ ဇော်လင်းအောင်(ခ) ကုလား (၃၀)နှစ်၊ (ဘ) ဦးဘမော်တို့ စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ အာကာစိုး(ခ)ရန်ကင်းက ပါးစပ်အတွင်းသို့ ဘိန်းဖြူများ ထည့်လိုက်သဖြင့် ဘိန်းဖြူ (အလေးချိန် ချိန်တွယ်စိစစ်မရ)နှင့် အတူ ဖမ်းဆီးရမိပြီး မန်းကျည်းကုန်းကျေးရွာနေ ဝင်းမြင့်(၅၅) နှစ်၊ (ဘ) ဦးအေးမောင်နှင့် သားဖြစ်သူ ထက်လင်းနိုင် (ခ) ဖိုးထက် (၂၃)နှစ်တို့ထံမှ ဝယ်ယူခဲ့သဖြင့် ၎င်းတို့(၄)ဦးအား မမစ (ကောလင်း)မယ(ပ)၁၁/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ဝင်းမြင့်၏ နေအိမ်အား ဆက်လက်ရှာဖွေရာ ၎င်းနှင့် ထက်လင်းနိုင်(ခ) ဖိုးထက်တို့(၂)ဦးထံမှ ဘိန်းဖြူများနှင့်အတူ ထပ်မံဖမ်းဆီးရမိသဖြင့် မမစ(ကောလင်း)မယ (ပ)၁၂/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ ဖြင့်လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ အင်းကုန်းကျေးရွာနေ စိုးထွေး သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၁-၂၀၁၉ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ အင်းကုန်းကျေးရွာ၊ အင်းကုန်းမြောက်လယ်တောနေ စိုးထွေး(၃၈)နှစ်၊ (ဘ) ဦးလှကျော်အား သွားရောက်ရှာဖွေရာ လယ်တောအနီး ဖိုးတကဲချောင်းတွင် ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်) မယ(ပ)၂/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၊ မြကျွန်းသာကျေးရွာအနီးနေ ကျော်ခင်နှင့် ဇနီး မထွေးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၁-၁-၂၀၁၉ ရက်နေ့တွင် ခန္တီးမြို့နယ်၊ မြကျွန်းသာကျေးရွာအနီး တောင်ယာတဲနေ ကျော်ခင်(၅၁)နှစ်၊ (ဘ) ဦးကျော်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ တိမ်းရှောင်နေပြီး ဇနီးဖြစ်သူ မထွေး (ခ) ခင်ခင်ထွေး (၄၅)နှစ်၊ (ဘ)ဦးကျန်နှင့် အလုပ်သမားများဖြစ်သော အင်းတော်မြို့နယ်၊ မဲဇာကျေးရွာနေ စိုးသူ(၃၀)နှစ်၊ (ဘ) ဦးတင်ဖေနှင့် မိုးညှင်းမြို့နယ်၊ နန်မွန်ကျေးရွာနေ မိုးကျော် (၄၀)နှစ်၊ (ဘ)ဦးစံအိမ်တို့ (၃) ဦးအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ တူမီးသေနတ်(၁)လက်၊ အီတလီနိုင်ငံထုတ် ပွိုင့်(၂၂)ပစ္စတိုသေနတ်(၁)လက်၊ ၎င်းကျည်(၄၆)တောင့်၊ ကျည်အိမ်(၁)ခုတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ခန္တီး) မယ(ပ)၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁/ ၂၂(ခ)နှင့် မမစ(ခန္တီး)(ပ)၇/ ၂၀၁၉၊ လက်နက်ဥပဒေပုဒ်မ ၁၉(စ) တို့ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ချောင်းကရုက်ကျေးရွာမှ တောင်လိပ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၁-၂၀၁၉ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ ချောင်းကရုက်ကျေးရွာနေ ဝင်းကို(ခ)တောင်လိပ်(၅၃)နှစ်၊ (ဘ)ဦးနေစိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဘုတ်ပြင်း) မယ(ပ)၃/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ သစ်ချောက်ခင် ကျေးရွာနေ မလှမြင့်ငွေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၁-၂၀၁၉ ရက်နေ့တွင် ဖြူးမြို့နယ်၊ သစ်ချောက်ခင်ကျေးရွာနေ မလှမြင့်ငွေ(၅၀)နှစ်၊ (ဘ)ဦးကျော်မြ၏ နေအိမ်အား ဝင်ရောက် ရှာဖွေရာ ၎င်းအား ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖြူး) မယ(ပ)၁/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ သစ်ချောက်ခင် ကျေးရွာနေ ကိုဖြိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၁-၂၀၁၉ ရက်နေ့တွင် ဖြူးမြို့နယ်၊ သစ်ချောက်ခင် ကျေးရွာနေ ကိုဖြိုး(ခ) ပြည့်ဖြိုးအောင်(၂၇)နှစ်၊ (ဘ) ဦးကျော်လှိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး ဇနီးဖြစ်သူ မခင်မျိုးဦး (၂၈)နှစ်၊ (ဘ) ဦးကျော်သန်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဖြူး) မယ(ပ) ၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၁-၂၀၁၉ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ကျောင်းလမ်းနှင့်(၂)လမ်းထိပ်တွင် စောင့်ကြည့်သတင်း စုံစမ်းနေစဉ် ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၆)ရပ်ကွက်၊ ပန်းဝါလမ်း၊ အမှတ်(၁၀၄၉)နေ မတင်တင်မာအောင် (၃၁) နှစ်၊ (ဘ)ဦးသိန်းဆွေ၊ ဒေါ်လှမြင့်(၄၈)နှစ်၊ (ဘ)ဦးလှရွှေနှင့် မိုးအောင်(ခ)အဘူး(၂၅) နှစ်၊ (ဘ)ဦးတင်ထူးအောင်တို့ (၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒေါပုံ) မယ(ပ)၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဝါးရုံဆိပ်ရပ်ကွက်နေ ကျင်သိန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၁-၁-၂၀၁၉ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ ဝါးရုံဆိပ်ရပ်ကွက်၊ ရန်အောင်ပိုင်လမ်းနေ ကျင်သိန်း(၆၅)နှစ်၊ (ဘ) ဦးသိန်းအောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် တစ်ရပ်ကွက်တည်းနေ ဇင်မင်းအောင်(ခ) ကိုဇင် (၁၈)နှစ်၊ (ဘ) ဦးမောင်မြင့်တို့အား WYစာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂) ဦးအား နမစ(စက်ဆန်း) မယ(ပ)၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ ရပ်ကွက် (၄)၊ အုပ်စု(၁၀)တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများမူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကား ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၃၉)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၃၈)ဦး၊ မ(၄)ဦး၊ ပေါင်း(၄၂)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်း ထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၇-၁-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့ အမှတ်(၇)ရပ်ကွက်၊ ကွတ်ခိုင်-တာမိုးညဲသွား ကားလမ်းမပေါ်၌ စောင့်ကြည့်သတင်းစုံစမ်းနေစဉ် ၎င်းမြို့ အမှတ်(၄)ရပ်ကွက်၊ အုပ်စု (၁၀)နေ ရန်ဆုန့်ချန့်(၄၇)နှစ်၊ (ဘ)ဦးရန်ရှီးချန့်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ (ပ)၁၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ ၂၈-၁-၂၀၁၉ ရက်နေ့တွင် ကွတ်ခိုင်မြို့ အမှတ်(၂)ရပ်ကွက်နေ လဒီး(၆၁) နှစ်၊ (ဘ)ဦးအင်ပေါ့ရှောင်၏နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းနှင့်နမ့်ခုံကျေးရွာနေ အိုက်ညမ်(၃၂)နှစ်၊(ဘ)ဦးအိုက်ယီတို့အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ (ကွတ်ခိုင်)မယ(ပ)၁၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ဘုရားဖြူရပ်ကွက်တွင် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၆)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၁၂)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်း ထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၇-၁-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်၊ နယ်မြေ(၁၀)၊ ဆင်နှစ်ကောင်ရပ်၌ စောင့်ဆိုင်းနေစဉ် စဝ်စံထွန်းရပ်ကွက်၊ နယ်မြေ(၁၆)နေ ဆန်းဝင်းလတ် (၁၈)နှစ်၊(ဘ)ဦးအောင်သူ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရန် ပြုလုပ်စဉ် နောက်ပြန်လှည့် မောင်းနှင်ထွက်ပြေးပြီး နောက်ထိုင်လိုက်ပါလာသူ နယ်မြေ (၁၁)နေ အောင်အောင်ဦး(၁၇)နှစ်၊ (ဘ) ဦးငွေလင်းမှာ ပြုတ်ကျကျန်ခဲ့၍ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တောင်ကြီး) မယ(ပ)၁၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

စာမျက်နှာ ၉ သို့ »»

»»» စာမျက်နှာ ၈ မှ

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၂-၂-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၄၉၁)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၆၄၇)ဦး၊ မ(၁၂၄)ဦး၊ ပေါင်း(၇၇၁) ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၆၈၉.၅၂)ဂရမ်၊ ICE (၆၇.၁၄)ဂရမ်၊ ဘိန်း(၃၈၆၀၆.၄၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၈၇၉၅.၂၈)ဂရမ်၊ ဘိန်းစာရွက်(၇၂၇၃.၉၉)ဂရမ်၊ စိတ်ကြွဆေးပြား(၂၁၂၃၃၉)ပြား၊ ဆေးခြောက်(၄၆၆၈.၂၇)ဂရမ်၊ ဘိန်းရည် (၀.၁)လီတာ၊ ဘိန်းဆီခဲ(၂၇၈.၀၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၃.၄၅)ဂရမ်၊ Ecstasyအကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆) လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများ နှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ ဖမ်းဆီးရမိမှုများမှာ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ဆည်စုကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၅)ပြား၊ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဝေ့ခါကျေးရွာ၌ တရားခံ အမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၀၈၀)ပြား၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ထီးစဲခါးကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၈)ပြား၊ ဆိုင်ကယ်(၁)စီး၊ကရင်ပြည်နယ်၊ မြဝတီမြို့ အမှတ်(၅) ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၇)ပြား၊မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့ ကြာကန်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈)ပြား၊ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ မင်္ဂလာကြီး ချောင်းဝအနီး နှစ်နိုင်ငံနယ်စပ် နတ်မြစ်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် တစ်ဖက်နိုင်ငံသို့ အမျိုးသား(၂)ဦး လှော်ခတ်နေသည့် လက်ခတ်လှေ(၁)စီးအား တွေ့ရှိသဖြင့် သတိပေးအချက်ပြခေါ်ယူသော်လည်း ဦးစောလှ ကျွန်းဘက်သို့ ဆက်လက် လှော်ခတ်၍ ကျွန်းပေါ်သို့ ထွက်ပြေးသွားသဖြင့် ကျန်ရှိသည့် လှေပေါ်မှ စိတ်ကြွဆေးပြား(၃၀၂၂၅၀)ပြား၊ လှေ(၁) စီး၊ ရွာသစ်ကေရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၃၇)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့် (၂၃)ဂရမ်၊ လှဘော်ဇားကျေးရွာအနီး လှဘော်ဇား-ကျွဲတာပြင်သွား ကားလမ်းမပေါ်၌ အမျိုးသား(၁)ဦး မောင်းနှင်လာ သည့် ဆိုင်ကယ်အား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသွားပြီး ပစ်ချခဲ့သည့်အိတ်အတွင်းမှ စိတ်ကြွ ဆေးပြား (၈၀၀၀)ပြား၊ စစ်တွေမြို့နယ်၊ ဘောဒူဖကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅)ပြား၊ မြေပုံမြို့နယ်၊ ပြင်ချောင်းကျေးရွာအနီး ရန်ကုန်-စစ်တွေကားလမ်းမပေါ်၌ သတင်းအရ Wish ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂.၅)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ရှမ်းပြည်နယ်၊ နမ့်စန်မြို့နယ်၊ အမှတ်(၃) ကျေးရွာ၌ သတင်းအရ Nissan (၆)ဘီးယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ လားရှိုးမြို့နယ်၊ ဟိုပိတ်ကျေးရွာအနီး၊ မူဆယ်-လားရှိုး သွားကားလမ်းပေါ်၌ သတင်းအရ မူဆယ်မှ လားရှိုးသို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါ ခရီးသည် တရားခံအမျိုးသား(၃)ဦးထံမှ ဘိန်းစိမ်း(၁၁၄၀၀)ဂရမ်၊ လားရှိုးမြို့နယ်၊ ခါးသျှိအောက်ကျေးရွာအဝင်၊ လားရှိုး-တန့်ယန်းကားလမ်းမပေါ်၌ သတင်းအရ Nissan ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀၀)ပြား၊ မော်တော်ယာဉ် (၁)စီး၊ တန့်ယန်းမြို့ အမှတ်(၂)ရပ်ကွက်၌တရားခံအမျိုးသား(၁) ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၄၀၀)ပြား၊ မူဆယ်မြို့ ပန်လုံဟောင်းရပ်ကွက်၌ တရားခံ အမျိုးသား(၁)ဦး၊ အမျိုးသမီး (၂)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၆၀၀)ပြား၊ ကွင်းဆက်စစ်ဆေးဖော်ထုတ် ချက်အရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၀၄၀၀) ပြား၊ နောင်ချိုမြို့နယ်၊ ရွှေပြည်ညွန့်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၈၇၅)ပြား၊ ဘိန်းဖြူ (၁.၆) ဂရမ်၊ အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့် စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မဘိမ်းမြို့နယ်၊ ရမ်ပူကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၂၀၀၀)ပြား၊ ရမ်းဘိုကျေးရွာအနီး နမ့်ဟန်လေးကျေးရွာသွားလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွ ဆေးပြား(၉၀၀၀)ပြား၊ ဆိုင်ကယ်(၂)စီး၊ ကျိုင်းတုံမြို့နယ်၊ ဝမ်တုံကျေးရွာအနီး ကျိုင်းတုံ-လွယ်မွေသွားကားလမ်းမပေါ်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ သာယာကုန်းကျေးရွာလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွ ဆေးပြား(၉၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ တမူးမြို့ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်အနီး၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀)ပြား၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ ဇေယျာသီရိ(၂)ရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၀၀၀)ပြား၊ ရေဖြူမြို့နယ်၊ ကလိန်အောင်မြို့အနီး ကလိန်အောင်-ကံပေါက်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား (၁၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ကံပေါက်ကျေးရွာ၌ တရားခံအမျိုးသား (၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၁၈၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့ ရေဝေရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၄၉၆)ပြား၊ ICE (၁၂.၉၅)ဂရမ်၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ ပိတောက် လမ်းနှင့် ချယ်ရီလမ်းကြား၊ (၆၂)လမ်းမပေါ်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၀၀)ပြား၊ ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ မြို့သစ်(၃)ရပ်ကွက်ရှိ တရားခံနေအိမ်မှ စိတ်ကြွဆေးပြား (၉၃၀)ပြား၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လားရှိုးမှ မန္တလေးသို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါခရီးသည် တရားခံ အမျိုးသား(၃)ဦး၊ အမျိုးသမီး(၃)ဦး၊ ပေါင်း(၆)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀၀) ပြား၊ ကျောက်ဆည်မြို့ တံတားလည်ရပ်ကွက်၌ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၅၀)ပြား၊ ဆိုင်ကယ် (၁)စီး၊ မိတ္ထီလာမြို့ အောင်ဇေယျရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၀၄)ပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၃/ခ)ရပ်ကွက်အတွင်း ချုံနွယ်များရှင်းလင်းရေး ရပ်ကွက်နေပြည်သူများမှ ပြုလုပ်စဉ် ရေမြောင်းအတွင်း၌ ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့စိတ်ကြွဆေးပြား(၆၉၉၀)ပြား၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့ ဥယျာဉ်မြောက်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၉၀)ပြားအားလည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှု ဖြစ်စဉ်(၂)ခုရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ မြို့မ (၁၂-က)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား အမျိုးသမီး (၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၆၄)ပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၌ တရားခံအမျိုးသား(၂)ဦးထံမှ ပြည်ပတင်ပို့ရန် ရည်ရွယ်ချက်ဖြင့် ထိန်းသိမ်းထားသည့် Ketamine (၁၃၀၅၀၀)ဂရမ်၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ပါဝင်ပတ်သက်သူ တရားခံ မြန်မာနိုင်ငံသားအမျိုးသား(၄) ဦး၊ စုစုပေါင်း(၆)ဦးနှင့် ပြည်ပ ပြန်လည်ထွက်ခွာတိမ်းရှောင်သူ ထိုင်ဝမ်အမျိုးသား(၂)ဦး(ဖမ်းမမိ)တို့အား လည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် (၂)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ ဟိုပုန်းမြို့နယ်၊ ဖွေလုံးကျေးရွာ၌ တရားခံ အမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား (၇၆)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂၀)ဂရမ်၊ ဘိန်းစိမ်း (၁၀၀၀) ဂရမ်၊ တူမီးသေနတ်(၂)လက်၊ ယမ်းမှုန့် (၁၅)ဂရမ်၊ ခဲသီးဖြတ်စ(၇၅)ခု၊ ယမ်းကတ်သီး(၁၅)ခု၊ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပန်းတောင်းကျွန်း အနောက်ဘက်တောင်ပေါ်၌ တရားခံ အမျိုးသား(၅)ဦးထံမှ ဘိန်းစာမှုန့်(၅၁၀)ဂရမ်၊ တူမီးသေနတ်(၁)လက်၊ ယမ်းမှုန့်(၂၄၆)ဂရမ်တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်း အနေဖြင့် ယခုသီတင်းပတ် (၂၇-၁-၂၀၁၉ ရက်နေ့မှ ၂-၂-၂၀၁၉ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း(၂၀၄) မှုတွင် တရားခံကျား(၂၆၉)ဦး၊ မ(၃၃)ဦး၊ ပေါင်း (၃၀၂)ဦးကို ဘိန်းဖြူ(၂၆၀.၄၁၃)ဂရမ်၊ ICE(၄၁.၈၆)ဂရမ်၊ ဘိန်းစိမ်း (၁၂၅၃၆.၈၉)ဂရမ်၊ ဘိန်းစာမှုန့် (၆၉၅)ဂရမ်၊ စိတ်ကြွဆေးပြား(၂၆၄၇၅၁၈.၅)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့် (၄၃.၅)ဂရမ်၊ ဘိန်းဆီခဲ (၁.၅)ဂရမ်၊ Ketamine (၁၃၀၅၀၀)ဂရမ်၊ တူမီးသေနတ်(၃)လက်၊ ယမ်းမှုန့် (၂၆၁) ဂရမ်၊ ခဲသီးဖြတ်စ(၇၅)ခု၊ ယမ်းကတ်သီး(၁၅)ခုတို့ ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံ အသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀

**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃

**အီးမေးလ်လိပ်စာ** - **antinarcotics@presidentoffice.gov.mm**

# သီရိလင်္ကာနိုင်ငံ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

သီရိလင်္ကာနိုင်ငံ၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ WYND-HAM GRAND ဟိုတယ်၌ ယနေ့ ည ၇ နာရီက ကျင်းပသည်။

ရှေးဦးစွာ နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများ ဖွင့်လှစ်၍ အလေးပြုကြသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး Mr. Nandimithra Ekanayake တို့က ဆီမီးထွန်းညှိပေးကြပြီး လွတ်လပ်ရေး နေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး Mr. Nandimithra Ekanayake တို့က နှုတ်ခွန်းဆက်စကားပြောကြားကြ သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ်များသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး **(ယာပုံ)**ဂုဏ်ပြု ညစာကို အတူတကွသုံးဆောင်ကြသည်။ **သတင်းစဉ်**



# မိဘများအားလုံးနဲ့ အုပ်ထိန်းသူအားလုံးကိုကိုယ်စားပြုနေတဲ့ မိဘဆရာအသင်းဟာ ကျောင်းတစ်ကျောင်းအတွက် အဓိကလိုအပ်ချက်အသင်းတစ်ခု ဖြစ်ပါတယ်။

အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဒေါက်တာတင်ညို

## အခြေခံကျောင်းများတွင် မိဘဆရာအသင်းများ ဖွဲ့စည်းဆောင်ရွက်ရေး စကားဝိုင်း

**အခြေခံကျောင်းများတွင် မိဘဆရာအသင်းများ ဖွဲ့စည်းဆောင်ရွက်ရေး စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ စကားဝိုင်းဆွေးနွေးပွဲတွင် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဒေါက်တာတင်ညို၊ ညွှန်ကြားရေးမှူး (ငြိမ်း) ဦးအေးကြိုင်၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီတို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။**

သတင်းအဖွဲ့



**အစီအစဉ်မှူး။** ။ ပထမဆုံးမေးခွန်းအနေနဲ့ အခြေခံပညာကျောင်းတွေမှာ မိဘဆရာအသင်းတွေကို ဘာကြောင့်ဖွဲ့စည်းတည်ထောင်ဖို့ လိုအပ်သလဲဆိုတာ ပြောပြပေးပါ။

**ဒေါက်တာတင်ညို။** ။ မိဘများအားလုံးနဲ့ အုပ်ထိန်းသူအားလုံးကို ကိုယ်စားပြုနေတဲ့ မိဘဆရာအသင်းဟာ ကျောင်းတစ်ကျောင်းအတွက် အဓိကလိုအပ်ချက်အသင်းတစ်ခု ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအသင်းရဲ့ လှုပ်ရှားမှုအရ၊ ဆောင်ရွက်နိုင်မှုအရ၊ ပညာရေးရဲ့တာဝန်ယူဆောင်ရွက်ထားတဲ့ တိုးမြှင့်စီစဉ်တာတွေအားလုံးဟာ အောင်မြင်မှုရလာနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းအလိုက်ဆောင်ရွက်နေကြတဲ့ စီမံဆောင်ရွက်မှုတွေ၊ ပညာရည်တိုးတက်မှုလုပ်ငန်းတွေကို မိဘများကနေတစ်ဆင့်ကျောင်းကို ပါဝင်ပူးပေါင်းနိုင်သလို ကျောင်းကတစ်ဆင့်မိဘများကို အသိပေးခြင်းအားဖြင့် ပူးပေါင်းကူညီနိုင်မှုအခြေအနေအကောင်းဆုံးရနိုင်တဲ့ အစီအစဉ်ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိဘဆရာအသင်းသည် ကျောင်းတစ်ကျောင်းအတွက် အင်မတန်ကို အရေးပါတဲ့အသင်းဖြစ်တယ်လို့ ပြောလိုပါတယ်။

### ပညာရေးသမိုင်း

ဒီလိုအသင်းဖွဲ့စည်းတာကလည်း မြန်မာနိုင်ငံမှာတင်မဟုတ်ပါဘူး။ အခုလေ့လာမှုအရဆိုရင် ကမ္ဘာ့နိုင်ငံအသီးသီးမှာကိုပဲ သူတို့ခေါ်တော့ PTA လို့ခေါ်ပါတယ်။ Parent Teacher Association၊ တချို့နိုင်ငံတွေကျတော့ Parent Teacher Organization လို့ခေါ်ပါတယ်။ အဲဒီတော့ နိုင်ငံတိုင်းမှာလည်း ရှိပါတယ်။ မြန်မာနိုင်ငံမှာရှိလာတဲ့ မိဘဆရာအသင်းရဲ့ဟိုတုန်းက စတင်ဖွဲ့စည်းခဲ့တဲ့ဟာတွေကို ပြန်ပြီးလေ့လာမိသလောက်တော့ ၁၉၅၂ ခုနှစ်မှာ ပြည်တော်သာစီမံကိန်းရဲ့တစ်စိတ်တစ်ဒေသဖြစ်တဲ့ ဘဝသစ်ဖန်တီးမှုပညာရေးစီမံကိန်းဆိုတာရှိပါတယ်။ အဲဒီမှာ မိဘဆရာအသင်းကို စတင်ဖွဲ့စည်းခဲ့တယ်လို့ မှတ်တမ်းများအရ တွေ့ရပါတယ်။ အဲဒီမတိုင်မီမှာလည်း ကျောင်းကော်မတီပေါ့။ School Committee ဆိုပြီးတော့ ဖွဲ့စည်းတဲ့အတွက် အစဉ်အဆက်အားဖြင့် မြန်မာနိုင်ငံရဲ့ ပညာရေးသမိုင်းမှာ ဒီမိဘဆရာအသင်းဟာ အင်မတန်အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်ခဲ့တယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်။

**အစီအစဉ်မှူး။** ။အခုဆက်လက်ပြီးတော့ ဆရာမကြီးကို မေးချင်ပါတယ်။ အခြေခံပညာကျောင်းတွေမှာ မိဘဆရာအသင်းတွေကို ဖွဲ့စည်းဆောင်ရွက်ခြင်းအားဖြင့် ကျောင်းသား ကျောင်းသူတွေအတွက် ဘယ်လိုမျိုး အကျိုးကျေးဇူးတွေရရှိစေမလဲဆိုတာကို ဆရာမကြီးက ဖြေကြားပေးပါဦး။

**ဒေါ်စန်းစန်းရီ။** ။ မိဘဆရာအသင်းကို ကျောင်းတစ်ကျောင်းမှာ စနစ်တကျဖွဲ့မယ်။ ပြီးတော့ ပွင့်လင်းမြင်သာစွာနဲ့ ကျောင်းရဲ့အကျိုးကို ဆောင်ရွက်မယ်ဆိုရင် ကျောင်းသား ကျောင်းသူတွေရဲ့ စာရိတ္တကောင်းမွန်လာမှာ ဖြစ်ပါတယ်။ ကျောင်းတက်မှန်ကန်လာတဲ့အတွက် ပညာရည်မြင့်မားပြီးတော့ အဆင့်မြင့်တဲ့ပညာရေးကိုရရှိတဲ့ အကျိုးကျေးဇူးကို ခံစားရမှာဖြစ်ပါတယ်။ အဲဒီလိုပဲ မိဘဆရာအသင်းနဲ့အတူ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တွေ၊ ကျောင်းကောင်စီတွေ၊ မိဘရပ်ရွာလူထုတွေ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဲဒီကျောင်းဟာ ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ ကျောင်းတစ်ကျောင်းဖြစ်လာမှာ ဖြစ်ပါတယ်။ အဲဒီလို ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ကျောင်းမှာ ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ ကလေးတွေကို မွေးထုတ်လာနိုင်တဲ့အပြင် ကျောင်းတွင်းဒီမိုကရေစီပါ အလေ့အကျင့်ကောင်းတွေရရှိတဲ့ အကျိုးကျေးဇူးတွေကို မိဘဆရာအသင်းဖွဲ့စည်းခြင်းဖြင့် မိဘဆရာအသင်းက ရရှိနိုင်ပါတယ်။

**အစီအစဉ်မှူး။** ။ဒီတစ်ခါတော့ ဆရာကြီး ဦးအေးကြိုင်ကို မေးချင်ပါတယ်။ အမျိုးသားပညာရေးဥပဒေမှာပါတဲ့ မိဘဆရာအသင်းရဲ့ အဓိပ္ပာယ်လေးကိုလည်း သိပါရစေ။

**ဦးအေးကြိုင်။** ။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားပညာရေးမူဝါဒအရ အမျိုးသားပညာရေးဥပဒေမှာပါတဲ့ မိဘဆရာအသင်းကို ဖွင့်ဆိုတာကတော့ အခြေခံပညာကျောင်းများမှာ သင်ယူသူများ၏ တတ်မြောက်ရေးနှင့် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါး ကောင်းမွန်ရေးကို ပိုမိုထိရောက်အောင်မြင်စေရန် မိဘအားလုံး၊ အုပ်ထိန်းသူအားလုံးအပြင် ကျောင်းမှာရှိသော ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမတို့အတူတကွ ပူးပေါင်းဖွဲ့စည်းထားသောအဖွဲ့ကို "မိဘဆရာအသင်း" လို့ အမျိုးသားပညာရေးဥပဒေက ဖွင့်ဆိုပါတယ်။

**အစီအစဉ်မှူး။** ။ အခုတစ်ခါထပ်ပြီးတော့ ဆရာမကြီးကို မေးချင်တာကတော့ မိဘဆရာအသင်းရဲ့တံဆိပ်နဲ့ ဆောင်ပုဒ်လေးကိုလည်း ပြောပြပေးစေလိုပါတယ်။

**ဒေါ်စန်းစန်းရီ။** ။ မိဘဆရာအသင်းရဲ့ဆောင်ပုဒ်ကတော့ မိဘဆရာပူးပေါင်း ကလေးပညာကောင်းဖြစ်ပါတယ်။ မိဘဆရာအသင်းအထိမ်းအမှတ်တံဆိပ်ကတော့ စက်ဝိုင်းပုံထဲမှာ သုံးနားညီတြိဂံပုံ ဖြစ်ပါတယ်။ အဲဒီစက်ဝိုင်းဟာ တိုင်းပြည်ရဲ့ပညာရေးလောကကို ကိုယ်စားပြုတာဖြစ်ပြီးတော့ တြိဂံကတော့ သူ့သက်ဆိုင်တဲ့ကျောင်းကို ကိုယ်စားပြုတာဖြစ်ပါတယ်။ အဲဒီတြိဂံရဲ့ ယာဘက်အနားကတော့ မိဘအုပ်ထိန်းသူတွေကို ကိုယ်စားပြုပြီးတော့ "မိဘ" ဆိုတဲ့စာလေးကို ရေးပါတယ်။ လက်ဝဲဘက်မှာတော့ ဆရာကို ကိုယ်စားပြုတဲ့အတွက် "ဆရာ" လို့ ရေးပြီးတော့ သုံးနားညီတြိဂံရဲ့ အောက်နားမှာတော့ ကျောင်းသား ကျောင်းသူတွေကို ကိုယ်စားပြုတဲ့အတွက် "ကျောင်းသား" ဆိုပြီးတော့ အဲဒီထဲမှာ ရေးထားပါတယ်။

**အစီအစဉ်မှူး။** ။ဒီတစ်ခါ ဆရာကြီး ဦးအေးကြိုင်ကို ထပ်မေးချင်တာကတော့ မိဘဆရာအသင်းရဲ့သက်တမ်းနဲ့ အသင်းသား ဘယ်နှမျိုးရှိပါလဲ။ အဲဒါလေးလည်း သိပါရစေ။

**ဦးအေးကြိုင်။** ။ ကျောင်းတစ်ကျောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီကျောင်းကို အပ်ထားတဲ့ မိဘတွေအားလုံးပူးပေါင်းပါဝင်မှ ဒီကျောင်းက ကလေးတွေရဲ့ပညာရေးကို ကျောင်းက ဆရာတွေရဲ့ စွမ်းအားနဲ့ စွမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒါဆိုရင် မိဘဆရာအသင်းရဲ့သက်တမ်းမှာ ပညာသင်နှစ်တစ်နှစ်ကိုပဲ သတ်မှတ်ထားပါတယ်။ အဲဒီပညာသင်နှစ် တစ်နှစ်မှာလည်း ဖွဲ့စည်းရတဲ့ကာလကလည်း ဇူလိုင်လ ပထမပတ်ကို နောက်ဆုံးထားပြီး တစ်နိုင်ငံလုံးရှိ အခြေခံကျောင်းတွေက ဖွဲ့စည်းရပါတယ်။ ဒီလို ဖွဲ့စည်းတဲ့အခါမှာ မိဘဆရာအသင်းဆိုတာ အဲဒီကျောင်းမှာ ပညာသင်ခွင့်ရတဲ့ ကလေးတွေအားလုံးရဲ့ မိဘ(သို့မဟုတ်)အုပ်ထိန်းသူတွေအားလုံးပါဝင်တဲ့အဖွဲ့ပါ။ အဲဒါကို မိဘဆရာအသင်းလို့ခေါ်ပါတယ်။ အသင်းသားတွေဖြစ်ပါတယ်။ ဒါပေမယ့် အသင်းသားအားလုံး ပါဝင်ပူးပေါင်းဆောင်ရွက်ဖို့ အခြေအနေမပေးတဲ့အခါမှာ သူတို့ကိုယ်စား၊ အသင်းကြီးရဲ့ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့ ဆိုပြီးတော့ ရွေးချယ်တင်မြှောက်ပြီး ကျောင်းရဲ့ဖွံ့ဖြိုးတိုးတက်ရေးကို မိဘနဲ့ဆရာပူးပေါင်း ကလေးပညာကောင်းဆိုသလို ကျင့်သုံးအကောင်အထည်ဖော်ပါတယ်။

**အစီအစဉ်မှူး။** ။အခုတစ်ခါတော့ မိဘဆရာအသင်းရဲ့ အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းပုံနဲ့ပတ်သက်ပြီးတော့ သိချင်ပါတယ်။ ဆရာကြီး ဒေါက်တာဦးတင်ညိုကစပြီး ပြောပြပေးစေလိုပါတယ်။

**ဒေါက်တာတင်ညို။** ။အလုပ်အမှုဆောင် ဖွဲ့တဲ့အခါမှာ ဒီမိဘအုပ်ထိန်းသူ အားလုံးကို တကယ်ကိုယ်စားပြုနိုင်တဲ့ ပုဂ္ဂိုလ်တွေကို ရွေးချယ်ရပါတယ်။ အဲဒီအထဲမှာ အဓိကအားဖြင့်တော့ နာယကပေါ့။ ဒါဟာ အသင်းတစ်ခုရဲ့ အားလုံးကိုစီမံခန့်ခွဲမှုရော၊ အကြံကောင်း ဉာဏ်ကောင်းပေးနိုင်မှုရော နာယကကို ဖွဲ့ရပါတယ်။ နာယကသည် အားလုံးကနေပြီးတော့ ဒီလူကို လေးစားပြီးတော့ ဦးဆောင်နိုင်တဲ့ပုဂ္ဂိုလ်ကို ရွေးချယ်ခြင်းအားဖြင့် ဒီအသင်းရဲ့ရပ်တည်မှု၊ ဒီအသင်းရဲ့လှုပ်ရှားမှုကို ပိုမိုပြီးတော့အားသန်ပြီး ကျောင်းကိုလည်း အကျိုးပြုနိုင်မှာပါ။ ဒါကြောင့် နာယကသည် အသင်းကြီးတစ်ခုလုံးရဲ့ ထိပ်ဆုံးက ရွေးချယ်ရမယ့် ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

**ဦးအေးကြိုင်။** ။ ကျောင်းတစ်ကျောင်း ဖွံ့ဖြိုးတိုးတက်မှုအတွက် ကလေးတွေရဲ့ ပညာတတ်မြောက်မှု၊ သူတို့ရဲ့ကိုယ်၊ စိတ်၊ နှလုံးကောင်းမွန်မှုကို ပိုမိုထိရောက်အောင် လုပ်တဲ့အခါမှာ အသင်းသားတွေအားလုံး၊ မိဘများ အားလုံး၊ ဆရာ ဆရာမအားလုံးကို ကိုယ်စားပြုတဲ့ အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့တဲ့အခါမှာ နာယကရဲ့ဦးဆောင်အဖွဲ့ကလည်း အရေးကြီးပါတယ်။ တကယ်တော့ အဲဒီကျောင်းတစ်ကျောင်းရဲ့အောင်မြင်မှုအားလုံးရဲ့ တာဝန်ယူရတဲ့ပုဂ္ဂိုလ်ကတော့ ဖွဲ့စည်းပုံအရ ကျောင်းအုပ်ကြီးက ဥက္ကဋ္ဌဖြစ်ရပါမယ်။ ကျောင်းအုပ်ကြီးက ဥက္ကဋ္ဌဖြစ်တဲ့အခါမှာ ဒီကျောင်းရဲ့အသင်းနာမည်ကိုက မိဘဆရာဆိုတဲ့ စကားပါတဲ့အတွက်ကြောင့် ဒုတိယဥက္ကဋ္ဌကတော့ မိဘဖြစ်ရပါမယ်။ ဒါ (၁) ပါ။ ဒုတိယဥက္ကဋ္ဌ(၂)ကတော့ ကျောင်းအုပ်ကြီးကို ကိုယ်စားပြုတဲ့ ဆရာတစ်ဦးက တာဝန်ယူရမှာ ဖြစ်ပါတယ်။ ဒီကျောင်းကြီးတစ်ကျောင်းလုံးရဲ့အတွင်းမှာရှိတဲ့ ကလေးတွေရဲ့ အရည်အသွေးမြင့်မားရေးကို တာဝန်ခံရမယ့်ပုဂ္ဂိုလ်က ဆရာတွေဖြစ်တဲ့အတွက်ကြောင့် အတွင်းရေးမှူး တာဝန်ကိုတော့ ဆရာက တာဝန်ယူရမှာဖြစ်ပါတယ်။ အလားတူပဲ မိဘနဲ့ပေါင်းတဲ့အတွက်ကြောင့် ဒီဖွံ့ဖြိုးရေးကို တာဝန်ယူတဲ့ အတွင်းရေးမှူးကိုပူးပေါင်းပြီးတော့ တွဲဖက်အတွင်းရေးမှူး အဖြစ်နဲ့ တာဝန်ယူရတဲ့သူကတော့ မိဘဖြစ်ရပါမယ်။ ပြီးတော့ ဒီကျောင်းကြီးကို မိဘပြည်သူတွေက ကျောင်းရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကလေးတွေကို ထောက်ပံ့တာတွေ၊ ချီးမြှင့်တာတွေ၊ စောင့်ရှောက်တာတွေ ပေးအပ်တဲ့ပစ္စည်းတွေအားလုံး စာရင်းဇယားငွေကြေးက အစပေါ့။ ထောက်ပံ့ထိန်းသိမ်းရေးမှူးဆိုပြီးတော့ ဆရာကို ရွေးချယ်ရပါမယ်။ ဆရာက အတွင်းမှာရှိတဲ့ ပစ္စည်းပစ္စယ၊ ငွေကြေးတွေကို ထိန်းသိမ်းစောင့်ရှောက်သလို ဒီကျောင်းကြီးရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေအားလုံးကို ပြန်လည်စိစစ်ပြီးတော့ အစီရင်ခံတင်ပြဖို့အတွက် စာရင်းစစ်ကိုတော့ မိဘတစ်ဦးက တာဝန်ယူရပါတယ်။

### ဖွဲ့စည်းပုံ

ကျောင်းဖွဲ့စည်းပုံနဲ့ကြည့်မယ်ဆိုရင် အခြေခံပညာကျောင်းမှာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ဆိုပြီးတော့ ရှိပါတယ်။ စာမျက်နှာ ၁၁ သို့ ❖

Organizer by CREATION STRENGTH Co., Ltd.
MEGA EXPO
HOUSING | LIVING | FURNITURE
DATE : 7-2-2019 to 10-2-2019
TIME : (9:00) am to (6:00) pm
PLACE : Tattmataw Hall, Uwisara Road, Yangon.
19(B), PARAMI ROAD, SOUTH OKKALAPA TSP, YANGON. 09-450045003, 09-765673316, 09-450050005

❖ စာမျက်နှာ ၁၀ မှ

အဲဒီအတွက် အထက်တန်းကျောင်း ဖွဲ့စည်းပုံမှာ ကိုယ်စားလှယ် ဘယ်လိုရွေးလဲ၊ အလယ်တန်းကျောင်းရဲ့ ကိုယ်စားလှယ် ဘယ်လိုရွေးသလဲ။ မူလတန်း ကိုယ်စားလှယ်ရွေးတာကိုတော့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဆရာမကြီး ဒေါ်စန်းစန်းရီက ဆက်လက်ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။

**ဒေါ်စန်းစန်းရီ**။ ။ ခုနက ဆရာကြီးတို့ ဆွေးနွေးသလိုပဲ၊ ထက်၊ လယ်၊ မူရှိတဲ့အတွက် တစ်ကျောင်းနဲ့ တစ်ကျောင်းမှာ မိဘဆရာအသင်းအလုပ်အမှုဆောင်ရဲ့ အရေအတွက်ဟာ မတူပါဘူး။ အထက်တန်းအဆင့်ကျောင်းဆိုရင်တော့ ၁၃ ယောက်ကနေ ၁၅ ယောက်အထိ ဖွဲ့စည်းပါတယ်။ အလယ်တန်းဆိုရင် ၁၁ ယောက်ကနေ ၁၃ ယောက်အထိ ဖွဲ့တယ်။ မူလတန်းကျောင်း တစ်ကျောင်းမှာ ငါးယောက်ကနေ ခုနစ်ယောက်အထိ ဖွဲ့တဲ့ကျောင်းရှိသလို ကျောင်းကြီးရင် ခုနစ်ယောက်ကနေ ကိုးယောက်အထိ ဖွဲ့တဲ့ကျောင်းလည်း ရှိပါတယ်။

**အစီအစဉ်မှူး**။ ။ **ဒီမိဘဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့ရဲ့ဥက္ကဋ္ဌဖြစ်တဲ့ ကျောင်းအုပ်ကြီးရဲ့ လုပ်ငန်းတာဝန်တွေနဲ့ ပတ်သက်ပြီးတော့လည်း သိချင်ပါတယ်။ ဆရာကြီးနဲ့ ဆရာမကြီးက ပြောကြားပေးစေလိုပါတယ်။**

**ဦးအေးကြိုင်**။ ။ တကယ်တော့ ပညာရေးဌာနမှာ တာဝန်ယူခဲ့တဲ့ ပုဂ္ဂိုလ်ထဲမှာ တကယ်ဦးဆောင်လုပ်တဲ့ ကျောင်းအုပ်ကြီးဟာ အခရာပဲ။ အမှန်အတိုင်းပြောရင်တော့ အငြိမ်းစားပညာရှင်ကြီးတွေကို ဆရာကြီး ဒေါက်တာတင်ညို ဦးဆောင်ပြီးတော့ ပူဇော်ကန်တော့ပွဲလုပ်တဲ့အခါမှာ ညွှန်ကြားရေးမှူးချုပ်တွေ၊ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးတွေ အားလုံးရဲ့ ရင်ထဲမှာ သူတို့ဘဝမှာ အတမ်းတဆုံးရာထူးဟာ ကျောင်းအုပ်ဆရာကြီးဆိုတဲ့ရာထူးကို တမ်းတကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျောင်းအုပ်ဆရာကြီးဟာ သူနဲ့ အတူတွဲလုပ်တဲ့ ဆရာတွေရဲ့ ခေါင်းဆောင်ဖြစ်သလို တစ်ကျောင်းလုံးရဲ့ခေါင်းဆောင်လည်း ဖြစ်တယ်။ ဒါ့အပြင် ရပ်ရွာတစ်ခုလုံးရဲ့ခေါင်းဆောင်လည်းဖြစ်တယ်။ အမှန်တော့ ဆရာကြီးရဲ့ စွမ်းဆောင်ရည်မြင့်ရင် မြင့်သလောက် ကျောင်းက တိုးတက်တယ်။ ဆရာကြီးရဲ့စိတ်ဓာတ်ခွန်အားပြည့်ရင် ပြည့်သလောက် ကျောင်းက ဖွံ့ဖြိုးတယ်။ ဒီဆရာကြီးဟာ ပြည်သူကို စည်းရုံးနိုင်ရင် စည်းရုံးနိုင်သလောက် ကျောင်းကြီးဖွံ့ဖြိုးတိုးတက်တယ်ဆိုတာ တကယ့်အစစ်အမှန်ပါ။ ဒါကြောင့်မို့ လက်ထောက်ဆရာတွေဟာ ကျောင်းအုပ်ကြီးရဲ့ ဦးဆောင်မှုကောင်းတဲ့နောက်ကို အားလုံးလိုက်ပါကြတဲ့အတွက်ကြောင့် ကျောင်းတစ်ကျောင်းရဲ့အသက်ပမာ အချက်အချာကျတဲ့ ကျွန်တော်တို့နိုင်ငံမှာ အခြေခံပညာကျောင်း ဖွံ့ဖြိုးတိုးတက်ပြီဆိုရင် အဲဒီကျောင်းရဲ့ ကျောင်းအုပ်ကြီးဟာ အဓိကကျပါတယ်။ ဒါကြောင့်မို့ ကျောင်းအုပ်ကြီးရဲ့ အရည်အသွေးနဲ့ပတ်သက်တဲ့ အသေးစိတ်အချက်အလက်ကိုတော့ ဆရာမကြီး ဒေါ်စန်းစန်းရီက ဆက်လက်ဆွေးနွေးမှာဖြစ်ပါတယ်။

**ဒေါ်စန်းစန်းရီ**။ ။ ကျောင်းတစ်ကျောင်းမှာ ကျောင်းအုပ်ကြီးဟာ အဲဒီကျောင်းရဲ့အခရာဖြစ်တဲ့အတွက် ကျောင်းအုပ်ကြီးတစ်ယောက်ရဲ့ စည်းရုံးနိုင်မှု၊ ပွင့်လင်းမြင်သာစွာ လုပ်ဆောင်နိုင်မှု၊ ကိုယ့်ကျောင်းရဲ့ လိုအပ်ချက်တွေကို မိဘတွေကိုချပြပြီးတော့ ကိုယ့်ရဲ့ ကလေးတွေ ပညာရည်မြင့်မားဖို့အတွက် မိဘတွေနဲ့ ပူးပေါင်းလိုက်တဲ့အချိန်မှာ မိဘတွေက ကျောင်းရဲ့လိုအပ်ချက်တွေကို လူအား၊ ငွေအား၊ သူ့ရဲ့အားတွေနဲ့ ဝင်ပြီးတော့ ကူညီပံ့ပိုးလာကြပါတယ်။ အဲဒီလို ကူညီပံ့ပိုးလာတဲ့အတွက်ကြောင့် ကျောင်းရဲ့ရုပ်ပိုင်း ဖွံ့ဖြိုးတိုးတက်လာသလိုပဲ ကလေးတွေ သင်ကြားရေးအတွက် လိုအပ်တဲ့ အဆောက်အအုံတွေ၊ ပရိဘောဂတွေပြည့်ဝလာတဲ့အတွက် ကလေးတွေရဲ့ သင်ကြားရေးမှာ တိုးတက်လာသလို ကလေးတွေ စိတ်ဓာတ်မြင့်မားရေးအတွက် လိုအပ်တဲ့ ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ ပညာရေးက စာတစ်ခုတည်းပဲ သင်လို့မရတဲ့ အရာဖြစ်တဲ့အတွက် ကလေးတွေအားလုံး ဖွံ့ဖြိုးတိုးတက်နိုင်အောင် ကျောင်းရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုလည်း မိဘတွေရဲ့ ပူးပေါင်းမှုနဲ့ ပါဝင်လိုက်တဲ့အချိန်မှာ ကျောင်းဟာ တကယ်ပဲ ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ ကျောင်းတစ်ကျောင်းဖြစ်လာတယ်။ ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ကျောင်းမှာ တကယ် ဘက်စုံထူးချွန်တဲ့ကျောင်းသားတွေရရှိလာနိုင်တဲ့အထိ တိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါဟာ ကျောင်းအုပ်ကြီးရဲ့စွမ်းဆောင်မှုကြောင့် ကျောင်းအုပ်ကြီးသည် မိဘတွေနဲ့ ကျောင်းက ဆရာ ဆရာမတွေကို စည်းရုံးနိုင်တဲ့အတွက် ဖြစ်ပေါ်လာမယ့် အကျိုးတရားတွေ ဖြစ်ပါတယ်။

**အစီအစဉ်မှူး**။ ။ **ဆရာမကြီးကိုပဲ ထပ်ပြီးတော့ မေးချင်ပါတယ်။ မိဘဆရာအသင်းအလုပ်အမှုဆောင်အဖွဲ့ရဲ့လုပ်ပိုင်ခွင့်ရှိတဲ့ တာဝန်တွေ၊ လုပ်ငန်းတွေနဲ့ပတ်သက်ပြီးတော့လည်း ရှင်းပြပေးစေလိုပါတယ်။**

**ဒေါ်စန်းစန်းရီ**။ ။ မိဘဆရာအသင်း လုပ်ပိုင်ခွင့်ရှိတဲ့ အလုပ်တွေက မိဘဆရာအသင်းသည် ကိုယ့်ရဲ့နယ်မြေထဲမှာရှိတဲ့ ကလေးတွေအားလုံး ကျောင်းအပ်နိုင်မှု၊ ကျောင်းတက်နိုင်မှုနဲ့ ကျောင်းမထွက်ဖို့အတွက်လည်းပဲ ကျောင်းက ဆရာ ဆရာမတွေနဲ့ ပူးပေါင်းတာဝန်ယူရပါတယ်။ အဲဒီလိုပဲ သူ့ရဲ့ ကျောင်းမှာရှိတဲ့ ကလေးတွေရဲ့ ပညာရည်နဲ့ပတ်သက်လို့ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်၊ တက္ကသိုလ်ဝင်တန်းအထိ ထူးချွန်တဲ့ကလေးတွေ ဆုချီးမြှင့်ရေးကိစ္စတွေမှာလည်း ပူးပေါင်းပါဝင်ရသလိုပဲ ဘက်စုံဖွံ့ဖြိုးတဲ့ ကလေးတွေ၊ စာစီစာကုံး၊ အားကစား စတဲ့ ဖွံ့ဖြိုးရေးမှာ ထူးချွန်တဲ့ကလေးတွေအတွက်လည်းပဲ ဆုချီးမြှင့်မယ့်နေရာမှာ မိဘဆရာအသင်းက ကျောင်းအုပ်တွေနဲ့ ပူးပေါင်းတာဝန်ယူဆောင်ရွက်ရတာ ရှိပါတယ်။ တကယ်ထောက်ပံ့ဖို့အတွက် အကူအညီလိုတဲ့ ကလေးတွေအတွက်လည်းပဲ မိဘဆရာအသင်းက ပူးပေါင်းပါဝင်ကူညီရတယ်။ ဒီလို ပူးပေါင်းပါဝင်ကူညီဖို့အတွက် မိဘဆရာအသင်းမှာ ပါဝင်ကူညီခွင့်ရှိတဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်။

**အစီအစဉ်မှူး**။ ။ **ဆရာမကြီးက မိဘဆရာအသင်းအလုပ်အမှုဆောင်အဖွဲ့ရဲ့ လုပ်ပိုင်ခွင့်ရှိတဲ့အရာတွေကို ပြောပြီးသွားပြီဆိုတော့ ဆရာကြီးက နေပြီးတော့ လုပ်ပိုင်ခွင့်မရှိတဲ့ အရာတွေရှိရင်လည်း ပြောပြပေးစေလိုပါတယ်။**

**ဦးအေးကြိုင်**။ ။ အမှန်တော့ မိဘဆရာအသင်းရဲ့ဖွဲ့စည်းတဲ့ရည်ရွယ်ချက်ကိုက ကလေးကို ဦးစားပေးတာပါ။ "မိဘဆရာပူးပေါင်း ကလေးပညာကောင်း" ဆိုတော့ "ကလေး ပညာကောင်းစေဖို့ မိဘဆရာ ပူးပေါင်းကြပါစို့" ဆိုရင် သူတို့အနေနဲ့ ကလေးကိုပဲ ဦးစားပေးပြီး စဉ်းစားတဲ့အတွက်ကြောင့် ကျောင်းတွင်းစီမံခန့်ခွဲရေးကိစ္စတွေကို သူတို့ ပါဝင်ဆောင်ရွက်ခြင်း မရှိပါဘူး။ သူတို့ ကလေးရဲ့ ဘက်စုံဖွံ့ဖြိုးရေးကိုသာ အာရုံပြုမှ ကလေးရဲ့ အရည်အသွေးကို မြှင့်ရာကျပါမယ်။ အဲဒီတော့ ကျောင်းတွင်းစီမံခန့်ခွဲရေးကို ကျောင်းအုပ်ကြီးနဲ့၊ ဆရာ ဆရာမနဲ့ သက်ဆိုင်ရာဦးစီးဌာန၊ ဝန်ကြီးဌာနက ဆောင်ရွက်တဲ့အတွက်ကြောင့် မိဘတွေဟာ ဝင်ရောက်ဆောင်ရွက်ခြင်း မရှိပါဘူး။ အလားတူပဲ။ ကျောင်းတစ်ကျောင်းရဲ့ပညာရေး တိုးတက်ဖို့အတွက် သင်ရိုးညွှန်းတမ်းတွေ၊ သင်ခန်းစာပြဋ္ဌာန်းမှုတွေ သင်ကြားပြသဖို့အတွက် ကိစ္စတွေ အားလုံးကိုလည်း မိဘတွေဟာ ဆရာတွေကိုပဲ လုံးလုံးလျားလျားပုံအပ်ထားတာဖြစ်ပါတယ်။ သူတို့ ဝင်ရောက်မဆောင်ရွက်ပါဘူး။ အလားတူပဲ ဒီဆရာ ဆရာမတွေ သင်ခန်းစာကို ပြဋ္ဌာန်းတဲ့အခါမှာ ဘာသာရပ်ခွဲတာတွေပေါ့။ အဲဒီလိုခွဲတဲ့အခါ၊ သင်ရိုးအဖွဲ့တွေ ဖွဲ့တဲ့အခါ ဆရာတွေကိုပဲ ယုံကြည်စွာ အပ်နှံထားပါတယ်။ သူတို့ပါဝင်ဆောင်ရွက်ခြင်း မရှိပါဘူး။

### စွက်ဖက်ခြင်းမရှိ

နောက် ကျောင်းလက်ခံတဲ့ကိစ္စတွေ၊ အတန်းတင်ပေးတယ်၊ အတန်း အောင်/ရှုံး သတ်မှတ်တယ်။ ဒါတွေဟာလည်း ဆရာတွေရဲ့ ပညာရေးလုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် မိဘတွေက ဝင်ရောက်စွက်ဖက်ခြင်း မရှိပါဘူး။ သူတို့အနေနဲ့ ပူးပေါင်းကူညီတဲ့ဘက်ကိုပဲ အာရုံစိုက်ပါတယ်။ နောက် ဆရာတွေ ရာထူးခန့်တာတွေ၊ ပြောင်းရွှေ့တာတွေ စတဲ့စီမံခန့်ခွဲရေးကိစ္စတွေမှာလည်း မိဘများက ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း မရှိပါဘူး။ ကျောင်းစည်းကမ်းအရ ကျောင်းစည်းကမ်းထိန်းသိမ်းရေးကော်မတီရဲ့ ဆောင်ရွက်မှုတွေကိုလည်း မိဘတွေ ပါဝင်ဆောင်ရွက်ခြင်း မရှိပါဘူး။ သူတို့ရဲ့ရည်ရွယ်ချက်ကိုက ဒီကျောင်းမှာ အပ်ခဲ့တဲ့ သူတို့ ကလေးတွေရဲ့ဘဝ ပညာတတ်မြောက်ရေး၊ ယဉ်ကျေးသိမ်မွေ့ရေး၊ နိုင်ငံသားကောင်းဖြစ်ရေး၊ သူတို့ရဲ့ ယဉ်ကျေးလိမ္မာရေးကိစ္စတွေကို အာရုံပြုတဲ့အတွက်ကြောင့် ကျောင်းတွင်းစီမံခန့်ခွဲရေးကိစ္စတွေမှာ မိဘတွေက ပါဝင်ခြင်းမရှိကြောင်း မှတ်တမ်းရှိပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇန်နဝါရီ ၂၃ ရက်မှ ၂၉ ရက်အထိ တစ်ပတ်အတွင်း ထွက်ရှိသော စာအုပ်စာရင်း

**(ယမန်နေ့မှ အဆက်)**

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁၄။ | သင့်ကိုယ်သင်ရှာဖွေတွေ့ရှိနိုင်မည့် လျှို့ဝှက်ချက်အနီနီယယ်ဂရပ် | မြနှင်းရည်ရှိန် | မျိုးဆက်သစ် | ၁၅၀၀ |
| ၁၅။ | ဆည်းလည်းညည်းသံ ခေါင်းလောင်းသံနှင့် အခြားရသဝတ္ထုစုစည်းမှုများ | နုရည်မိုး | ပြတင်းပေါက်များ စာပေ | ၃၅၀၀ |
| ၁၆။ | တောင်တန်းပြာနှင့်အဘိုးအို | ညိုမင်းဇံသာ | Global Piece Group | ၂၀၀၀ |
| ၁၇။ | ခင်ဗျားကိုတရားစွဲမယ်မန္တလေး | ထွဏ်းသွေးအိမ်၊ ဝင့်ထက်သျှား | ယဉ်မျိုး | ၂၀၀၀ |
| ၁၈။ | အင်နီဇရန့်စ်ဒိုင်ယာရီ | စိန်ဝင်းစိန်(မြန်မာပြန်) | အိပ်မက်သစ် | ၂၀၀၀ |
| ၁၉။ | သော်တာဆွေဘဝဇာတ်ကြောင်း စာဇာတ်ကြောင်း | ကျော်မင်းနိုင် | စိတ်ကူးသစ် | ၃၀၀၀ |
| ၂၀။ | အတွေးအမြင် ၂၀၁၉ February အမှတ် (၃၁၈) | ကလောင်စုံ | ဒေါင်းစာပေ | ၂၅၀၀ |
| ၂၁။ | ကိုရီးယားတို့အခွန်စနစ်အပြောင်း တစေ့တစောင်း | မောင်မျိုးထွဋ်(ရုက္ခဗေဒ) | Home Media | ၂၅၀၀ |
| ၂၂။ | မြင်းသည်မက်များရသစာတမ်းစုစည်းမှု | ကလောင်စုံ | ဆိပ်ကမ်းသာ | ၂၅၀၀ |
| ၂၃။ | ငါတို့တက္ကသိုလ်နေ့များ ငါတို့တက္ကသိုလ်ညများ | မောင်ကိုကို(အမရပူရ) | စိန်မိုးယံ | ၃၀၀၀ |
| ၂၄။ | တရားမျှတမှုကိုသာအမေတောင်းဆိုတယ် | ရဲရင့်သက်ဇွဲ | တောရိုင်းနှင်းဆီ | ၁၅၀၀ |
| ၂၅။ | နိုင်ငံရေးသီလစောင့်ထိန်းကြစေလိုနှင့် ပြည်သူ့အကျိုးပြုဆောင်းပါးများ | ကလောင်စုံ | မျိုးဆက်သစ် | ၂၀၀၀ |
| ၂၆။ | စစ်ပွဲဟူသည် | စစ်သွေးနီ(ရွှေဒုံသား) | စိတ်ကူးသစ် | ၂၅၀၀ |
| ၂၇။ | အကျည်းတန်ညများ | မောင်သစ်လွင်(လှုထု) | မူဝံ | ၂၅၀၀ |
| ၂၈။ | မြတ်နိုးထိန်းသိမ်းဖွယ်ရာ မြန်မာကဗျာဆောင်းပါးပေါင်းချုပ် | မောင်စိမ်းနောင် | မြဝတီစာပေ | ၁၄၀၀ |
| ၂၉။ | တိုက်ပွဲပျော်စာဆိုကဗျာများ | ကိုချိုစံ | မြဝတီစာပေ | ၂၀၀၀ |
| ၃၀။ | သထုံမလေးနွယ်၏အမှတ်တရစာစုများ | သထုံမလေးနွယ် | မြဝတီစာပေ | ၄၀၀၀ |
| ၃၁။ | လူကြိုက်အများဆုံးအာလူးနှင့် ဟင်းလျာတွဲချက်နည်းများ | စာဖိုမှူးကြီးဦးသိန်းတန် | စိတ်ကူးချိုချို | ၁၈၀၀ |
| ၃၂။ | ရဟန်းနှင့်ဂလိုဘယ်မြစ်ဆုံ | ဓမ္မဂင်္ဂါ | ဓမ္မအနုပညာစာပေ | ၅၀၀၀ |
| ၃၃။ | မိုးကုတ်အမွေအမှုဋ္ဌ မောင်စံရှားစုံထောက်ပုံနှင့်အခြားအမှီဝတ္ထုများ | ရွှေဥဒေါင်း | စိတ်ကူးချိုချို | ၂၅၀၀ |
| ၃၄။ | ဥတ္တရလမင်း ခံစားသူအကြိုက် ဝတ္ထုတိုများအတွဲ(၁) | ကလောင်စုံ | ဥတ္တရလမင်း | ၈၅၀၀ |
| ၃၅။ | ဦးကြည်မောင်(သို့မဟုတ်)ဖျောက်ဖျက်ထားသည့်ကြားမှ ထင်ရှားနေဆဲသမိုင်းစာမျက်နှာ တစ်ရွက် | ကလောင်စုံ | ရန်ကုန်လမ်းမများ | ၁၀၀၀၀ |
| ၃၆။ | မြန်မာ့သမိုင်းအဘိဓာန် | ကိုကိုလေး | ယဉ်မျိုး | ၁၃၀၀၀ |
| ၃၇။ | သွေးချို ဆီးချို Diabetes Mellitus | ပါမောက္ခနေဝင်း(ဆေးပညာ) | နေတံခွန် | ၄၀၀၀ |

## လျှပ်စစ်အခြေခံပညာ ရှေ့လျားသင်တန်း ဖျာပုံမြို့နယ်အတွင်းရှိ ပြည်သူများအား သင်ကြားပေး

**ဖျာပုံ ဖေဖော်ဝါရီ ၄**

စက်မှုဝန်ကြီးဌာန အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)နှင့် ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်တို့ ပူးပေါင်းဖွင့်လှစ်သည့် စက်မှုနှင့်အသက်မွေးပညာ လျှပ်စစ်အခြေခံပညာရွေ့လျားသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် တိုးချဲ့ဆောင်သစ်၌ ပြုလုပ်ခဲ့သည်။

သင်တန်းတွင် ဖျာပုံမြို့နယ်အတွင်းမှ သင်တန်းသား ၅၅ ဦး တက်ရောက်ပြီး သင်တန်းကာလတွင် အခြေခံလျှပ်စစ်ပညာနှင့် ပတ်သက်သော လျှပ်စစ်တိုင်းတာရေး မီတာများ၊ လျှပ်စစ်ဝါယာကြိုးများ၊ လျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်း၊ လျှပ်စစ်ပတ်လမ်းနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မြေဓာတ်ချခြင်းနှင့် မိုးကြိုးလွှဲ၊ လျှပ်စစ်ကြိုးသွယ်တန်းပြီး စစ်ဆေးခြင်းနှင့် မြေဓာတ်ချစစ်ဆေးခြင်း၊ ကောင်းကင်ဓာတ်အားလိုင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးစသော ဘာသာရပ်များ၊ လျှပ်စစ်နှင့်ပတ်သက်သော အထွေထွေဗဟုသုတများကို စက်မှုသင်တန်းကျောင်း(မန္တလေး)မှ နည်းပြဆရာ ဆရာမများက ၁၄ ရက်ကြာ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇေယျာမင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)ကျောင်းအုပ်ကြီး ဦးကျော်စွာဦးက စက်မှုသင်တန်းကျောင်းမှ နိုင်ငံတစ်ဝန်း အသက်မွေးသင်တန်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေများ၊ လက်ရှိ သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းက လက်ရှိ ဆရာဇော်ဂျီစာကြည့်တိုက်၏ လုပ်ငန်းလည်ပတ်နေမှု အခြေအနေ၊ သက်မွေးပညာသင်တန်းများဖွင့်လှစ်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။



**သူဇာနွယ်(ဖျာပုံ)**

# အလက်ပိုမြို့မှ အဆောက်အအုံပျက်များတွင် နေထိုင်နေရသည့် မိသားစု ၄၀၀၀ ကို ရွှေ့ပြောင်းပေးမည်ဟုဆို



**ဒမတ်စကတ် ဖေဖော်ဝါရီ ၄**

ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ အလက်ပိုမြို့တွင် မကြာသေးမီက အဆောက်အအုံတစ်လုံးပြိုကျသဖြင့် အဆောက်အအုံပျက်များတွင် နေထိုင်ကြရသည့် မိသားစုပေါင်း ၄၀၀၀ ကို ဆီးရီးယားတာဝန်ရှိသူများက ရွှေ့ပြောင်းပေးမည်ဟု ဆီးရီးယားအစိုးရအား လိုလားသည့် သတင်းစာတစ်စောင်က ဖေဖော်ဝါရီ ၄ ရက်သတင်းတွင် ဖော်ပြသည်။

အလက်ပိုမြို့ရှိ အဆောက်အအုံပျက် ၁၀၀၀၀ ဝန်းကျင်တွင် နေထိုင်နေရသည့် မိသားစုပေါင်း ၄၀၀၀ ကို လုံခြုံစိတ်ချရသည့် အိမ်ရာများသို့ ဆီးရီးယားအစိုးရရှိသူများက ရွှေ့ပြောင်းပေးမည်ဟု သတင်းစာတွင် ဖော်ပြသည်။

ယင်းမိသားစုများ၏ နေအိမ်များ ပြင်ဆင်ခြင်းသို့မဟုတ် ပြန်လည်တည်ဆောက်ပြီးသည့်တိုင် အကူအညီပေးမည်ဟု အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြသည်။

အလက်ပိုမြို့အရှေ့ဘက်ပိုင်းတွင် ဖေဖော်ဝါရီ ၂ ရက်က အဆောက်အအုံတစ်လုံးပြိုကျမှုဖြစ်ပွားခဲ့ပြီး လူ ၁၁ ဦး သေဆုံးခဲ့ရသည်။ အဆိုပါ အဆောက်အအုံသည် ဆာလာဟူဒင်ရပ်ကွက်ရှိ ၎င်းတို့နေထိုင်သည့် ငါးထပ်အဆောက်အအုံဖြစ်ပြီး ၂၀၁၆ ခုနှစ် မတိုင်မီက သူပုန်များ၏ ထိန်းချုပ်မှုအောက်တွင် ရှိခဲ့သည်။

ဆာလာဟူဒင်ဒေသသည် ဆီးရီးယားသူပုန်များနှင့် အစိုးရတပ်ဖွဲ့များအကြား တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားခဲ့သည့် နေရာဖြစ်ပြီး ယင်းဒေသရှိ အဆောက်အအုံများ ကြီးမားစွာပျက်စီးခဲ့ရသည်။

**ဆင်ဟွာ**



# မိုဂါဒစ်ရှူးမြို့ရှိ ဈေးတစ်ဈေးအနီး၌ ကားဗုံးခွဲတိုက်ခိုက် ကိုးဦး သေဆုံး

**မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၄**

ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူးတွင် လူစည်ကားသော ဈေးတစ်ဈေးအနီးရှိ ဈေးဆိုင်တန်းတစ်ခုအား ဖေဖော်ဝါရီ ၄ ရက်က ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့် ကားတစ်စီးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ လူကိုးဦး ထက်မနည်းသေဆုံးပြီး လူအချို့ ဒဏ်ရာရခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်ဟု အေအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။

မြို့တော် မိုဂါဒစ်ရှူးရှိ ဈေးဆိုင်တန်းတစ်ခုတွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ လူသေဆုံးမှုနှင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အရပ်သားကိုးဦး သေဆုံးသည်ဟု အတည်ပြုနိုင်ခဲ့ပြီး အချို့ထိခိုက်ဒဏ်ရာများရခဲ့ကြောင်း ရဲအရာရှိ အာဖက်မွာလင် အလီက ပြောကြား သည်။

ဈေးဆိုင်တန်းအနီးတွင် ရပ်နားထားသည့် အကြမ်းဖက်သမားများ၏ ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်ယာဉ် ပေါက်ကွဲခဲ့ခြင်းကြောင့် အပြစ်မဲ့ အရပ်သားများ သေဆုံးခဲ့ရကြောင်း၊ ဟာမာဝမ်နေး ဈေးအနီးတွင် ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုကြောင့် အဆောက်အအုံတစ်လုံးပြိုကျခဲ့ပြီး လူအချို့သေဆုံးခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆိုမာလီယာနိုင်ငံ မြို့တော် မိုဂါဒစ်ရှူးသည် အယ်လ်ခိုင်ဒါအဖွဲ့၏ လက်အောက်ခံ အယ်လ်ရှာဘတ် အစ္စလာမ္မစ်အစွန်းရောက် စစ်သွေးကြွအဖွဲ့၏ ပုံမှန်ပစ်မှတ်ဖြစ်သည်။

အယ်လ်ရှာဘတ် စစ်သွေးကြွအဖွဲ့၏ကြီးမားလှသည့် အစိတ်အပိုင်းကို ၂၀၁၁ ခုနှစ်အတွင်းက မြို့တော် မိုဂါဒစ်ရှူးမှ မောင်းထုတ်နိုင်ခဲ့ပြီး ၎င်းတို့၏ အမာခံဒေသအများအပြား လက်လွှတ် ဆုံးရှုံးခဲ့သော်လည်း ဆိုမာလီယာနိုင်ငံ၏ ဝေးလံခေါင်ဖျားသောဒေသများ၌ ၎င်းတို့ကျန်ရှိနေပြီး ဆိုမာလီယာ အာဏာပိုင်များအား ပြောက်ကျားစစ်ဖြင့် ခုခံတိုက်ခိုက်နေဆဲဖြစ်သည်။

**အေအက်ဖ်ပီ**

# သမ္မတရွေးကောက်ပွဲသစ်ကျင်းပရေး တောင်းဆိုမှုအား ဗင်နီဇွဲလားသမ္မတ မာဒူရိုပယ်ချ

**ကာရာကတ်စ် ဖေဖော်ဝါရီ ၄**

ဗင်နီဇွဲလားနိုင်ငံတွင် အတိုက်အခံခေါင်းဆောင်တစ်ဦးက ၎င်းအား နိုင်ငံ၏ယာယီသမ္မတအဖြစ် ကြေညာထားပြီး နိုင်ငံရေးအရ ဝရုန်းသုန်းကားဖြစ်နေစဉ်တွင် ဥရောပနိုင်ငံအချို့က သမ္မတရွေးကောက်ပွဲအသစ် ကျင်းပပေးရန် တောင်းဆိုမှုများကို ဗင်နီဇွဲလားသမ္မတမာဒူရိုက ပယ်ချခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

အမျိုးသားလွှတ်တော် အကြီးအကဲ အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွါအီဒိုအား အမေရိကန်ပြည်ထောင်စု အပါအဝင် နိုင်ငံအချို့က ထောက်ခံမှုပေးခဲ့ပြီး ရုရှားနှင့် တရုတ်နိုင်ငံများက သမ္မတ မာဒူရိုအား ထောက်ခံခဲ့ကြသည်။

ဗင်နီဇွဲလားနိုင်ငံတွင် သမ္မတတစ်ဦးတည်းသာရှိပြီး ယင်းနိုင်ငံတွင် နောက်ထပ်သမ္မတတစ်ဦးရှိနေသည်ဆိုခြင်းမှာ အတွေးမှား၊ အမြင်မှားမှုသာဖြစ်ကြောင်း သမ္မတ မာဒူရိုက စပိန်ရုပ်မြင်သံကြား သတင်းဌာနတစ်ခုနှင့် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ရာတွင် ပြောကြားခဲ့သည်။


ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံအချို့က သမ္မတရွေးကောက်ပွဲသစ်ကျင်းပရန်အတွက် ရာဇသံပေးမှုကို သမ္မတမာဒူရိုကပယ်ချခဲ့ပြီး သမ္မတရွေးကောက်ပွဲကို ယမန်နှစ်မေလအတွင်းက ကျင်းပခဲ့ပြီးဖြစ်သည်ဟု ပြောကြားခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံသည် လွတ်လပ်သောနိုင်ငံဖြစ်ပြီး အခြားနိုင်ငံများ၏ စွက်ဖက်မှုများကို လက်ခံလိမ့်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံအတွင်းသို့ အမေရိကန်တပ်ဖွဲ့များ စေလွှတ်ရန် စဉ်းစားနေကြောင်း အမေရိကန်သမ္မတ ထရန့်က ပြောကြားခဲ့သည်။

ယင်းပြောကြားမှုနှင့်ပတ်သက်၍ အမေရိကန်သည် ဗင်နီဇွဲလားနိုင်ငံအား နောက်ထပ် အီရတ် သို့မဟုတ် လစ်ဗျားကဲ့သို့ ဖြစ်လာစေရန် ကြိုးပမ်းနေကြောင်းနှင့် အမေရိကန်တပ်ဖွဲ့များ စေလွှတ်လာပါကလည်း မိမိနိုင်ငံအား ကာကွယ်သွားမည်ဟု မာဒူရိုက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**



# အင်ဒိုနီးရှားနိုင်ငံရှိ ကာရန်ဂျီတန်မီးတောင်မှ ချော်ရည်ပူများ ပန်းထွက်

**ဂျာကာတာ ဖေဖော်ဝါရီ ၄**

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူလာဝေစီပြည်နယ်ရှိ ကာရန်ဂျီတန်မီးတောင်မှ ချော်ရည်ပူများနှင့် ကျောက်တုံးများ ပန်းထွက်ခဲ့ခြင်းကြောင့် တောင်စောင်းတွင် နေထိုင်သော ပြည်သူများကို ပြောင်းရွှေ့ပေးရေး အာဏာပိုင်များက ဆောင်ရွက်လျက်ရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ သဘာဝဘေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ယနေ့တွင် ပြောကြားခဲ့သည်။

ပူပြင်းသည့်ချော်ရည်များနှင့် ကျောက်တုံးများသည် ကီပူလာအန်စီတာရိုခရိုင်၏ ခရိုင်ခွဲတစ်ခုဖြစ်သည့် စီအောဘာရက်ရှိ လမ်းများနှင့် ကျေးရွာများအထိ ရောက်ရှိလုနီးနီးဖြစ်ခဲ့ကြောင်း အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပိုပါဝိုနူဂရိုဟိုက ပြောကြားခဲ့သည်။

အနည်းဆုံးလူဦးရေ ၂၂ ဦးမှာ ၎င်းတို့၏နေအိမ်များမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်းနှင့် ၎င်းတို့၏ ဆွေမျိုးများ၏ နေအိမ်များတွင် သွားရောက်နေထိုင်ခဲ့ကြောင်း ဆူတိုပိုက ပြောကြားသည်။

ထို့အပြင် မာရီဘူဟီမြစ်နှင့် ဘာတူယာရီမြစ်တို့အနီးတွင် နေထိုင်သောပြည်သူများအတွက် ရွှေ့ပြောင်းရေးကို လက်ရှိလုပ်ဆောင်လျက်ရှိကြောင်း၊ အထူးသဖြင့် ညအချိန်အတွင်း နိုးနိုးကြားကြားရှိရန်လည်း ပြည်သူများအား ပြောကြားခဲ့ကြောင်း ဆူတိုပိုက ဆင်ဟွာသတင်းဌာနသို့ ပေးပို့သည့် သတင်းစကားအရ သိရသည်။

အဆိုပါမီးတောင်မှ ချော်ရည်ပူများနှင့် ကျောက်တုံးများ ပန်းထွက်ခဲ့ခြင်းကြောင့် ဖြစ်ပေါ်သည့် အပျက်အစီးများ၊ သေကျေဒဏ်ရာရရှိမှုများနှင့် စပ်လျဉ်း၍ လက်ရှိအချိန်ထိ သတင်းထုတ်ပြန်ခြင်း မရှိသေးကြောင်း ဆူတိုပိုက ဆက်လက်ပြောကြားသည်။

ကာရန်ဂျီတန် မီးတောင်သည် အင်ဒိုနီးရှားနိုင်ငံတွင် လှုပ်ရှားနေသောမီးတောင် ၁၂၉ ခုအနက် တစ်ခုအပါအဝင်လည်းဖြစ်သည်။

**ဆင်ဟွာ**

# အာဖဂန်အမျိုးသားတပ်မတော်သို့ အရာရှိသစ် ၃၃၁ ဦး ဝင်ရောက်

**ကဘူး ဖေဖော်ဝါရီ ၄**

အာဖဂန်အမျိုးသားတပ်မတော်သို့ လောလောလတ်လတ် ဘွဲ့ရထားသည့် အရာရှိ ၃၃၀ ကျော် ယနေ့ဝင်ရောက်လာသည်ဟု တပ်မတော်သတင်းအရင်းအမြစ်တစ်ခုက ပြောကြားသည်။ ကဘူးစစ်မက်ရေးရာ လေ့ကျင့်ရေးဌာန (ကေအမ်တီစီ)၌ ယနေ့နံနက်ပိုင်းက ကျင်းပသည့် အခမ်းအနားတစ်ခုတွင် တပ်မတော်အရာရှိ ၃၃၁ ဦးတို့သည် ၎င်းတို့၏ တရားဝင်ခန့်အပ်လွှာများကို လက်ခံရရှိကြသည်ဟု ကေအမ်တီစီ၏ တပ်မှူး ကိုလိုနယ် မိုဟာမက်အမင် ဝဟီဒီက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

အရာရှိအသစ်များသည် ကဘူးမြို့ အရှေ့ပိုင်းရှိ ကေအမ်တီစီတွင် ရက်သတ္တ ၁၂ ပတ်အကြာ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး ၎င်းတို့ကို ကျေးလက်ဒေသများသို့ တပ်ဖြန့်ချထားမည်ဟု ဝဟီဒီက ဆိုသည်။

ပြီးခဲ့သည့် နှစ်လက တာလီဘန်စစ်သွေးကြွများ၏ တိုက်ခိုက်မှုများ မြင့်တက်လာခဲ့ပြီး အာဖဂန်နိုင်ငံ၏ ပြည်နယ် ၃၄ ခုအနက် တစ်ဝက်နီးပါးခန့်တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေချိန်၌ ယခုကဲ့သို့ အရာရှိများ ခန့်အပ်လိုက်ခြင်းဖြစ်သည်။

အရာရှိအသစ်များ ခန့်အပ်လိုက်ခြင်းဖြင့် အာဖဂန်တပ်မတော်၏ အရည်အသွေးများ မြင့်တက်လာမည်ဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် အဖျက်သမားများ၏ လှုပ်ရှားမှုများကို ပိုမိုစောင့်ကြည့်နိုင်ရန် အထောက်အကူဖြစ်လာမည်ဟု ဝဟီဒီက ပြောကြားသည်။

**ဆင်ဟွာ**

## သတင်းလမ်းညွှန်

### ရန်ကုန်၌ ချင်းအမျိုးသားနေ့ကျင်းပမည်

ရန်ကုန်ရောက် ချင်းလူမျိုးများ စုပေါင်းမှုဖြင့် ၇၁ နှစ်မြောက် ချင်းအမျိုးသားနေ့ကို ရန်ကုန်မြို့ ဒဂုံမြို့နယ်(အရှေ့ပိုင်း) ၁၅ ရပ်ကွက် အနော်ရထာ လမ်းနှင့် ကုန်းဘောင်လမ်းထောင့်၌ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### စထရန်းဟိုတယ်ကို အပြာရောင်ကမ္ပည်းတပ်ဆင်မည်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန် မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် နှစ်သက်တမ်း ၁၀၀ ကျော်ရှိပြီဖြစ်သည့် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စထရန်းဟိုတယ်ကို အပြာရောင်ကမ္ပည်းတပ်ဆင်သွားမည်ဖြစ်ရာ ကမ္ပည်းပြားတပ်ဆင်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီတွင် ယင်းဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### အီတလီအစားအသောက်ပွဲတော်ကျင်းပမည်

အီတလီအစားအသောက်များကို တစ်နေရာတည်းတွင်တွေ့ရှိနိုင်မည့် အီတလီအစားအသောက်ပွဲတော်ကို ရန်ကုန်မြို့အင်းယားမြိုင်လမ်း အီတလီသံရုံး၌ ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၄ နာရီမှ ည ၉နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### အိမ်မွေးခွေးအလှပြပွဲ ပြိုင်ပွဲကျင်းပမည်

ရန်ကုန်မြို့တော်ဝန်ဖလား ပဉ္စမအကြိမ်မြောက် အိမ်မွေးခွေးအလှပြပွဲ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### စီးပွားရေးပညာရပ်ဆိုင်ရာများ ဟောပြောမည်

မြန်မာနိုင်ငံ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာ ကွန်ရက်အသင်းက ကြီးမှူး၍ စီးပွားရေးပညာရပ်ဆိုင်ရာများ ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီတွင် ကုန်သည်စက်မှုအသင်းချုပ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### အရည်အသွေးမြင့် ထိုင်းကုန်စည်များပြသမည်

နှစ်နိုင်ငံကုန်သွယ်မှုကို မြှင့်တင်ရန်ရည်ရွယ်၍ အရည်အသွေးမြင့် ထိုင်းနိုင်ငံမှထုတ်ကုန်ပစ္စည်းများပြပွဲကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၄ ရက်အထိ တပ်မတော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်စိုး**

### မန္တလေးတွင် ဂျပန်ရုပ်ရှင်ပွဲတော် ကျင်းပမည်

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးနှင့် The Japan Foundation Yangon တို့က ကြီးမှူးကျင်းပမည့် ဂျပန်ရုပ်ရှင်ပွဲတော် Japanese film Festival 2019 ကို မန္တလေးမြို့ ဝင်းလိုက်ရုပ်ရှင်ရုံ၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၀ ရက်ထိ ညနေ ၃ နာရီခွဲပွဲနှင့် ညနေ ၆ နာရီခွဲ နှစ်ပွဲအား ဝင်ကြေးအခမဲ့ဖြင့် ပြသသွားမည်ဖြစ်သည်။ ၂၀၁၉ ခုနှစ် ဂျပန်ရုပ်ရှင်ပွဲတော်တွင် ရင်ခုန်စိတ်လှုပ်ရှားစရာ ဂျပန်ရုပ်ရှင်ဇာတ်ကား ၁၃ ကားနှင့် မြန်မာနိုင်ငံတွင် လာရောက်ရိုက်ကူးထားသည့် ဂျပန်ရုပ်ရှင်ဇာတ်ကားအရှည်တစ်ကားနှင့် ဇာတ်လမ်းတို ရုပ်ရှင်ဇာတ်ကားတို တစ်ကား ပါဝင်သည်။ ဂျပန်ရုပ်ရှင်ဇာတ်ကားများသည် မြန်မာ-အင်္ဂလိပ်စာတန်းထိုး ဇာတ်ကားများဖြစ်ပြီး ရုပ်ရှင်လက်မှတ်များကို ပွဲမစမီ တစ်နာရီ ကြိုတင်၍ ဦးရာလူစနစ်ဖြင့် အခမဲ့ထုတ်ယူနိုင်သည်။ **သီဟကိုကို(မန္တလေး)**

### ❍ အာဆီယံ ယူ-၂၂ မှ

ဖွဲ့စည်းထားသည့် မြန်မာ ယူ-၂၂ အသင်းတွင် ပြီးခဲ့သည့်နှစ်က ဖွဲ့စည်းခဲ့သည့် ယူ-၂၁ အသင်းမှ ကစားသမားအများစုပါဝင်လာပြီး လက်ရှိလိဂ်ပြိုင်ပွဲများတွင် ခြေစွမ်းပြနေသည့် ကစားသမားအချို့လည်း ရွေးချယ်ခံထားရသည်။ မြန်မာ ယူ-၂၂ အသင်းတွင် နည်းပြချုပ် ပိုပေါ့ဗ်၊ လက်ထောက်နည်းပြ ဦးချစ်နိုင်၊ ဦးစိုးမြတ်မင်း၊ ကြံ့ခိုင်ရေးနည်းပြ ဟွမ်ရိုမန်၊ ဂိုးနည်းပြ ဦးအောင်ကျော်ကျော်၊ အားကစားသမားများအဖြစ် ဂိုး-ဘုန်းသစ္စာမင်း (ရှမ်း)၊ ဆန်းဆက်နိုင် (ရန်ကုန်)၊ စိုးအာကာ (မကွေး)၊ ထွန်းနန္ဒဦး (မြဝတီ)၊ နောက်တန်း-ဝင်းမိုးကျော် (မကွေး)၊ စိုးမိုးကျော် (ဧရာဝတီ)၊ အောင်ဝဏ္ဏစိုး (ဇွဲကပင်)၊ ရဲရင့်အောင် (ရတနာပုံ)၊ ထူးခန့်လွင်၊ သူရိန်စိုး (ရန်ကုန်)၊ ရဲမင်းသူ (ရှမ်း)၊ ဇင်ရဲနိုင် (အား/ ကာသိပ္ပံ)၊ ဟိန်းဖြိုးဝင်း (ရှမ်း)၊ အလယ်တန်း - နန်းထိုက်ဇော်၊ လွင်မိုးအောင် (ဧရာဝတီ)၊ ဇေယျာနိုင်၊ မြတ်ထွန်းသစ်၊ ဇင်မင်းထွန်း (မကွေး)၊ မြတ်ကောင်းခန့်၊ အောင်နိုင်ဝင်း (ရတနာပုံ)၊ ဇွဲသက်ပိုင် (ရှမ်း)၊ အောင်ကိုဦး၊ ဇော်ဝင်းသိန်း (MFF U-19)၊ ရှေ့တန်း-ဝင်းနိုင်ထွန်း (ရတနာပုံ)၊ ထက်ဖြိုးဝေ (ရှမ်း)၊ ဟိန်းထက်အောင် (ဟံသာဝတီ)၊ ကောင်းထက်စိုး၊ လွှမ်းမိုးဦး (ရန်ကုန်) တို့ ပါဝင်ကြသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်က ပထမဆုံးကျင်းပမည့် အာဆီယံ ယူ-၂၂ ပြိုင်ပွဲတွင် အသင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က) တွင် ဗီယက်နမ်၊ ထိုင်း၊ တီမောဖိလစ်ပိုင်၊ အုပ်စု (ခ) တွင် မလေးရှား၊ အင်ဒိုနီးရှား၊ မြန်မာနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသောကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် ရုန်းကန်ရဖွယ်ရှိနေသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွှန့်**

### ❑ အာရှချန်ပီယံလိဂ်မှ

ရန်ကုန်အသင်းသည် ယခုရာသီတွင် အကောင်းဆုံးအနေအထားမရသောကြောင့် ပုံစံကောင်းရရန် ပြင်ဆင်မှုများပြုလုပ်ရမည်ဖြစ်ပြီး ပြည်တွင်းပွဲများတွင် ကာလရှည် ပွဲပယ်ခံထားရသည့် ဂိုးသမားကျော်ဇင်ထက်နှင့် နောက်ခံလူ မင်းကျော်ခန့်တို့ ပါဝင်ကစားနိုင်မည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ယခုကစားရမည့် ဆီရက်စ်အသင်းနှင့် ၂၀၁၈ ရာသီ AFC Cup ပြိုင်ပွဲ အာဆီယံဇုန် ဆီမီးဖိုင်နယ်တွင် တွေ့ဆုံဖူးပြီး ရန်ကုန်အသင်းသည် နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-ငါးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ရန်ကုန်အသင်းသည် အာရှချန်ပီယံလိဂ်တွင် ခြေစစ်ပွဲမအောင်ပါက AFC Cup ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အောင်မြင်မှုရရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

**ရှိုင်းထက်ဇော်**

### မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရွာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**




# အလာဗက်ကို သုံးဂိုးပြတ်နိုင်ပြီး ရီးယဲလ်မက်ဒရစ်အသင်း ဘာစီလိုနာနဲ့ ရမှတ်တူရန် ရှစ်မှတ်ကွာအနေအထားကို ရောက်ရှိလာ

ရီးယဲလ်မက်ဒရစ်အသင်းဟာ စပိန်လာလီဂါပွဲစဉ် ၂၂ အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ အလာဗက်အသင်းနဲ့ ပွဲစဉ်မှာ သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန်မိနစ် ၃၀ မှာ ဘင်ဇီမာ၊ မိနစ် ၈၀ မှာ ဗင်နီစီယပ်ဂျူနီယာနဲ့ မိနစ် ၉၀ မှာ မာရီယာနိုတို့က သွင်းယူပေးခဲ့တာဖြစ်ပြီး အခုနိုင်ပွဲကြောင့် အမှတ်ပေးဇယားတတိယနေရာမှာ ရမှတ် ၄၂ မှတ်နဲ့ ထိပ်ဆုံးက ဘာစီလိုနာအသင်းရဲ့ရမှတ်နဲ့ တူညီဖို့ ရှစ်မှတ်ကွာအနေအထားကို ရောက်ရှိလာပါတယ်။ လက်ရှိမှာ ဘာစီလိုနာအသင်းက ရမှတ် ၅၀ နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ အမှတ်ပေးဇယားဒုတိယနေရာက အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ နှစ်မှတ်ကွာနေပြီး အက်သလက်တီကိုမက်ဒရစ်အသင်းကတော့ ရီးယဲလ်ဘက်တစ်အသင်းကို ရှုံးခဲ့တာကြောင့် ဘာစီလိုနာအသင်းကို လိုက်မီဖို့ ခြောက်မှတ်လိုအပ်နေတာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းအတွက် ပွဲကျပ်ကာလလို့ဆိုရမှာဖြစ်ပြီး ဖေဖော်ဝါရီ ၆ ရက်မှာ ဘာစီလိုနာအသင်းနဲ့ စပိန်ကိုပါဒယ်ရေးဖလားဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်၊ ဖေဖော်ဝါရီ ၉ ရက်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ စပိန်လာလီဂါပွဲစဉ်ကစားရမှာဖြစ်သလို ဖေဖော်ဝါရီ ၁၃ ရက်မှာလည်း အေဂျက်အသင်းနဲ့ ချန်ပီယံလိဂ်ပွဲစဉ်ကစားရမှာဖြစ်ပါတယ်။

# ဘာစီလိုနာမှ အခြားအသင်းသို့ ပြောင်းရွှေ့မည်မဟုတ်ဟု တိုက်စစ်မှူး ကော်တင်ဟိုပြောကြား

ဘာစီလိုနာတိုက်စစ်မှူး ကော်တင်ဟိုသည် ပရီမီယာလိဂ်ကလပ်မန်ယူအသင်းမှ ခေါ်ယူရန်စိတ်ဝင်စားနေခြင်းကို လျစ်လျူရှုရန် တောင်းဆိုခဲ့ပြီး မန်ယူအသင်းအပြင် အခြားသောမည်သည့်ကလပ်အသင်းကိုမျှ ပြောင်းရွှေ့ကစားမည်မဟုတ်ဘဲ ဘာစီလိုနာအသင်း၌သာ ဆက်ကစားလိုကြောင်း ပြောကြားခဲ့သည်။

ဘရာဇီးကြယ်ပွင့် ကော်တင်ဟိုသည် နျူးကမ့်တွင် ၁၂ လကြာဖြတ်သန်းခဲ့ပြီးလည်းဖြစ်သည်။ ကော်တင်ဟိုသည် ၂၀၁၈ ခုနှစ်က လီဗာပူးအသင်းမှ ပြောင်းရွှေ့လာခြင်းဖြစ်ပြီး ဘာစီလိုနာအသင်းတွင် တိုက်စစ်မှူးမက်ဆီ၊ ဆွာရတ်ဇ်၊ ဒမ်ဘီလီ စသည့်ကစားသမားများနှင့်အတူ ဘာစီလိုနာအသင်းတွင် အကောင်းဆုံးခြေစွမ်းပြကစားခွင့်ရရှိရန်လည်း မျှော်လင့်နေသူဖြစ်သည်။

ကော်တင်ဟိုသည် လီဗာပူးအသင်းတွင် ကစားခဲ့စဉ်က ပွဲပေါင်း ၁၅၂ ပွဲတွင် သွင်းဂိုး ၄၁ ဂိုးအထိသွင်းယူပေးနိုင်ခဲ့ပြီး လက်ရှိကလပ် ဘာစီလိုနာအသင်းတွင်မူ ၃၈ ပွဲပါဝင်ကစားပေးထားကာ သွင်းဂိုး ၁၂ ဂိုးအထိ သွင်းယူထားကြောင်းလည်း သိရသည်။

ယခုနှစ်ဘောလုံးရာသီတွင်မူ ရှစ်ဂိုးသွင်းယူထားပြီး ဂိုးဖန်တီးမှုငါးကြိမ်အထိ ရှိထားသူဖြစ်သည်။

**ငွေကြယ် - ရေးသားသည်**



# မင်းတုန်းမြို့၌ အထောက်အထားမဲ့ ဝင်ရောက်လာသူများအား ဖမ်းဆီးရမိ

**မင်းတုန်း ဖေဖော်ဝါရီ ၄**
ရခိုင်ပြည်နယ်မှ မကွေးတိုင်းဒေသကြီးအတွင်းသို့ အထောက်အထားမဲ့ ဖြတ်သန်းဝင်ရောက်လာသူ ၁၀ ဦးနှင့် လိုက်ပါပို့ဆောင်သူ နှစ်ဦးအား ယနေ့ နံနက် ၄ နာရီခွဲခန့်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ၎င်းတို့မှာ တံတားရဲကင်းဂိတ် မောင်းတံအား ကားဖြင့်တိုက်၍ ထွက်ပြေးသွားသည်ကို လိုက်လံဖမ်းဆီးရာမှတစ်ဆင့် ယင်းသို့ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း မင်းတုန်းမြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

မင်းတုန်းမြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်ကျော်လွင်ဖြိုးနှင့် တပ်ဖွဲ့ဝင်များသည် မင်းတုန်းမြို့ ကန်လည်တံတား ရဲကင်းဂိတ်တွင် စစ်ဆေးမှုဆောင်ရွက်နေစဉ် ကားတစ်စီးသည် မောင်းတံကိုတိုက်၍ မောင်းပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ အထောက်အထားမဲ့သူများကို တင်ဆောင်လာခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကားသည် အထောက်အထားမဲ့များအား လမ်းဘေးတောစပ်တွင် ချထားခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ တောနင်းရှာဖွေခဲ့ရာ မင်းတုန်းမြို့နယ် ပုသိမ်-မုံရွာ ကားလမ်းမိုင်တိုင်အမှတ်(၂၀၆/၅) နှင့် (၂၀၆/၆) ကြား ကျီးကန်ကျေးရွာအနီး ကားလမ်းအနောက်ဘက် တစ်မိုင်ခန့်အကွာ လျှိုထဲတွင် ဖမ်းဆီးရမိခဲ့သည်။

လတ်တလောတွင် သယ်ယူပို့ဆောင်သူ ယာဉ်မောင်းနှစ်ဦးနှင့် အထောက်အထားမဲ့ အဘုရှေပါ အမျိုးသား ၁၀ ဦးကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မှတ်ပုံတင်အက်ဥပဒေဖြင့် အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

## ဘူးသီးတောင်မြို့နယ်၌ လူတစ်ဦးအား ပစ္စတိုတစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည်ငါးတောင့်နှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**
လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၃ ရက်တွင် ဘူးသီးတောင်မြို့နယ်၌ လူတစ်ဦးအား ပစ္စတိုတစ်လက်နှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၃ ရက်က နယ်မြေလုံခြုံရေးဆောင်ရွက်နေစဉ် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် ဘူးသီးတောင်မြို့နယ် ညောင်ချောင်းနယ်မြေ ဖိုးခေါင်ချောင်း ချောင်းစပ်အနီး မသင်္ကာသူနှစ်ဦးကို တွေ့ရှိသဖြင့် စစ်ဆေးရန်ခေါ်ယူရာ လာရောက်ခြင်းမရှိဘဲ ၎င်းတို့လွယ်ထားသော လွယ်အိတ်ကိုပစ်ချ၍ ထွက်ပြေးသွားခဲ့ကြောင်း၊ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးရာ ပြိုင်းတောင်ကျေးရွာအရှေ့ဘက် နှစ်ဖာလုံခန့်အကွာတွင် ရွက်ညိုတောင်အလယ်ရွာနေ မာမောက်ဇူဘိုင်အား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ပစ်ချခဲ့သည့် လွယ်အိတ်အတွင်းမှ ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊



ကျည်ငါးတောင့်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ထွက်ပြေးလွတ်မြောက်သွားသူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြောက်ဦးမြို့နယ် ကျောက်ကျပ်ကျေးရွာအနီး ယာဉ်မတော်တဆမှုဖြစ်ပွား



**မြောက်ဦး ဖေဖော်ဝါရီ ၄**
ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ကျောက်ကျပ်ကျေးရွာအုပ်စု စေတီတောင်ကျေးရွာအနီး ရန်ကုန်-စစ်တွေ ကားလမ်းပေါ်တွင် ယနေ့ညနေ ၄ နာရီ ၁၅ မိနစ်က ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်တန်းနှင့်အတူ လိုက်ပါလာသော ဦးယဉ်မြင့် မောင်းနှင်လာသည့် Parado ယာဉ်မှာ ဝဲဘက်ရှေ့ဘီးပေါက် သွားသဖြင့် လမ်းအနောက်ဘက်သို့ ထိုးကျသွားခဲ့သည်။ ထို့နောက် ယာဉ်ပေါ်တွင် လိုက်ပါလာသော ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိုက်စိုးမှာ ဦးခေါင်းနှင့် ဝဲမျက်ခုံးအထက် ပေါက်ပြဲဒဏ်ရာ၊ ဝဲဘက်နားအောက် ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့ပြီး ဦးယဉ်မြင့်နှင့် ဦးကျော်မိုးအောင်တို့မှာ ထိခိုက်ဒဏ်ရာ အနည်းငယ်ရရှိခဲ့ကြောင်း သိရသည်။

ထို့နောက်(မစိုးရိမ်ရ)ဒဏ်ရာရရှိသူများအား မြောက်ဦးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကာ ခေတ္တဆေးကုသမှုခံယူပြီး စစ်တွေမြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သုံးဘီးဆိုင်ကယ်နှင့် ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်မိ ဆိုင်ကယ်မောင်းသူ သေဆုံး

**မိုးညို ဖေဖော်ဝါရီ ၄**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် သာယာကုန်းအုပ်စု သပြေပင်ကျေးရွာ မိုးညို - ရေကင်းသွားကားလမ်းပေါ်တွင် ဖေဖော်ဝါရီ ၃ ရက် ည ၈ နာရီ ၄၅ မိနစ်က သုံးဘီးဆိုင်ကယ်နှင့် ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်မိသဖြင့် ဆိုင်ကယ်မောင်းသူသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးညို-ရေကင်းသွား ကားလမ်းအတိုင်း ကျော်မင်းနိုင် မြောက်ဘက် မြို့သစ် (၇)လမ်း မင်းလှမြို့နယ်နေသူမောင်းနှင်ပြီး ပြည့်စုံအေးဇေယျဝတီရပ်ကွက် မင်းလှမြို့နေသူ လိုက်ပါလာသော သုံးဘီးဆိုင်ကယ်သည် အသားတိုးကြက်များတင်ဆောင်ကာ ရေကင်းဘက်မှ မိုးညိုဘက်သို့ မောင်းနှင်လာစဉ် မိုးညိုမှ ရေကင်းဘက်သို့ မောင်းနှင်လာသော ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင်တိုက်မိရာမှ ဆိုင်ကယ်မောင်းသူမှာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်မောင်းသူနှင့် ကျော်မင်းနိုင်တို့အား မိုးညိုမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုမင်း(မိုးညို)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**



## ဇန်းမောက်ခရိုင်အတွင်း ပိုင်ရှင်မဲ့ကျွန်းသစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**
စစ်ကိုင်းတိုင်းဒေသကြီး ဇန်းမောက်ခရိုင် နမ့်ဖားအဆိုပြု ကြိုးပြင်ကာကွယ်တောအတွင်းမှ သစ်တန်ချိန် ၂၂ ဒသမ ၁၄၀၆ တန်ရှိ ပိုင်ရှင်မဲ့ ကျွန်းသစ်နှင့် ကျွန်းခွဲသား စုစုပေါင်း ၁၅၂၅ လုံး၊ ပတ်လွှသစ်ခွဲစက်ငယ် သုံးလုံးနှင့် ဆက်စပ်ပစ္စည်းများအား ဖေဖော်ဝါရီ ၂ ရက် ညနေပိုင်းက ဇန်းမောက်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ တရားမဝင် သစ်ခိုးထုတ်နေသူများကို ဖမ်းဆီးရမိရေးနှင့် နယ်မြေရှင်းလင်းဆောင်ရွက်ခြင်းအား ဒေသခံတာဝန်ရှိသူများ၏ လုံခြုံရေးအကူအညီရယူ၍ ဆောင်ရွက်လျက်ရှိပြီး သိမ်းဆည်းရမိသစ်နှင့် ဆက်စပ်ပစ္စည်းများကို လုံခြုံရာသို့ အမြန်ဆုံးသယ်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟန်လင်းနိုင်**

# သတိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီး (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၀၇း၀၀ အချိန်တွင် မြို့တော်ခန်းမရှေ့မဟာဗန္ဓုလပန်းခြံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အခမ်းအနားကျင်းပစဉ် နံနက် ၀၆း၀၀ အချိန်မှစ၍ အခမ်းအနားပြီးဆုံးချိန်အထိ အောက်ဖော်ပြပါအတိုင်း ခေတ္တလမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လည်းကောင်း။
(ခ) ဘဏ်လမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လည်းကောင်း။
(ဂ) ကုန်သည်လမ်းအား ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိ လည်းကောင်း
လမ်းပိတ်ထားမည်ဖြစ်သဖြင့် မဟာဗန္ဓုလလမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ဆူးလေဘုရားလမ်း၊ ကမ်းနားလမ်း၊ ပန်းဆိုးတန်းလမ်းမှလည်းကောင်း၊ ကုန်သည်လမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ပန်းဆိုးတန်းလမ်း၊ ကမ်းနားလမ်း၊ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်းအတိုင်း မောင်းနှင်ကြပါရန်။
(ဃ) အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များ၏ မော်တော်ယာဉ်များအား ပန်းဆိုးတန်းလမ်းနှင့် ဆူးလေဘုရားလမ်းကြားရှိ ကုန်သည်လမ်းပေါ်တွင် လည်းကောင်း၊ ဘဏ်လမ်းပေါ်တွင် လည်းကောင်း၊ ပန်းဆိုးတန်းလမ်းပေါ်ရှိ ယာဉ်ပါကင်များတွင်လည်းကောင်း ရပ်နားနိုင်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## မောင်တောမြို့နယ် ပေါင်းဇားကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**မောင်တော ဖေဖော်ဝါရီ ၄**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် ပေါင်းဇားကျေးရွာ၌ ဖေဖော်ဝါရီ ၃ ရက် ည ၉ နာရီ မိနစ် ၅၀ ခန့်က နေအိမ်တစ်လုံးမီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

**လောင်ကျွမ်းခဲ့**

ဖြစ်စဉ်မှာ မောင်တောမြို့နယ် ပေါင်းဇားအုပ်စု ပေါင်းဇားကျေးရွာနေ အာမာန်အူလာ (၃၅)နှစ်သည် ၎င်း၏နေအိမ်ကို ကိုယ်တိုင်မီးရှို့ခဲ့ရာ ဝါးထရံကာ မြေစိုက်နေအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ဒု-မီးသတ်ဦးစီးမှူး လှိုင်းကိုကိုဦးဆောင်၍ တပ်ဖွဲ့ဝင်ခုနစ်ဦးတို့ သွားရောက်ငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီတွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

မီးရှို့ခဲ့သူ အာမာန်အူလာအား ပြင်ဖြူနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၂၃ စီး၊ သွင်းကုန် ၃၆၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂ စီး၊ သွင်းကုန် ၁၉၃ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သောကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃ ဒသမ ၁၃၃ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၀၂၆ သန်း) စုစုပေါင်း တားဆီးမှု ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉ ဒသမ ၁၅၉ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် Toyota Wish ယာဉ်နှစ်စီးနှင့် ထော်လာဂျီယာဉ်တစ်စီးတို့ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ သုည ဒသမ ၆၉ တန်၊ သစ်စေးတိုင် ၁ ဒသမ ၂၉ တိုင်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်သုံးစီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃ ဒသမ ၁၃၃ သန်း)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ခ) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ မိမိအလိုအလျောက် ထိပါးချိုးဖောက်မှုတွင် မူပိုင်ခွင့်တရားရုံးသည် အောက်ပါ အခြေအနေများ၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ယင်းတို့၏ အပြန်အလှန်စွပ်စွဲငြင်းဆိုသည့်အချက်များ အပါအဝင် သတင်းအချက်အလက်များအပေါ် အခြေခံ၍အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်းစသည့်ပဏာမနှင့်အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည် -

(၁) လိုအပ်သည့် သတင်းအချက်အလက်များကို ရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သော ကာလအတွင်း လိုအပ်သော သတင်းအချက်အလက်ကို မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့် စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာ ဟန့်တားလျှင်။

၇၄။ မူပိုင်ခွင့်တရားရုံးသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးထိပါးချိုးဖောက်ခြင်းအတွက် အရေးယူဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဤဥပဒေတွင်အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် သက်သေခံအက်ဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် အခြားစပ်ဆိုင်သည့် တည်ဆဲဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

**အခန်း (၂၃)**

**ပြစ်ဒဏ်များ**

၇၅။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် -

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ်ကိုမမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း၊

(ခ) မှတ်ပုံတင်စာရင်းတွင် မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း၊

(ဂ) လျှို့ဝှက်ထားရှိရမည့်စက်မှုဒီဇိုင်းကို လျှို့ဝှက်ထားရှိရမည့် ကာလအတွင်း၌ မသက်ဆိုင်သူအားထုတ်ဖော်အသိပေးခြင်း၊

(ဃ) စက်မှုဒီဇိုင်းလျှောက်ထားချက်နှင့် သက်ဆိုင်သောစာရွက်စာတမ်းများကို ထုတ်ပြန်ကြေညာခြင်းမပြုမီ သတ်မှတ်ထားသည့်ကာလအတွင်း၌ မသက်ဆိုင်သူအား ခွင့်ပြုချက်မရှိဘဲ ပေးအပ်ခြင်း၊ အများပြည်သူသို့ ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း။

**အခန်း (၂၄)**

**အထွေထွေ**

၇၆။ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဤဥပဒေပါ စက်မှုဒီဇိုင်းနှင့် စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၇၇။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ ယင်းကိုအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဆုံးဖြတ်ရာတွင် တစ်စုံတစ်ဦးအား ထိခိုက်နစ်နာစေမည်ဆိုပါက သတ်မှတ်ချက်များနှင့်အညီ ထိုသူကိုတင်ပြကြားနာခွင့် ပေးရမည်။

၇၈။ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပြီး တံဆိပ်ခတ်နှိပ်ထားသော စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ်မိတ္တူနှင့် အထောက်အထား စာရွက်စာတမ်းများကို သက်ဆိုင်ရာမူပိုင်ခွင့် တရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၇၉။ ဤဥပဒေပါမှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေးကိုထိပါးချိုးဖောက်မှုများသည် အစိုးရဌာနနှင့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်က စီးပွားရေးအလို့ငှာ မဟုတ်ဘဲ နိုင်ငံတော်၏ အရေးပေါ်အခြေအနေနှင့် အများပြည်သူ ဘေးအန္တရာယ်ကိစ္စများတွင် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းပါရှိသည့် ကုန်ပစ္စည်းတစ်ခုခုကို အများပြည်သူအကျိုးငှာ အသုံးပြုခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၈၀။ စက်မှုဒီဇိုင်းအငြင်းပွားသူ ပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက်ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့်ဖြစ်စေ၊ အနညာတစီရင်ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုခြင်းဖြင့်ဖြစ်စေ ဖြေရှင်းနိုင်သည်။

၈၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုဆောင်ရွက်နိုင်စေရန် ဝန်ကြီးဌာနသည် ဗဟိုကော်မတီနှင့်အေဂျင်စီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၈၂။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီအဖွဲ့ဝင်၊ အေဂျင်စီအဖွဲ့ဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်တို့၏ ချီးမြှင့်ငွေနှင့်စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်သတ်မှတ်ပေးရမည်။

၈၃။ ဤဥပဒေပါ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။

၈၄။ ဝန်ကြီးဌာနသည် အေဂျင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဦးစီးဌာနနှင့် ၎င်း၏ မူပိုင်ခွင့်ဆိုင်ရာ နယ်ပယ်အလိုက် ဌာနခွဲများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၈၅။ ဤဥပဒေအရဖွဲ့စည်းတည်ထောင်သည့် ဗဟိုကော်မတီနှင့်အေဂျင်စီတို့သည် မူပိုင်ခွင့်ဥပဒေအားလုံးအတွက် အကျုံးဝင်သည်ဟုမှတ်ယူရမည်။

၈၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးနှင့် သက်ဆိုင်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် -

(၁) နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ထုတ်ပြန်နိုင်သည်။

(၂) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) အေဂျင်စီနှင့်ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၈၇။ The Myanmar Patents and Designs (Emergency Provisions) Act, 1946 ကိုဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



သက်ကြီးဘိုးဘွား ၅၀ အား တစ်ဦးလျှင် ကျပ် ၃၀၀၀၀ စီ ထောက်ပံ့ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀နာရီခွဲက ရွှေပြည်သာမြို့နယ် ထ (၁၆)ရပ်ကွက် သိမ်တော်ကြီး၌ ကျင်းပရာ တိုင်းဒေသကြီးအမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်မင်း၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်အောင်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန္တာ(ပြန်/ဆက်)**

## ရတနာပုံတက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်း နတ်မတောင်တက်ရန် ကြိုတင်လေ့ကျင့်

**မန္တလေး ဖေဖော်ဝါရီ ၄**

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်ရှိ အမြင့်ပေ ၁၀၂၀၀ ရှိသော နတ်မတောင်သို့ တက်ရောက်ရန် ရတနာပုံခြေလျင်နှင့် တောင်တက်အသင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများသည် ပြင်ဆင်သည့်အနေဖြင့် အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့များတွင် တောင်သမန်အင်း တစ်ပတ် လမ်းလျှောက်ခြင်းနှင့် ကျုံးတစ်ပတ် လမ်းလျှောက်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ခြေလျင်နှင့်တောင်တက်အသင်းသည် ဖေဖော်ဝါရီ ၃ ရက် နံနက် ၅ နာရီခွဲတွင် ကျုံးတစ်ပတ်လမ်းလျှောက်ခြင်းနှင့် မန္တလေးတောင် တက်ရောက်လေ့ကျင့်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

“အဆိုပါ ရတနာပုံ ခြေလျင်တောင်တက် အားကစားကို ၂၀၀၁ ခုနှစ် ဇူလိုင်လမှစတင်ခဲ့ပြီး လေ့ကျင့်ခဲ့ပါတယ်။ ကချင်ပြည်နယ်က ရေခဲတောင်တွေကို မြန်မာနိုင်ငံခြေလျင်တောင်တက်အသင်းနဲ့ပူးပေါင်းပြီး တက်ရောက်ခဲ့ပါတယ်။ ခြေလျင်တောင်တက် အားကစားဟာ ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာပါ ဖွံ့ဖြိုးတိုးတက်စေပါတယ်” ဟု ရတနာပုံတက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**တင်မောင် (မန်းကိုယ်ပွား)**



## အင်းတော်မြို့နယ်တွင် မဲဇာချောင်းကူးကွန်ကရစ်တံတား ပန္နက်တင်



**အင်းတော် ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပင်သချေကျေးရွာအနီး မဲဇာချောင်းကူး ကွန်ကရစ်တံတား ကိုယ့်အားကိုယ်ကိုး တည်ဆောက်ရေးအတွက် ပန္နက်တင် အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီခွဲက ပင်သချေကျေးရွာအနီး လူကူးတံတားဟောင်း နေရာ၌ ကျင်းပသည်။

အဆိုပါ ကွန်ကရစ်တံတားသည် အရှည်ပေ ၅၄၀၊ အကျယ် ၁၇ ပေရှိပြီး ကျပ်သိန်း ၁၀၀၀ ကျော်ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(စ) မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို တရားမဝင်ကြောင်း ကြေညာခြင်းဖြစ်ကြောင်း မှတ်တမ်းတင်ပြီး ထိုသို့တရားမဝင်ကြောင်း ကြေညာခြင်းကို အမှတ်တံဆိပ်ပိုင်ရှင်ထံ အကြောင်းကြားရမည့်အပြင် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၅၁။ (က) အမှတ်တံဆိပ် အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ လျှောက်ထားချက်အရ မှတ်ပုံတင်အရာရှိသည် အောက်ဖော်ပြပါ တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ရမည် -

(၁) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်နှင့်သက်ဆိုင်သည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို မှတ်ပုံတင်အရာရှိထံ လျှောက်ထားသည့်နေ့မှစ၍ သုံးနှစ်အတွင်း လုံးဝအသုံးမပြုခြင်းနှင့် အဆိုပါအသုံးပြုမှု ပျက်ကွက်ခြင်းအတွက် ခိုင်လုံသော အကြောင်းပြချက်မရှိခြင်း၊

(၂) မှတ်ပုံတင်ထားသောအမှတ်တံဆိပ် အသုံးပြုခြင်းအား တစ်ဆက်တည်း သုံးနှစ်ကြာဆိုင်းငံ့ထားခြင်းနှင့် အဆိုပါဆိုင်းငံ့ထားခြင်းအတွက် ခိုင်လုံသော အကြောင်းပြချက်မရှိခြင်း၊

(၃) မှတ်ပုံတင်ထားသောအမှတ်တံဆိပ်သည် ကုန်ပစ္စည်း၏ အမျိုးအစား၊ ဆက်စပ်သော အကြောင်းအရာ၊ အရည်အသွေး၊ အရေအတွက်၊ ရည်ရွယ်ထားသော အသုံးဝင်မှု၊ တန်ဖိုး၊ မူရင်းဒေသ၊ ထုတ်လုပ်သည့်အချိန်တို့ကို ဖော်ပြသည့် ညွှန်းပြချက်များ သို့မဟုတ် မျက်မှောက်ဝေါဟာရ အသုံးအနှုန်းတွင် ယေဘုယျ အသုံးအနှုန်းဖြစ်လာခြင်းသို့မဟုတ် ဓလေ့ထုံးစံဖြစ်လာခြင်းနှင့် ကုန်သွယ်မှုနယ်ပယ်တွင် လက်တွေ့အသုံးအနှုန်းဖြစ်လာသည့် ညွှန်းပြချက်များ သီးသန့်ပါဝင်လာခြင်း။

(ခ) ပုဒ်မခွဲ (က) အရ အမှတ်တံဆိပ်အသုံးပြုခြင်းတွင် အောက်ပါတို့ပါဝင်သည်-

(၁) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ ထူးခြားသော လက္ခဏာများအား ပြောင်းလဲခြင်းမရှိဘဲ ကွဲပြားသော ပုံစံတစ်ခုအဖြစ် အသုံးပြုခြင်း၊

(၂) ပြည်ပသို့တင်ပို့ရန် ရည်ရွယ်၍ ကုန်ပစ္စည်းများပေါ်တွင် အမှတ်တံဆိပ်ကို ကပ်ခြင်းသို့မဟုတ် ယင်းကုန်ပစ္စည်းကို ထုပ်ပိုးထားခြင်းအပေါ်တွင် အမှတ်တံဆိပ်ကို ကပ်ခြင်းတို့ အပါအဝင် နိုင်ငံတော်တွင် အသုံးပြုခြင်း။

(ဂ) ဤဥပဒေအရ အမှတ်တံဆိပ်အသုံးပြုသည့်ကာလ၊ သဘောသဘာဝ သို့မဟုတ်နယ်ပယ်အပါအဝင် အမှတ်တံဆိပ်အား အသုံးပြုမှုကို သက်သေပြရန် လိုအပ်လျှင်အဆိုပါ သက်သေပြရန်တာဝန်သည် အမှတ်တံဆိပ်ပိုင်ရှင်အပေါ် ကျရောက်စေရမည်။

(ဃ) ပယ်ဖျက်စေသည့် အကြောင်းရင်းများသည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအချို့နှင့်သာ သက်ဆိုင်လျှင်ယင်းနှင့်ဆက်စပ်သော မှတ်ပုံတင်ခြင်းကိုသာလျှင် ပယ်ဖျက်စေရမည်။

(င) အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ပြီးပါက အဆိုပါမှတ်ပုံတင်ခြင်းသည် တရားဝင်ရပ်စဲပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(စ) မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို ပယ်ဖျက်ကြောင်း မှတ်တမ်းတင်ပြီး ထိုသို့ပယ်ဖျက်ပြီးကြောင်းကို အမှတ်တံဆိပ်ပိုင်ရှင်ထံ အကြောင်းကြားရမည့်အပြင် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၅၂။ မည်သူမဆို ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဂ) နှင့် ငြိစွန်းသဖြင့် မှတ်ပုံတင်အရာရှိက မှတ်ပုံတင်ရန် ငြင်းပယ်သည့် သို့မဟုတ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်သည့် အမှတ်တံဆိပ်ကို အသုံးမပြုရ။

## အခန်း(၁၆)
## ဒေသဆိုင်ရာအညွှန်း

၅၃။ သက်ဆိုင်ရာကုန်ပစ္စည်းကို ထုတ်လုပ်သော ဒေသအတွင်းရှိ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအားကိုယ်စားပြုသည့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုခုသည် ဒေသဆိုင်ရာအညွှန်းကိုမှတ်ပုံတင်လိုပါက မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည် -

(က) သဘာဝထွက်ကုန် သို့မဟုတ် သဘာဝသယံဇာတများဖြင့် ကုန်ပစ္စည်းထုတ်လုပ်သူများ၊

(ခ) စိုက်ပျိုးရေးထွက်ကုန်ထုတ်လုပ်သူများ၊

(ဂ) လက်မှုပစ္စည်း သို့မဟုတ် စက်မှုပစ္စည်းဆိုင်ရာထုတ်ကုန် ထုတ်လုပ်သူများ၊

(ဃ) ပုဒ်မခွဲ (က) မှ (ဂ) အထိ ဖော်ပြထားသူများ၏ ကိုယ်စား သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများ။

၅၄။ (က) ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်လျှောက်ထားရာတွင် အောက်ပါ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်-

(၁) လျှောက်ထားသည့် အဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားနှင့် နေရပ်လိပ်စာ၊

(၂) မှတ်ပုံတင်လျှောက်ထားခြင်းအတွက် ဒေသဆိုင်ရာအညွှန်း၊

(၃) လျှောက်ထားသည့်ဒေသဆိုင်ရာအညွှန်းထွက်ရှိရာဒေသ၊

(၄) ဒေသဆိုင်ရာအညွှန်းအဖြစ် ညွှန်းဆိုသည့် ကုန်ပစ္စည်း။

(ခ) အဆိုပါ လျှောက်လွှာများနှင့်အတူ အောက်ပါတို့ကို ဖော်ပြရမည် -

(၁) ကုန်ပစ္စည်း၏ထူးခြားသော အချက်အလက်များ သို့မဟုတ် အရည်အသွေး သို့မဟုတ် ထင်ပေါ်ကျော်ကြားမှု၊

(၂) ကုန်ပစ္စည်း၏ တိကျစွာ သတ်မှတ်ထားသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် ဝိသေသလက္ခဏာများ၊ မူရင်းဒေသနှင့် ထုတ်လုပ်မှုနည်းစနစ်တို့၏ ဆက်စပ်မှု၊

(၃) သတ်မှတ်သည့် အခြားအချက်များ။

(ဂ) လျှောက်ထားရာတွင် သတ်မှတ်သည့် မှတ်ပုံတင်ကြေးကို ပေးသွင်းရမည်။

၅၅။ ဒေသဆိုင်ရာအညွှန်းသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့်ငြိစွန်းနေပါက မှတ်ပုံတင်ခွင့်မရှိစေရ -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဏ) ပါ ဒေသဆိုင်ရာအညွှန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှု မရှိခြင်း၊

(ခ) အဆိုပါ ဒေသဆိုင်ရာအညွှန်းကို သုံးစွဲမည့် ကုန်ပစ္စည်းသည် နိုင်ငံတော်ရှိ အများသုံး ဝေါဟာရတွင် ယေဘုယျအသုံးအနှုန်း သို့မဟုတ် ဓလေ့ထုံးစံဖြစ်နေခြင်း၊

(ဂ) အများပြည်သူ၏ အေးချမ်းတည်ငြိမ်ရေး သို့မဟုတ် ကိုယ်ကျင့်တရား ကောင်းမွန်ရေး သို့မဟုတ် အများပြည်သူဆိုင်ရာမူနှင့် ဆန့်ကျင်သော ဒေသဆိုင်ရာအညွှန်းတစ်ရပ် ဖြစ်ခြင်း။

၅၆။ အကျိုးသက်ဆိုင်သူ မည်သူမဆို သို့မဟုတ် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းမဆို အောက်ပါ အကြောင်းပြချက်များဖြင့် ဒေသဆိုင်ရာအညွှန်းအားမှတ်ပုံတင်ထားခြင်းကို တရားမဝင်ကြောင်း ကြေညာရန် သို့မဟုတ် ပယ်ဖျက်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်-

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဏ) ပါ ဒေသဆိုင်ရာအညွှန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှု မရှိခြင်း၊

(ခ) ပုဒ်မ ၅၄၊ ပုဒ်မခွဲ (ခ) ပါ ချမှတ်ထားသော အချက်အလက်များနှင့် သက်ဆိုင်သည့်လိုအပ်ချက်များနှင့် ကိုက်ညီစေရန် သေချာစွာ ဆက်လက်လုပ်ဆောင်နိုင်မှုမရှိခြင်း၊

(ဂ) မူရင်းထွက်ရှိရာနိုင်ငံတွင် အကာအကွယ်ပြုလုပ်မထားသော သို့မဟုတ် ကာကွယ်ခြင်းရပ်စဲသွားသော သို့မဟုတ် အဆိုပါနိုင်ငံတွင် အသုံးမပြုတော့သော ပြည်ပဒေသဆိုင်ရာ အညွှန်းတစ်ရပ်ရပ်ဖြစ်ခြင်း၊

(ဃ) အများပြည်သူ၏အေးချမ်းတည်ငြိမ်ရေး သို့မဟုတ် ကိုယ်ကျင့်တရားကောင်းမွန်ရေး သို့မဟုတ် အများပြည်သူဆိုင်ရာမူနှင့် ဆန့်ကျင်နေသော ဒေသဆိုင်ရာအညွှန်း တစ်ရပ်ဖြစ်ခြင်း။

၅၇။ (က) မှတ်ပုံတင်စာရင်းတွင် ဖော်ပြထားသော ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ဖော်ပြထားသော ဒေသအတွင်း ၎င်း၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နေသူများကသာ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် မှတ်ပုံတင်ထားသော ဒေသဆိုင်ရာအညွှန်းကို သုံးစွဲခွင့်ရှိရမည်။ သို့ရာတွင် အဆိုပါ ကုန်ပစ္စည်းများသည် မှတ်ပုံတင်စာရင်းတွင် သတ်မှတ်ဖော်ပြထားသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် အခြားသော ဝိသေသလက္ခဏာများနှင့် ပြည့်စုံရမည်။

(ခ) သံတူကြောင်းကွဲဖြစ်နေသည့် ဒေသဆိုင်ရာအညွှန်းများတွင် မှတ်ပုံတင်ပြီးသော ဒေသဆိုင်ရာအညွှန်းအမည်နှင့် နောက်ပိုင်းတွင်မှ မှတ်ပုံတင်သည့် သံတူကြောင်းကွဲဒေသဆိုင်ရာအညွှန်း အမည်တို့အကြား လက်တွေ့ကျင့်သုံးမှုတွင် သိသာထင်ရှားသော ကွဲပြားခြားနားမှုရှိသည့်အခါမှသာ သက်ဆိုင်ရာထုတ်လုပ်သူများအား သာတူညီမျှပြုမူဆက်ဆံရန်နှင့် စားသုံးသူများအားထင်ယောင်ထင်မှားမဖြစ်စေရန် လိုအပ်ချက်တို့ကို ထည့်သွင်းစဉ်းစား၍ အကာအကွယ်ပေးရမည်။

(ဂ) မှတ်ပုံတင်ထားသော ဒေသဆိုင်ရာအညွှန်း၏ အခွင့်အရေးရရှိသူသည် အောက်ပါ ကိစ္စရပ်များကို ကာကွယ်တားဆီးပိုင်ခွင့်ရှိသည် -

(၁) ကုန်ပစ္စည်း၏ ဒေသဆိုင်ရာအညွှန်းနှင့်စပ်လျဉ်း၍ အများပြည်သူကို လှည့်ဖြားရန်အလို့ငှာ မူရင်းဒေသမှန်မှမဟုတ်ဘဲ အဆိုပါဒေသမှ ထွက်ရှိသောပစ္စည်းဖြစ်ကြောင်း ဖော်ပြ၍ တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊

(၂) တရားမျှတမှုမရှိသည့် ယှဉ်ပြိုင်မှုတစ်ရပ်ကိုဖြစ်စေသော မှတ်ပုံတင်ထားသည့် ဒေသဆိုင်ရာအညွှန်းကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊

(၃) ကုန်ပစ္စည်း၏ မူရင်းဒေသကို ညွှန်ပြရာတွင်ဖြစ်စေ၊ ဒေသဆိုင်ရာအညွှန်းကို ဘာသာပြန်ဆို၍ အသုံးပြုရာတွင်ဖြစ်စေ၊ အမျိုးအစား၊ အုပ်စု၊ ပုံစံ၊ တုပခြင်း သို့မဟုတ် အလားတူဖော်ပြချက်များဖြင့် ဒေသဆိုင်ရာအညွှန်းကို တွဲဖက်အသုံးပြုထားရာတွင်ဖြစ်စေ အငြင်းပွားနေသော ဒေသဆိုင်ရာအညွှန်းဖြင့် ဖော်ပြထားသော ဒေသမှမဟုတ်သည့် ကုန်ပစ္စည်းများအတွက် ဒေသဆိုင်ရာအညွှန်းကို အသုံးပြုခြင်း။

(ဃ) ကုန်ပစ္စည်းမူရင်းထွက်ရှိရာ နယ်နိမိတ်၊ ဒေသ သို့မဟုတ် နယ်မြေကို တိကျမှန်ကန်စွာ ဖော်ပြထားသော်လည်း အခြားနယ်နိမိတ်မှထွက်ရှိသော ကုန်ပစ္စည်းအဖြစ် အများပြည်သူကို မှားယွင်းစွာဖော်ပြထားသော အခြားဒေသဆိုင်ရာ အညွှန်းများသည် ပုဒ်မခွဲ (က) နှင့် (ဂ) တို့ပါ အခွင့်အရေးများ မရရှိစေရ။

၅၈။ (က) မှတ်ပုံတင်အရာရှိသည် လျှောက်ထားချက်အား ပုဒ်မ ၅၃၊ ပုဒ်မ ၅၄၊ ပုဒ်မ ၅၅ တို့နှင့် ကိုက်ညီမှုရှိပါက လျှောက်ထားချက်တွင် ပါဝင်သောအကြောင်းအရာများနှင့် အချက်အလက်များကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ခ) ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် အမှတ်တံဆိပ်၏ ကန့်ကွက်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များကို လိုအပ်သလိုအသုံးပြုနိုင်သည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ကန့်ကွက်ချက်ကို လက်ခံရရှိခြင်း မရှိလျှင်သော်လည်းကောင်း၊ ကန့်ကွက်ချက်ကို ငြင်းပယ်ခဲ့လျှင်သော်လည်းကောင်း ဒေသဆိုင်ရာအညွှန်းကို မှတ်ပုံတင်ပေးရမည်။

၅၉။ မှတ်ပုံတင်ထားသော ဒေသဆိုင်ရာအညွှန်း၏ သက်တမ်းသည် ၎င်းကို အကာအကွယ်ပေးရန်ခွင့်ပြုခဲ့သည့် ထူးခြားသော ဝိသေသလက္ခဏာများ၊ အရည်အသွေး သို့မဟုတ် ထင်ပေါ်ကျော်ကြားမှုများ တည်ရှိနေသရွေ့ ဤဥပဒေအရ အကာအကွယ် ရရှိစေရမည်။

၆၀။ (က) ဒေသဆိုင်ရာအညွှန်းတစ်ရပ်ကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားပြီးနောက် အမှတ်တံဆိပ်မှတ်ပုံတင်ရန် လျှောက်ထားလာလျှင်ပုဒ်မ ၅၇ ကို ချိုးဖောက်၍ဖြစ်စေ၊ တူညီသော ထုတ်ကုန်နှင့်ဆက်စပ်၍ဖြစ်စေ အသုံးပြုသော အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းအား မှတ်ပုံတင်အရာရှိက ငြင်းပယ်ရမည်။

(ခ) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်များသည် ပုဒ်မခွဲ (က)နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက ယင်းအမှတ်တံဆိပ်များသည် တရားမဝင်ကြောင်း ကြေညာခြင်းခံရမည်။

(ဂ) ဒေသဆိုင်ရာအညွှန်းကို မှတ်ပုံတင်ရန် မလျှောက်ထားမီ သဘောရိုးဖြင့် မှတ်ပုံတင်ထားပြီးသော သို့မဟုတ် လျှောက်ထားပြီးသော အမှတ်တံဆိပ်သည် ပုဒ်မ ၅၇ ကို ချိုးဖောက်၍အသုံးပြုထားသော်လည်း အခန်း(၁၅) ပါပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်းမရှိလျှင်ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်ခြင်းတွင် မည်သို့ပင်ရှိစေကာမူ အဆိုပါ ထုတ်ကုန်များအတွက်ဆက်လက်အသုံးပြုနိုင်သည်။ မှတ်ပုံတင်အရာရှိသည် အဆိုပါ ကိစ္စရပ်များအတွက် ဒေသဆိုင်ရာ အညွှန်းအသုံးပြုမှုကို ယင်းနှင့်ဆက်နွယ်နေသော အမှတ်တံဆိပ်အသုံးပြုမှုကဲ့သို့ ခွင့်ပြုရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# မြန်မာ့ကလေးများနေ့အကြို မူလတန်းကြို ရင်သွေးငယ်များ အားကစားပြိုင်



**ဘားအံ ဖေဖော်ဝါရီ ၄**

ကလေးငယ်များ ကျန်းမာပျော်ရွှင်စွာဖြင့် ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အနာဂတ်တွင် ထူးချွန်ထက်မြက်သည့်ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက လင်းလက်ရောင်ခြည်မူလတန်းကြိုကျောင်းမှ မြန်မာ့ကလေးများနေ့အကြို မူကြိုရင်သွေးငယ်များ အားကစားပြိုင်ပွဲကို ဘားအံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနၣ် ကျင်းပသည်။

အားကစားပြိုင်ပွဲများကို Pre-KG၊ P-1၊ P-2 အတန်းသုံးတန်းမှ ကျား/မ ခွဲ၍ မုန့်ကိုက်ပြိုင်ပွဲ၊ ဦးထုပ်ဆောင်းပြေးပြိုင်ပွဲ၊ ဖားခုန်ပြိုင်ပွဲ၊ ဘောလုံးဖင်ထိုင်ခွဲပြိုင်ပွဲ၊ ခေါင်းအုံးရွက်ပြိုင်ပွဲ၊ ဇွန်းကိုက်ဘောလုံးသယ်ပြိုင်ပွဲ၊ ဘောလုံးနှင့် နှစ်ယောက်ပြေးပြိုင်ပွဲ၊ ရေဘူးရေဖြည့်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲနှင့် ဘောလုံးညှပ်ပြေးပြိုင်ပွဲများကို ကျင်းပရာ လင်းလက်ရောင်ခြည်မူလတန်းကြိုကျောင်းမှ မူကြိုရင်သွေးငယ် ၁၀၀ ဦးခန့် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်ခင်စောလင်းနှင့် လင်းလက်ရောင်ခြည် မူလတန်းကြိုကျောင်းမှ တာဝန်ရှိသူများက ဆုရရှိကြသည့် မူကြိုရင်သွေးငယ်များအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကင်ဆာအသိပညာပေးမှုမြှင့်တင်ရေး လှုထုလှုပ်ရှားမှုစတင်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ဦးဆောင်မှု၊ ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းမှ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ကမ္ဘာ့ကင်ဆာရောဂါအထိမ်းအမှတ်နေ့ သုံးနှစ်တာကာလ (၂၀၁၉- ၂၀၂၁) ကင်ဆာအသိပညာပေးမှုမြှင့်တင်ရေး လူထုလှုပ်ရှားမှုစတင်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၆ နာရီခွဲက ဗဟန်းမြို့နယ်ဘောလုံးကွင်း၌ ကျင်းပသည်။

**သုံးစွဲမှု ရှောင်ကြဉ်**

"ကင်ဆာရောဂါဆိုတာ ကာကွယ်လို့ရပါတယ်။ ကာကွယ်ကုသလို့ရတယ်ဆိုတာ ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိလာအောင်၊ ကင်ဆာ ရှိ၊ မရှိ ကြိုတင်စစ်ဆေးမယ်။ ရှိမယ်ဆိုရင် နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်နဲ့ပြသကုသမယ်ဆိုရင် ပျောက်ကင်းနိုင်ပါတယ်။ ကျန်းမာတဲ့ လူနေမှုပုံစံနဲ့နေထိုင်မယ်။ ဆေးလိပ်၊ ကွမ်းယာ၊ အရက်သုံးစွဲမှုရှောင်ကြဉ်မယ်ဆိုရင် ကင်ဆာဖြစ်ပွားမှုတွေ လျော့ကျသွားမှာဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး တိုင်းကျန်းမာရေးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးထွန်းမြင့်က ပြောသည်။

အဆိုပါ နိုင်ငံတကာ ကင်ဆာထိန်းချုပ်ရေးအဖွဲ့ကြီးက ချမှတ်ထားသော ကမ္ဘာ့ကင်ဆာရောဂါနေ့ သုံးနှစ်တာဆောင်ပုဒ်မှာ . I am... and I Will ... ကျွန်ုပ်သည်...နှင့် ကျွန်ုပ်က .... ဟူ၍ဖြစ်သည်။ လူတိုင်းလူတိုင်း ကင်ဆာရောဂါတိုက်ဖျက်ရေးတွင် မိမိတို့၏ အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်လုပ်ဆောင်နိုင်ရန် တိုက်တွန်းထားခြင်းဖြစ်သည်။

**ခံစားနေရ**

၂၀၁၈ ခုနှစ်တွင်ထုတ်ပြန်ထားသည့် ကမ္ဘာ့ကင်ဆာရောဂါဆိုင်ရာ ကိန်းဂဏန်းများအရ ကမ္ဘာပေါ်တွင် ကင်ဆာရောဂါဝေဒနာခံစားနေရသူပေါင်း ၁၈ ဒသမ ၁ သန်းအထိမြင့်တက်လာပြီး သေဆုံးသူပေါင်းမှာလည်း ၉ ဒသမ ၆ သန်းရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာကင်ဆာသုတေသနအဖွဲ့ကြီးမှ ခန့်မှန်းတွက်ချက်မှုအရ ကမ္ဘာပေါ်တွင် အမျိုးသားငါးဦးလျှင် တစ်ဦး၊ အမျိုးသမီး ခြောက်ဦးလျှင် တစ်ဦး လူ့သက်တမ်းအတွင်း ကင်ဆာရောဂါခံစားနေရပြီး အမျိုးသားရှစ်ဦးလျှင် တစ်ဦး၊ အမျိုးသမီး ၁၁ ဦးလျှင်တစ်ဦး ကင်ဆာရောဂါကြောင့် သေဆုံးနေရကြောင်း သိရသည်။

**နေထိုင်စားသောက်**

မြန်မာနိုင်ငံရှိ အမျိုးသားများတွင် အဆုတ်ကင်ဆာနှင့် အသည်းကင်ဆာဖြစ်ပွားမှုနှုန်းများပြီး အမျိုးသမီးများမှာ ရင်သားကင်ဆာနှင့် သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှု အများဆုံးဖြစ်ကြောင်း၊ လူတိုင်းလူတိုင်း ဆေးလိပ်နှင့် ကွမ်းယာ၊ အရက်သေစာသောက်သုံးခြင်းမှ ရှောင်ကြဉ်ခြင်း၊ ရောဂါမဖြစ်ပွားမီ ဆရာဝန်နှင့်ပြသစစ်ဆေးမှုကိုခံယူခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနှင့် ကျန်းမာရေးနှင့် ညီညွတ်မျှတအောင် နေထိုင်စားသောက်ခြင်းတို့ဖြင့် ကင်ဆာရောဂါမှ ကင်းဝေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**



# မြဝတီမြို့၌ မြန်မာ့အာမခံလုပ်ငန်းအကြောင်း အသိပညာပေး ဟောပြော

**မြဝတီ ဖေဖော်ဝါရီ ၄**

ကရင်ပြည်နယ် မြဝတီမြို့ ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် မြန်မာ့အာမခံလုပ်ငန်း မြဝတီခရိုင်ရုံးမှ ကျန်းမာရေးဝန်ထမ်းများအား မြန်မာ့အာမခံလုပ်ငန်းအကြောင်း သိကောင်းစရာများကို ဖေဖော်ဝါရီ ၂ ရက်က အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

ထိုသို့ ဟောပြောရာ မြန်မာ့အာမခံလုပ်ငန်း မြဝတီခရိုင်ရုံးမှ ခရိုင်တာဝန်ခံ ဒေါ်ဝင်းဝင်းသန်းက ပြည်သူ့ဝန်ထမ်း အသက်အာမခံကာလတိုနှင့် ကာလရှည် အကြောင်း၊ သူတစ်ပါးထိခိုက်မှု အာမခံအကြောင်းနှင့် တောင်သူလယ်သမား အသက်အာမခံအကြောင်း သိကောင်းစရာများကို အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ ခရိုင်တာဝန်ခံက ပြန်လည်ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုပြိုင်ပွဲများကျင်းပ

**အထက်မင်းလှ**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို မူလတန်းအဆင့် ပုံပြောပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာဇာငြိမ်းက ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန်၊ စာပေဖတ်ရှုမှုတိုးတက်စေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ အပြောစွမ်းရည်တိုးတက်စေရန် ယခုလိုပြိုင်ပွဲများကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး မင်းလှမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**မိုးနဲ**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲသို့ မိုးနဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့်တွင် ၁၅ ဦး၊ အလယ်တန်းအဆင့်တွင် ၁၈ ဦး၊ မူလတန်းအဆင့်တွင် ၂၂ ဦး စုစုပေါင်း ၅၅ ဦးတို့က ပြည်ထောင်စုနေ့တို့မမေ့ ခေါင်းစဉ်ဖြင့် ဝင်ရောက်ဖြေဆိုခဲ့ကြပြီး အသိပညာပေး နံရံကပ်ပြဘုတ်များအား ကျောင်းသား ကျောင်းသူလေးများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**သီပေါ**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ (၇၂) နှစ်မြောက်ပြည်ထောင်စုနေ့အကြို ဟောပြောပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီက ကျင်းပရာ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခင်နီလာစိုးက ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကိုပြောကြားပြီး စာရေးဆရာ ဒေါက်တာ နန္ဒဝင်း (ဆေး-၁) က ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ဟောပြောရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြောင်းသိရသည်။ **စိုင်း (သီပေါ)**

**တိုတိုထွာထွာဖတ်စရာ**

### ကမ္ဘာ့ကင်ဆာရောဂါနေ့ သုံးခွတွင်ကျင်းပ

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီးသုံးခွမြို့သာသနာ့ဗိမာန်တော်ကြီးတွင် ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီက ကမ္ဘာ့ကင်ဆာရောဂါနေ့အသိပညာမြှင့်တင်ရေးလှုပ်ရှားမှုဟောပြောပွဲ ကျင်းပသည်။

မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဇော်ဝင်းသန်းက အဖွင့်အမှာစကားပြောကြားပြီး ဒေါက်တာဌေးဌေးကြည် (မန်နေဂျင်းဒါရိုက်တာ ပင်လုံဆေးရုံများအုပ်စု) က ကမ္ဘာ့ကင်ဆာနေ့အကြောင်း၊ ကင်ဆာရောဂါ ကြိုတင်ကာကွယ်ခြင်းနှင့် ကမ္ဘာ့ကင်ဆာနေ့ဆောင်ပုဒ် I am ...and I will... အကြောင်းပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။

ထို့အပြင် အသည်းရောင်အသားဝါဘီပိုးရှိ၊ မရှိ စစ်ဆေးပေးခြင်း၊ ရင်သားကင်ဆာ ကြိုတင်ကာကွယ်ရေး စမ်းသပ်စစ်ဆေးနည်းပြသပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

### ကင်ဆာရောဂါအကြောင်းပညာပေးဟောပြော

**ပုသိမ်**

ကင်ဆာရောဂါများအကြောင်း အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဦးမျိုးသန့်က World Cancer Day ဖြစ်ပေါ်လာမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆေးပညာအထူးကုဆရာဝန်ကြီး ဒေါက်တာနီလာထွန်းက General Medicine in Oncology အကြောင်းနှင့်ပတ်သက်၍လည်းကောင်း၊ သွားနှင့်ခံတွင်းအထူးကုဆရာဝန် ဒေါက်တာထက်ထက်ကျော်က ခံတွင်းကင်ဆာအကြောင်းနှင့်ပတ်သက်၍လည်းကောင်း၊ ကင်ဆာဆေးပညာအထူးကုဆရာဝန်ကြီး ဒေါက်တာအေးစန္ဒာညွန့်က ကင်ဆာရောဂါအကြောင်းသိကောင်းစရာများကိုလည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# မကွေးတက္ကသိုလ်တွင် eTekkatho အသုံးပြုနည်း ကျောင်းသား ကျောင်းသူများအား ပြသ



**မကွေး ဖေဖော်ဝါရီ ၄**

မကွေးတက္ကသိုလ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် စာကြည့်တိုက်တွင် ဖွင့်လှစ်ပေးမည့် eTekkatho အသုံးပြုနည်းအစီအစဉ်အတွက် မဟာဝိဇ္ဇာ၊ သိပ္ပံ ဒုတိယနှစ် ဘာသာရပ်အလိုက် အထူးပြု ကျောင်းသား ကျောင်းသူများအား ဖေဖော်ဝါရီ ၁ ရက်မှ ၁၁ ရက်ထိ ဘာသာရပ်ဆရာမများက ကြီးမှူး၍ နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ အထူးပြု ဘာသာရပ် အချိန်ဇယားအတိုင်း ပြသဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဗဟုသုတနှင့် ပညာရှာ eTekkatho စာကြည့်တိုက်မှာ မန်ချက်စတာတက္ကသိုလ်မှ တည်ဆောက်ထားသော eTekkatho ဒစ်ဂျစ်တယ်စာကြည့်တိုက်တွင် အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသားများအတွက် ဘာသာရပ်ပေါင်း ၅၀ ကျော်မှ လေ့လာကိုးကားစရာစာအုပ်စာတမ်းများ၊ Video Tutorial များနှင့် ဆရာ ဆရာမများအတွက် ပညာရေးသီအိုရီနှင့် နည်းပညာများ ထည့်သွင်းထားကြောင်း သိရသည်။

အထွေထွေဗဟုသုတရှာဖွေသူများအတွက် မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားထားသော ဝီကီပီးဒီးယားစွယ်စုံကျမ်း၊ သင်ရိုး ၃၀၀၀ နီးပါးပါဝင်သော မက်ဆာချူးဆက် နည်းပညာတက္ကသိုလ် (MIT) ထုတ်လုပ်ထားသော အင်ဂျင်နီယာဘာသာရပ်မှအစ စီမံခန့်ခွဲမှုပညာ၊ အမျိုးသမီးရေးရာ၊ စာပေနှင့် ဂီတဘာသာရပ်များ၊ အင်္ဂလိပ်စာလေ့လာလိုသူများအတွက် UNESCO နှင့် ဗြိတိသျှကောင်စီမှ ပြုစုထားသော သင်ခန်းစာများ၊ မန်ချက်စတာတက္ကသိုလ်မှ ပြုစုထားသော လက်တွေ့ဓာတ်ခွဲခန်း (Virtual Lab) ဖြင့် ကြည့်ရှုလေ့လာနိုင်သော ရူပ၊ ဓာတုဗေဒသင်ခန်းစာများနှင့် ရေအရင်းအမြစ်သင်ရိုးများ၊ အခြေခံသိပ္ပံဘာသာရပ်များကို မှတ်မိလွယ်ပြီး ပျော်ပျော်ပါးပါးလေ့လာနိုင်ရန် ဗြိတိန်နိုင်ငံ Fuse School မှ ရူပ၊ ဓာတုဗေဒနှင့် ဇီဝဗေဒ video သင်ခန်းစာများ၊ သင်္ချာဘာသာအတွက် အခြေခံမှစပြီး အဆင့်မြင့်အထိလေ့လာနိုင်သလို ဓာတုဗေဒ၊ ကျန်းမာရေးဆိုင်ရာဗဟုသုတ နှင့် ရူပဗေဒဆိုင်ရာလေ့လာနိုင်ရန် Khan Academy မှ သင်ခန်းစာများကို ထည့်သွင်းထားရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

---

## ရွှေ့ပြောင်းသွားလာခြင်းမပြုမီ ကြိုတင်ပြင်ဆင်ခြင်း နှီးနှောဖလှယ်ပွဲကျင်းပ

**မုဒုံ ဖေဖော်ဝါရီ ၄**

ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း (IOM) ၏အစီအစဉ်ဖြင့် တွဲလက်စီမံကိန်း၏ ရွှေ့ပြောင်းသွားလာခြင်းမပြုမီ ကြိုတင်ပြင်ဆင်အသိပေးခြင်းဆိုင်ရာ မြို့နယ်အဆင့် နှီးနှောဖလှယ်ပွဲကို မုဒုံမြို့ မြို့မ (၁) ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ Golden ဟိုတယ်၌ ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

နှီးနှောဖလှယ်ပွဲတွင် IOM (မော်လမြိုင်)မှ အဖွဲ့ခေါင်းဆောင် မင်းစိုးမြင့်က တရားဝင်လမ်းကြောင်းမှတစ်ဆင့် သွားရောက်လုပ်ကိုင်ခြင်းသည် ဘေးကင်းလုံခြုံပြီး အကျိုးခံစားခွင့်များစွာရှိကြောင်း၊ ရွှေ့ပြောင်းသွားလာလုပ်ကိုင်မည်ဆိုပါက မထွက်ခွာမီတွင် လိုအပ်သောသတင်းအချက်အလက်၊ အရေးကြီးစာရွက်စာတမ်း၊ သက်ဆိုင်ရာနိုင်ငံအလိုက် ဆောင်ရွက်သွားရမည့် လုပ်ငန်းအဆင့်ဆင့်၊ ရွှေ့ပြောင်းအလုပ်သမားနှင့်ပတ်သက်သည့် ဥပဒေများ၊ ရပိုင်ခွင့်နှင့် အခွင့်အလမ်းများကို သိရှိထားရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာနိုင်ငံသို့ရောက်ရှိပါကလည်း လုပ်ငန်းခွင်တွင် ရင်ဆိုင်ကြုံတွေ့ရနိုင်သည့်အခက်အခဲများအတွက် ဆက်သွယ်အကူအညီတောင်းခံနိုင်မည့် အဖွဲ့အစည်းများ၏ လိပ်စာနှင့် ဖုန်းနံပါတ်များကိုလည်း သိရှိထားရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် နှီးနှောဖလှယ်ပွဲတက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



## ဝမ်းတွင်းမြို့နယ်တွင် ယာဉ်စည်းကမ်းအသိပညာပေး

**မိတ္ထီလာ ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ပင်းတလဲ(အထက)တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခြင်းကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၉၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး (မိတ္ထီလာ)မှ ဒုရဲမှူးအောင်ကိုကိုက ကျောင်းသား ကျောင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ သိရှိနားလည်စေရန် ဟောပြောခဲ့ရာ အခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာလာနှင့် ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ၂၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း(နေပြည်တော်)**



ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မိုင်းပွန်လမ်းနှင့် လမ်းမတော်လမ်းဆုံရာမီးပွိုင့်ရှေ့၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင် ဦးဆောင်၍ မော်တော်ဆိုင်ကယ်စီးနင်းသူများအား ယာဉ်အန္တရာယ်ကင်းဝေးစေရန် ဖေဖော်ဝါရီ ၂ ရက်က ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ **စိုင်း (သီပေါ)**

## ဆေးတက္ကသိုလ်(မန္တလေး)တွင် အခမဲ့ကော်ဖီဘားဖွင့်

**မန္တလေး ဖေဖော်ဝါရီ ၄**

ဆေးတက္ကသိုလ်(မန္တလေး) ကျောင်းသား ကျောင်းသူဟောင်းများအသင်းက ကြီးမှူးလှူဒါန်းသော ဆေးတက္ကသိုလ်တက်ရောက်ပညာသင်ယူနေကြသော ကျောင်းသား ကျောင်းသူများ စာကြည့်တိုက်သို့လာရောက်ရင်းအနားယူအပန်းဖြေသောက်သုံးနိုင်ရန် ကော်ဖီအခမဲ့သောက်သုံးနိုင်မည့်နေရာဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက ဆေးတက္ကသိုလ်စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

အဆိုပါ ကော်ဖီဘားကို တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ဖွင့်လှစ်ကာ လွတ်လပ်စွာသောက်သုံးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

---

**တိုတိုထွာထွာဖတ်စရာ**

## ဂိုဏ်းပေါင်းစုံ ဝိနည်းဓိုရ်ဆင့်ပွားသင်တန်းဆင်း

**တာချီလိတ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ဂိုဏ်းပေါင်းစုံ ဝိနည်းဓိုရ်ဆင့်ပွားသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီက မကာဟိုခမ်းရပ်ကွက် မြို့နယ်ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါသင်တန်းအား တာချီလိတ်မြို့နယ်အတွင်းရှိ သံဃာတော်အရှင်သူမြတ် ၃၅ ပါးတို့ကို ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်ထိ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲ မော်လမြိုင်ကျွန်း၌ ကျင်းပ

မော်လမြိုင်ကျွန်း

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် ကျောင်းကြက်ခြေနီအသင်းခွဲငယ်တို့ ပူးပေါင်းဖွင့်လှစ်သော ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၈ နာရီက မော်လမြိုင်ကျွန်းမြို့ သောင်တိုးမြေရှိ သပြေထွန်းမင်္ဂလာခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့် က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဒေါက်တာလှဟန်က သင်တန်းများဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။ ခရိုင်ကြက်ခြေနီတပ်ဖွဲ့ ခရိုင်ဦးစီးမှူး (ဒုတိယတန်း) ဦးစံမြင့်က မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် ထူးချွန်ဆုရရှိမှုများကို ရှင်းလင်းတင်ပြပြီး သင်တန်းသားများအား ကျောင်းအလိုက်အောင်လက်မှတ်များ ပေးအပ်ခဲ့သည်။

**မော်ကျွန်းမြင့်အောင်**

## ကနီတွင် သက်ငယ်မုဒိမ်းမှုပပျောက်ရေး ပညာပေး

**ကနီ**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ဂယာကျေးရွာ ရွှေမုဋ္ဌောဘုန်းတော်ကြီးကျောင်းတွင် ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၂ နာရီက ကနီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုအောင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ဆေးဝါးများဆိုင်ရာဥပဒေနှင့် သက်ငယ်မုဒိမ်းမှုများ လျော့နည်းကျဆင်းစေရန် ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဗန်းမော်၌ မှုခင်းကျဆင်းရေး အသိပညာပေး

**ဗန်းမော်**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်ရဲတပ်ဖွဲ့မှ ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီခွဲက ဗန်းမော်မြို့နယ် ခူးလီကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ မှုခင်းဖြစ်ပွားမှုလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့သည်။

ဗန်းမော်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်ခိုင်က လူသတ်မှု၊ သက်ငယ်မုဒိမ်းမှုမဖြစ်အောင် ရှောင်ကြဉ်သတိပြုရန်အချက်များ၊ ဗန်းမော်မြို့နယ် မူးယစ်တပ်ဖွဲ့စုမှူး ရဲမှူးဆိုင်းနန်က မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ဆောင်ရွက်ရန်အချက်များ၊ ဗန်းမော်မြို့အမှတ်(၁၀၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲအုပ်ဆွေချစ်ကိုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးမှုတပ်ဖွဲ့စုမှူး ဒုရဲမှူးကျော်မိုးနိုင်က လူကုန်ကူးမှုမခံရအောင် ဆင်ခြင်သတိပြုရန်အချက်များကို ရှင်းလင်းဟောပြောပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## မိုးကောင်းဘူတာအဝင်တွင် ပလက်ဖောင်းမရှိ ခရီးသွားပြည်သူများ အခက်အခဲကြုံ

**မိုးကောင်း**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ နေ့စဉ် အစုန်/အဆန် မီးရထား ခြောက်စီးဝင်ထွက်သွားလာလျက်ရှိရာ မြစ်ကြီးနားဘက်မှ မိုးကောင်းဘူတာအဝင်တွင် ပလက်ဖောင်းမရှိ၍ ခရီးသည်များ၊ ကုန်တင်ကုန်ချဝန်ထမ်းများ အခက်အခဲနှင့်ကြုံတွေ့နေရကြောင်း သိရသည်။

မန္တလေးဘက်သို့ ထွက်ခွာလျက်ရှိသော အစုန်ရထားများ၏ ကုန်တင်တွဲများ ကုန်တင်ကုန်ချပြုလုပ်ရာ၌ လိုအပ်သည်ထက်ပို၍ အချိန်ကြန့်ကြာခြင်း၊ မြစ်ကြီးနားဘက်သို့ ထွက်ခွာလျက်ရှိသည့် အဆန်ရထားများတွင် ခရီးသည်များ၊ သက်ကြီးရွယ်အိုများ မီးရထားပေါ် အတက်အဆင်းပြုလုပ်ရာတွင် အခက်အခဲများကြုံတွေ့နေရခြင်းကြောင့် ပြုပြင်ပေးစေလိုကြောင်း ရထားစီးခရီးသည်များထံမှ သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# ငလျင်အန္တရာယ်နှင့် ထိခိုက်ဆုံးရှုံးမှုခံရနိုင်ခြေ လျော့နည်းကျဆင်းရေး

## ■ တင့်လွင်ဆွေ

**(ယမန်နေ့မှအဆက်)**

အခြားတိုင်းတာပြချက် တစ်မျိုးမှာ ငလျင်ဖြစ်မှုနှင့်အတူ ပြတ်ရွေ့ကြောင်း အံလွဲမှု (offset) ဖြစ်သည်။ တာလေငလျင်အတွက် နမ်းမားပြတ်ရွေ့၌ ၁၂၃ စင်တီမီတာခန့် အလျားလိုက်အံလွဲမှုရှိပြီး သပိတ်ကျင်းငလျင်အတွက် စစ်ကိုင်းပြတ်ရွေ့ အံလွဲမှုမှာ ၂၈ စင်တီမီတာ ရှိသည်။ ငလျင်နှစ်ခု ပမာဏတူသော်လည်း အဆစ်အပိုင်း ကွဲပြတ်ခြင်း (rupture) နှင့် အံလွဲမှု (offset) အတိုင်းအတာ မတူသည်ကို တွေ့ရသည်။ ထိုသို့အတန်ငယ်ကွာဟမှုရှိရခြင်းမှာ ပြတ်ရွေ့တို့၏ နောက်ခံသဘာဝ မတူညီချက်ကြောင့် ဖြစ်သည်။ **ပုံ (၅)**တွင် ပြတ်ရွေ့အံလွဲမှုများကို ပြထားသည်။ ထိုသို့ ပြတ်ကွဲသွားနိုင်သော ပြတ်ရွေ့ကြီး၏အစိတ်အပိုင်းကို လေ့လာတွေ့ရှိ မှတ်တမ်းတင်နိုင်ပါလျှင် ထိုအရပ်၌ အင်အားပမာဏ မည်မျှလောက်ရှိသော ငလျင်မျိုးဖြစ်လာနိုင်သည်ကို ဘူမိဗေဒ ပညာရှင်များက ခန့်မှန်းပေးနိုင်ကြသည်။


**ငလျင်အရှိန်နှင့် ပြင်းအား**

ငလျင်လှုပ်သောအခါ ရူပဗေဒသဘောအတိုင်းပင် အရွေ့ (displacement)၊ အလျင်(velocity)၊ အရှိန် (acceleration) ဟူသည့် ရုပ်သဘောများ ပါ၏။ ထိုအထဲမှ အရှိန်ကို လူတို့ ခံစားသိလွယ်သလိုရှိ၏။ ငလျင်အရွယ်အစား ကြီးလျှင်ကြီးသလို ပို၍ ပြင်းထန်သော ငလျင်အရှိန်ကို ထုတ်လွှတ်တတ်၏။ ထိုအရှိန်သည် ငလျင်စတင်ဖြစ်ရာ အရပ်နှင့် အကွာအဝေးကိုလိုက်၍ အရှိန်အပြင်း၊ အပျော့ ကွာခြားပြန်၏။ ထိုအရှိန်သည် အရာဝတ္ထုတစ်ခုအပေါ်သို့ ရောက်ရှိသွားသောအခါ ထိုဝတ္ထု၌ သက်ရောက်အားဖြစ်ပေါ်၏။ သက်ရောက်အားသည် ဒြပ်ထုနှင့် အရှိန်တို့၏ မြှောက်လဒ် ဖြစ်၏။ အဆောက်အအုံ စသည့်ဝတ္ထုများသည် ဆောက်ထား၊ တည်ထားပြီးသောအခါ ဒြပ်ထုအပြောင်းအလဲမရှိသလောက် ဖြစ်သည်။ ထို့ကြောင့် သက်ရောက်သောအရှိန်အတိုး၊ အလျော့ကိုလိုက်၍ အဆောက်အအုံများအပေါ် သက်ရောက်အား အနည်းနှင့် အများဆိုသလို ကွာခြားတတ်ပေသည်။ ၂၀၁၆ ခုနှစ်၌ မင်းကင်းငလျင် (၂၀၁၈-၀၄-၁၃၊ ပြင်းအား ၆ ဒသမ ၉)နှင့် ချောက်ငလျင် (၂၀၁၈-၀၈-၂၄၊ ပြင်းအား ၆ ဒသမ ၈) တို့ လေးလခြား၍ လှုပ်သည်။ မင်းကင်းငလျင်က အရွယ်အစားအားဖြင့် အတန်ငယ်ကြီးသည်။ ငလျင်လှုပ်ကြောင်း သတင်းထုတ်ပြန်၍သာ သိကြရသည်။ ထိခိုက်ပျက်စီးမှု သိသိသာသာမဖြစ်ခဲ့။ သို့သော် ချောက်ငလျင်ကြောင့် ပုဂံအရပ်မှ ဂူ၊ ဘုရားများစွာ ထိခိုက်ပျက်စီးခဲ့သည်။ မင်းကင်းသည် မြေအောက်အနက် ၁၃၆ ကီလိုမီတာ၌ ဖြစ်ကာ ချောက်သည် ၈၂ ကီလိုမီတာ အနက်၌ဖြစ်သည်။ မြေပြင်၌လည်း မင်းကင်းငလျင်၏ မြေပြင်ဗဟိုချက်တည်ရာနှင့် လူနေအိမ်များ၊ အထူးသဖြင့် မြို့ကြီးပြကြီးများနှင့် အလှမ်းဝေးသည်။ ထို့ကြောင့် ငလျင်ဒဏ်ကို သိသိသာသာ မခံကြရပေ။

**ပုံ(၆)**သည် ချောက်ငလျင်(၂၀၁၆)မှ ထုတ်လွှတ်သော အရှိန်တန်ဖိုးများကို စခန်းနှစ်ခုက ဖမ်းယူထားသော မှတ်တမ်းများ ဖြစ်သည်။ ညောင်ဦးစခန်းအရှိန်သည် ပို၍ မြင့်သည့်အပြင် လှုပ်ချိန် (duration) လည်း နေပြည်တော်စခန်းထက် ပိုကြာသည်ကို တွေ့ရသည်။ အကြောင်းမှာ (၁) ငလျင်ဖြစ်ရာ ပင်ရင်းနှင့်ပိုနီးခြင်း၊ (၂) အရှိန်တိုင်းစက်တပ်ဆင်ရာ အောက်ခံကျောက်လွှာသည်



ပုံ (၅) ငလျင်လှုပ်ခြင်းနှင့်အတူဖြစ်သော ပြတ်ရွေ့အံလွဲမှုများ။ သပိတ်ကျင်းငလျင် (၂၀၁၂) ဖြစ်စဉ်၌ စစ်ကိုင်းပြတ်ရွေ့ အံလွဲမှု (ဝဲ)။ အိမ်တိုင်မှာ ပြတ်ရွေ့အပေါ်ခွ၍ဆောက်ထားသောကြောင့် တိုင်များယိုင်ရွဲ့သွားကြသည်။ တာလေငလျင်ဖြစ်စဉ်၌ နမ်းမားပြတ်ရွေ့ အံလွဲမှု (ယာ)။ နမ်းမားပြတ်ရွေ့အံလွဲမှုတွင် ဘေးတိုက်၊ ထက်အောက် နှစ်မျိုးစလုံး တွေ့ရသည်။ တာလေဓာတ်ပုံ(မြန်မာနိုင်ငံငလျင်ကော်မတီ၊ ၂၀၁၁)။




ပုံ (၆) ချောက်ငလျင် (၂၀၁၈-၀၈-၂၄) ပြင်းအား ၆ ဒသမ ၈ မှ ထုတ်လွှတ်သော ငလျင်အရှိန်မှတ်တမ်းများ။ အပေါ်ဘက်မှ အရှိန်မှတ်တမ်းသည် ညောင်ဦးစခန်းမှ မှတ်တမ်းဖြစ်ပြီး အောက်ဘက်မှ မှတ်တမ်းသည် နေပြည်တော်စခန်းမှ ဖြစ်သည်။ (အချက်အလက်မှတ်တမ်း-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ၂၀၁၆)။

ညောင်ဦးစခန်းမြေနေရာက အနည်းငယ်ပို၍ အားနည်းနေခြင်းတို့ကြောင့်ဖြစ်သည်။ အရှိန်ကို တိုင်းတာသောယူနစ်သည် $cm/S^2$ ဖြစ်၏။ ကမ္ဘာကြီး၏ဆွဲအားအရှိန်သည် 980 $cm/S^2$ ဖြစ်၏။ တိုင်းတာရရှိသော ငလျင်အရှိန်ကို ကမ္ဘာ့ဆွဲအားအရှိန်နှင့် စားလိုက်လျှင် တန်ဖိုးတစ်ခုရ၏။ ထိုတန်ဖိုး၏ ယူနစ်သည် g ယူနစ်ဖြစ်သည်။ ဥပမာ ငလျင်အရှိန်သည် 110 $cm/S^2$ ဆိုပါစို့။ ထိုအရှိန်တန်ဖိုးသည် $110 cm/S^2 \div 980 cm/S^2 = 0.1122$ g ဖြစ်သည်။

ငလျင်အရှိန်သည် ငလျင်ပမာဏ၊ လှုပ်ခတ်မှုကြာချိန်နှင့် ငလျင်စတင်ရာနေရာမှ အကွာအဝေး၊ ငလျင်လာရာလမ်းကြောင်း တို့ကိုလိုက်၍ အရှိန် အတက်၊ အကျ ရှိ၏။ ထိုသဘောကို Attenuation ဟု ခေါ်သည်။ များသောအားဖြင့် ငလျင်လှိုင်းသည် စဦးပိုင်း (သုည ဒသမ သုည စက္ကန့်မှ သုည ဒသမ ၅ အတွင်း)တွင် တစ်ရှိန်ထိုးတက်လာတတ်ပြီး နောက် ပြန်လည်ကျဆင်းသွားတတ်သည်။ ထို သုည ဒသမ သုည စက္ကန့်၌ဖြစ်သော အရှိန်ကို မြေပြင်၌ဖြစ်သော အမြင့်ဆုံးအရှိန် Peak Ground Acceleration (PGA) ဟု ခေါ်သည်။ ထိုတန်ဖိုးအား အင်ဂျင်နီယာဆိုင်ရာ တွက်ချက်မှုများ၌ သုံးသည်။ ငလျင်အရှိန် တစ်ရှိန်ထိုးတက်သည်ဆိုရာ၌ ကိန်းဂဏန်းတန်ဖိုးအားဖြင့်သာ တစ်ရှိန်ထိုးတက်သည် ဆိုရသည်။ ငလျင်လှိုင်းသဘာဝမှာမူ ဘေးတိုက်ဖြစ်စေ၊ ထက်အောက်ဖြစ်စေ ယိမ်းနွဲ့ခြင်း၊ တဆတ်ဆတ်ခုန်ခြင်းအားဖြင့် သွားသောသဘောရှိသည်။ ထိုသို့ ခုန်ခြင်း၊ ယိမ်းခြင်းကပင် အရှိန်နှင့် အားသို့ပြောင်းကာ မြေပြင်နှင့် အိမ်ခြေအဆောက်အအုံတို့အပေါ် သက်ရောက်ခြင်း ဖြစ်သည်။

**ငလျင်ဇုန်မြေပုံများ**

ငလျင်သည် ကျပန်းဖြစ်ရပ်သဘော၊ ခန့်မှန်းခြေသဘောမျှသာဖြစ်ရာ ငလျင်တစ်ခုကို ကြိုတင်ခန့်မှန်းပြောသည်ထက် ငလျင်အန္တရာယ်ကို ထင်ရှားစေရန် ငလျင်ပြင်းအား သက်ရောက်နိုင်သော ငလျင်ဇုန်မြေပုံများနှင့် ပြလေ့ရှိသည်။ လွန်ခဲ့သောနှစ်များစွာက ငလျင်ပြင်းအားကို အတန်းအစားများခွဲခြား၍ ရေးဆွဲထုတ်ပြန်လေ့ရှိသည်။ ထိုအတန်းအစားများကို ဖြစ်ဖူး၊ ကြုံဖူးသော ငလျင်များ၏ အကျိုးဆက်၊ ထိခိုက်ပျက်စီးမှုများအား လေ့လာကာ သတ်မှတ်ပြဋ္ဌာန်းကြခြင်း ဖြစ်သည်။ လူသိများသော အတန်းအစားခွဲနည်းတစ်ခုမှာ ၁၉၃၃ ခုနှစ်နောက်ပိုင်းမှစကာ သုံးကြသော မွမ်းမံမာကယ်လီအတန်းများ Modified Mercalli Scale (MMS) ဖြစ်ပြီး အမေရိကန်နှင့် အခြားနိုင်ငံအတော်များများ၌ သုံးကြသည်။ ဥရောပ၌ ဥရောပသုံး ငလျင်ပြင်းအားအတန်းအစားများ Euro-Pean Macroseismic Scale (EMS) ဟူ၍ ရှိသည်။ ၁၉၉၈ ခုနှစ်၌ ထပ်မံပြင်ဆင်ထုတ်ပြန်သောကြောင့် EMS98 ဟု လူသိများသည်။ အဆောက်အအုံအမျိုးအစားများနှင့် ပျက်စီးပုံကို အကဲဖြတ်ရန် လမ်းညွှန်များပါ ပြထားသည်။ ၁၉၆၄ ခုနှစ်က စတင်ခဲ့သော MSK Scale ကိုအခြေခံသော အတန်းအစားခွဲခြားနည်း ဖြစ်သည်။ ဂျပန်တို့ကလည်း JMA ဟူသော အတန်းအစားခွဲနည်းကို သုံးသည်။

မြန်မာနိုင်ငံအတွက် ပထမဦးဆုံး ငလျင်ဇုန်မြေပုံကို ၁၉၇၀ ပြည့်နှစ်ဝန်းကျင်၌ ရုရှားပါမောက္ခ ဂေါ့စကော့က MSK Scale ကို သုံးကာ ရေးဆွဲခဲ့သည်။ ထိုစဉ်က မြန်မာပြည်၏ တက်တိုးနစ်ယန္တရားကို ဖော်ထုတ်နိုင်ခြင်း မရှိသေးသလို စစ်ကိုင်းပြတ်ရွေ့ကိုလည်း မလေ့လာရသေးပေ။ စစ်ကိုင်းပြတ်ရွေ့ လေ့လာချက်စာတမ်းကို ၁၉၈၀ ပြည့်နှစ်တွင် ဒေါက်တာဝင်းဆွေက တင်ပြခဲ့သည်။ ၁၉၈၅ ခုနှစ်လောက်၌ ဘူမိဗေဒပါမောက္ခ ဒေါက်တာဦးသိန်းက MMS သုံး၍ ငလျင်ဇုန်မြေပုံအသစ်တစ်ခုကို ရေးဆွဲခဲ့သည်။ ထို့နောက်ပိုင်းတွင် အသစ်တွေ့သော သုတေသနရလဒ်များကို ထည့်သွင်းစဉ်းစားကာ ဒေါက်တာသိန်း (၂၀၀၁) နှင့် (၂၀၀၃)၊ Maung Thein and Tint Lwin Swe (2006) နှင့် ဒေါက်တာသိန်း(၂၀၁၆) တို့၌ မွမ်းမံပြင်ဆင်ကာ ထုတ်ဝေခဲ့သည်။ ငလျင်ဇုန်များနှင့် ရှင်းလင်းချက်များကို ဒေါက်တာသိန်း၏ ၂၀၁၆ ခုနှစ်ထုတ် မြန်မာပြည်နှင့် ငလျင်၊ မြန်မာ့ငလျင်ဘေးလျော့ချရေး စာအုပ်၌ လေ့လာနိုင်သည်။ မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာစည်းမျဉ်းများ Myanmar National Building Code (2016), MNBC (2016) တွင် Maung Thein and Tint Lwin Swe (2006) ရေးဆွဲသော ငလျင်ဇုန်မြေပုံကို ထည့်သွင်းပြဋ္ဌာန်းထားသည်။

ငလျင်ဇုန်မြေပုံများကို ရေးဆွဲသည့်အခါ ငလျင်ကြီးများ လှုပ်လေ့ရှိသော ပြတ်ရွေ့ကြီးများ၊ ငလျင်ရပ်ဝန်းများ၊ အတိတ်က ဖြစ်ဖူးသော ငလျင်များ၊ မြေပြင်အနေအထားများ စသည်တို့ကို ထည့်သွင်းစဉ်းစားကာ တွက်ချက်ရေးဆွဲထားခြင်းဖြစ်သည်။ များသောအားဖြင့် အရပ်ဒေသလိုက်၍ ထိခိုက်နိုင်ခြေရှိသော ငလျင်ပြင်းအားအဆင့်ကို ခွဲခြားပြထားလေ့ရှိရာ ကြည့်ရှုသူများအတွက် အလွယ်တကူ နားလည်နိုင်ပေသည်။ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲသူများအတွက်လည်း မိမိတို့နှင့်ဆိုင်ရာအရပ်များ၌ ငလျင်ပြင်းအား မည်မျှလောက်အထိရောက်ရှိကာ ထိခိုက်နိုင်ကြောင်းကိုလည်း သိရှိသုံးသပ်နိုင်ပေမည်။ စီမံကိန်းရေးဆွဲသူများနှင့် အင်ဂျင်နီယာများအတွက်မူ ထိုငလျင်ဇုန်များထက် ပြင်းအားကို အရှိန်တန်ဖိုးနှင့်ပြသော မြေပုံများ၊ တွက်ချက်မှုများ လိုအပ်သည်။ ထို့ကြောင့် မြေပြင်၌ဖြစ်သော အမြင့်ဆုံးအရှိန် PGA၊ သုည ဒသမ ၂ စက္ကန့်၌ဖြစ်သောအရှိန် Ss၊ တစ်စက္ကန့်၌ဖြစ်သော အရှိန် S1 စသော အချိန်လိုက်ပြောင်းလဲတတ်သော အရှိန်တန်ဖိုးများအား ခန့်မှန်းတွက်ချက်ကာ မြေပုံရေးဆွဲ ထုတ်ပြန်ထားကြသည်။ ထိုအရှိန်တန်ဖိုးအသီးသီးအား g ယူနစ်ဖြင့် ပြလေ့ရှိသည်။

အင်ဂျင်နီယာဆိုင်ရာအသုံး၌ ငလျင်ဖြစ်ရာ ပင်ရင်း၊ အင်အားကြီးငလျင်တို့၏ တစ်ကျော့ပြန်ကာလနှင့် ပမာဏ၊ ငလျင်လှုပ်ခတ်မှုကြာချိန်အလိုက် ငလျင်အရှိန် အတက်၊ အကျ စသောအချက်များက ပို၍ အရေးပါသည်။ ထိုအချက်များ ထည့်သွင်းစဉ်းစားရေးဆွဲသော Probabilistic Seismic Hazard Analysis (PSHA) မြေပုံများ လိုအပ်သည်။ MNBC (2016) တွင် ထို PSHA ပုံများကိုလည်း ထည့်သွင်းပြဋ္ဌာန်းပေးထားသည်။ လိုအပ်ပါက သုတေသနရလဒ်များအပေါ်အခြေခံ၍ မွမ်းမံပြင်ဆင်ရန် ဖြစ်သည်။

**ငလျင်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ချရေး**

ငလျင်သည် မည်သည့်နေရာ၌ မည်သည့်အချိန်ဖြစ်မည်ဟု ခန့်မှန်းရန် မလွယ်ကူသော သဘာဝအန္တရာယ်တစ်ခု ဖြစ်သည်။ သို့သော် ငလျင်ကြီးဖြစ်နိုင်သော ပင်ရင်း၊ အရွယ်အစားနှင့် ပြင်းအားတို့ကို နေရာဒေသအလိုက် ငလျင်ဇုန်မြေပုံများနှင့် ပြနိုင်သည်။ ထိုငလျင်ဇုန်မြေပုံများအား လေ့လာကြည့်ရှုသင့်သည်။ သို့မှသာ မိမိတို့နေရာအရပ်သည် ငလျင်လှုပ်တတ်သော ပင်ရင်းတစ်ခုမှ မည်မျှကွာဝေးသည်၊ မည်မျှလောက် ငလျင်ပြင်းအားအဆင့်ကို ခံရနိုင်ဖွယ်ရှိသည် စသည်ဖြင့် ကြိုတင်သိရှိကာ ထိခိုက်ခံရနိုင်မှု လျော့ချနိုင်ရေးအတွက် ပြင်ဆင်လုပ်ဆောင်နိုင်ပေမည်။ မိမိတို့၏ နေအိမ်၊ တိုက်တာအဆောက်အအုံ၊ လုပ်ငန်းဆောင်တာများသည် ငလျင်ထုတ်လွှတ်ရာ ပင်ရင်းမှ ဝေးသောအရပ်၌ နေရာချထားနိုင်ခဲ့ပါလျှင် ငလျင်အရှိန်ကို သက်သာစွာခံစားရသဖြင့် ထိခိုက်ခံရနိုင်မှုလည်း လျော့ကျသွားနိုင်ပေသည်။ ထိုသို့ ဝေးသောအရပ်မဟုတ်ဘဲ ပြင်းထန်အဆင့်ရှိသော ရပ်ဝန်းအတွင်း (သို့မဟုတ်) အနီးအပါး၌ ကျရောက်နေခဲ့ပါက မိမိတို့၏နေအိမ်၊ ရုံး၊ အဆောက်အအုံ စသည်တို့ကို အရည်အသွေးကောင်းမွန်သော ဆောက်လုပ်ရေးပစ္စည်းများသုံးကာ ဆောက်လုပ်နေထိုင်ကြရန် ဖြစ်သည်။ အကယ်၍ သက်တမ်းကြာပြီဖြစ်သော အဆောက်အအုံများဖြစ်နေပါက ကျွမ်းကျင်သူများနှင့်တိုင်ပင်၍ အားနည်းသောအစိတ်အပိုင်းများကို အစားထိုးခြင်း၊ ကျားကန်ခြင်းများ လုပ်ဆောင်ထားသင့်သည်။

(ဆက်လက်ဖော်ပြပါမည်)

# အင်းလျားမှာ ဆုံစို့ကွယ်

လှကွန့်

> **အင်းလျားကို ရောက်ဖူးချင်မှ ရောက်ဖူးမယ်။ ဒါပေမယ့် အင်းလျားကိုတော့ သိနေကြတယ်။ တက္ကသိုလ် ကျောင်းသား ကျောင်းသူတွေကတော့ ဘွဲ့နှင်းသဘင်ခန်းမရယ်၊ သစ်ပုပ်ပင်ရယ်၊ အင်းလျားရယ်ကို တွဲပြီးသိနေ ကြပေသပေါ့။**

တစ်လောလေးက သတင်းစာတွေမှာ အင်းလျားကန်ကို ရှေးဟောင်းအမွေအနှစ် နေရာတစ်ခုအဖြစ် အသိအမှတ်ပြု “အပြာရောင်ကမ္ပည်း” ကပ်မယ်လို့ ဖတ်လိုက်ရတယ်။ စာရေးသူက “ကောင်းလေစွ ကောင်းလေစွ ကောင်းလေစွ” လို့ “သာဓု” သုံးကြိမ် ခေါ်လိုက်မိပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီလို ရှေးဟောင်း အမွေအနှစ်တွေကို အစက ထိန်းသိမ်းရကောင်းမှန်းမသိကြဘူး။ သိတဲ့သူတွေကလည်း အဘက်ဘက်က ပြည့်စုံလုံလောက်သူတွေ မဟုတ်လေတော့ မထိန်းသိမ်းနိုင်ကြဘူး။ ပြီးတော့ ဒီလိုကိစ္စဟာ တစ်ဦးကောင်းတစ်ယောက်ကောင်း လုပ်မရဘူး။ လုပ်ပိုင်ခွင့်၊ ငွေ၊ အတတ်ပညာ၊ ပစ္စည်းကိရိယာစုံလင်ပါမှ ဝိုင်းဝန်းလုပ်ဆောင်နိုင်တဲ့ ကိစ္စမျိုး။

### လူသိများတဲ့ ကန်ကြီး

အင်းလျားဆိုတာက ရန်ကုန်မြို့သာမက တစ်နိုင်ငံလုံးမှာ အင်မတန်ထင်ရှားကျော်စော လူသိများတဲ့ ကန်ကြီးတစ်ခုလို့ဆိုရင် မှားမယ်မထင်ပါဘူး။ အထူးသဖြင့် တက္ကသိုလ်ကျောင်းသားလောကမှာပေါ့။

ဘာကြောင့်လဲဆိုတော့ ရန်ကုန်တက္ကသိုလ်၊ ကမာရွတ်လှည်းတန်းနဲ့ အင်းလျားဟာ ခွဲခြားလို့မရပါဘူး။ “အင်းလျားမှာဆုံစို့မောင်ရယ်...”၊ “အင်းလျားကန်အပါး လျှောက်ကာသွား အနားယူသော တစ်နေ့မှာ ယဉ်စွာယဉ်စွာ ဆင်ယင်ထုံးဖွဲ့ပြုံးနွဲ့နွဲ့ ချစ်စရာ...” အင်းလျားနဲ့ပတ်သက်တဲ့ တေးသီချင်းတွေကလည်း တစ်နိုင်ငံလုံးရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားခဲ့ကြတယ်မဟုတ်လား။

အင်းလျားကို ရောက်ဖူးချင်မှ ရောက်ဖူးမယ်။ ဒါပေမယ့် အင်းလျားကိုတော့ သိနေကြတယ်။ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေကတော့ ဘွဲ့နှင်းသဘင်ခန်းမရယ်၊ သစ်ပုပ်ပင်ရယ်၊ အင်းလျားရယ်ကို တွဲပြီး သိနေကြပေသပေါ့။

### အင်းလျား ဘယ်လိုစဖြစ်

ဒါပေမယ့် အင်းလျားကိုသိသူတိုင်း အင်းလျား ဘယ်လိုစဖြစ်လာတယ်။ ဘာကြောင့် ရှေးဟောင်း အမွေအနှစ်အဖြစ် သတ်မှတ်ရတယ်ဆိုတာ သိကောင်းမှ သိမယ်။ မသိသူက များမယ်ထင်တယ်။ မသိသူတွေ သိရအောင် အထူးသဖြင့် နောက်ပေါက်မျိုးဆက်သစ်တွေ သိစေချင်လို့ပါ။

ရွှေတိဂုံဘုရားသမိုင်း ဖတ်ဖူးသူတွေ၊ မဖတ်ဖူးသော်လည်း ကြားဖူးနားဝရှိကြပါလိမ့်မယ်။ အဲဒါကဘာလဲဆိုလို့ရှိရင် တဖုဿနဲ့ ဘလ္လိကကုန်သည်ညီနောင်ရယ်၊ သိင်္ဂုတ္တရကုန်းမြေ အကြောင်းရယ်ပေါ့။ အဲဒီကာလတုန်းက ရန်ကုန်ဆိုတာရော၊ ကမာရွတ်ဆိုတာရောနှင့် အင်းလျားဆိုတာရော ဘာမျှမရှိသေးဘူး။

အဲဒီနေရာအားလုံးဟာ ပင်လယ်ရေလွှမ်းနေပါသတဲ့။ တချို့ကျွန်းလေးတွေပေါ်နေပြီး ပင်လယ်ထဲက ရွာသိမ်ရွာငယ်လေးတွေနဲ့ ပင်လယ်ဒီရေတောတွေလောက်သာ ရှိပါသတဲ့။ တဖုဿနဲ့ ဘလ္လိကညီနောင် မဇ္ဈိမဒေသက ဂေါတမဘုရားရဲ့ဆံတော်တွေပူဇော် ပင့်ဆောင်လာတဲ့အခါ သိင်္ဂုတ္တရကုန်းတော်ပေါ်မှာ စေတီတည်ပူဇော်ပါသတဲ့။ အဲဒါ ရွှေတိဂုံစေတီတော်ကြီးပေါ့။

### သဘာဝတရားရဲ့ ဖန်တီးဖြစ်ပျက်

ဒါပေမယ့် သဘာဝတရားရဲ့ ဖန်တီးဖြစ်ပျက်မှုကြောင့် ပင်လယ်ကဆုတ်သွားပြီး ကျွန်းတွေ၊ ကုန်းတန်းတွေ၊ ဒီရေတောတွေ၊ မြစ်ချောင်းအင်းအိုင်တွေ (ရန်ကုန်မြစ်၊ လှိုင်မြစ်၊ ပဲခူးမြစ်နဲ့ ငမိုးရိပ်ချောင်း) တွေအဖြစ်နဲ့ ကျန်ရစ်ခဲ့တယ်။

နောက်အဲဒီမြစ်တွေ၊ ချောင်းတွေဟာလည်း မြစ်တို့ရဲ့ ဖြစ်လေ့ဖြစ်ထ သဘာဝတရားကြောင့် ရေကြောင်းပြောင်းသွားကြပြန်ပါတယ်။ ဒါကြောင့် ဒီနေရာဒေသတစ်ဝိုက်ဟာ မြစ်ကောအင်းကြီးတွေ၊ ရေအိုင်ကြီးတွေ၊ လျှိုကြီးတွေ၊ မြောင်းကြီးတွေ၊ စိမ့်စမ်းအင်းအိုင်တွေ၊ ရေတိမ်တောတွေအဖြစ် ကျန်ရစ်ခဲ့ကြတယ်။

အဲဒီ မြစ်ကော၊ ချောင်းကော၊ အင်းကြီးတွေကတော့ ကန်တော်ကြီး၊ ကန်တော်လေး၊ အင်းလျား၊ ရွှေတိဂုံဘုရားမြောက်ဘက်က သွေးဆေးကန်၊ တောင်ဘက်နဲ့ အနောက်ဘက်ကြားက ဦးဝိစာရပန်းခြံနဲ့ ကန်၊ ပုဇွန်တောင်ဈေးနားက လိပ်ကန်(အခုမရှိတော့)နဲ့ အင်းအိုင်တွေ အများအပြား ဖြစ်ထွန်းပေါ်ပေါက်ခဲ့တယ်။

အင်းလျားလို့ ဘာဖြစ်လို့ခေါ်သလဲဆိုတော့ “အင်း” ဆိုတာ အနီးအနား “မြစ်ချောင်းများက ရေစီးဝင်ရာ ရေအိုင်ကြီး” လို့ အနက်ပေးသတဲ့။ “လျား” ဆိုတာက “အရှည်” လို့ဆိုတယ်။ ကန်ဆိုတာက လူတွေတူးဖော်ထားတဲ့ ရေအိုင်တဲ့။ အဓိပ္ပာယ်က ရှည်လျားတဲ့ အင်း၊ နောက်တော့ ရှည်လျားတဲ့ ကန်ပေါ့။

### အမည်သစ်ပေး

အင်းလျားကန်ကို မပြုပြင်ခင်တုန်းက “အင်းလျား” လို့ပဲခေါ်သတဲ့။ ၁၈၈၂- ၈၃ ခုနှစ် အစိုးရကပြုပြင်ပြီး နောက်ပိုင်းမှာ “ဝိတိုရိယကန်” လို့ အစိုးရက အမည်သစ်ပေးပေမယ့် လူတွေက “အင်းလျားကန်” လို့ပဲ ခေါ်ပါသတဲ့။ နောက် ကာလရွေ့လျောလာပြီး “အင်းယား” လို့ တွင်လာတာပါ။

အင်းလျားကန်ကနေ လှိုင်မြစ်အထိဟာ ကုန်းတန်းလေးတွေ၊ တောင်ပူစာလေးတွေနဲ့ ရေပြင်ကျယ်ကြီးရယ်၊ မီးရထားလမ်းနဲ့ လှိုင်မြစ်ကြားဟာ ရေတိမ်တောကြီး။ ချောင်းမြောင်းအင်းအိုင်တွေ ပေါတာကိုး။ အဲဒီ အင်းအိုင်တွေထဲမှာ ငါး၊ ပုစွန်တွေ အလျှံပယ်ပေါတယ်။

စိမ့်စမ်းတွေ၊ သစ်တောတွေ၊ ရေတိမ်တောတွေပေါလို့ သစ်သီးဝလံ ပန်းမန်တွေ ကြွယ်ဝတယ်။ အမှီပေါတဲ့ တောမြိုင်ရပ်မှာ ကျေးငှက်သာရကာ၊ တောကြောင်၊ တောဝက်၊ ချေ၊ ဆတ်၊ ကျား၊ သမင်နဲ့ ဆင် တွေတောင်ခိုအောင်းကြတယ်တဲ့။ ရွှေတိဂုံဘုရား ကျား တက်တယ်ဆိုတာ ကြားဖူးတယ် မဟုတ်လား။

ဒါတွေဟာ လူတွေအတွက် အာဟာရဖြည့်တင်းစရာရတနာတွေပဲပေါ့။ ဒါကြောင့် ဒီနေရာမှာလူတွေက အစာရေစာပေါတဲ့ အရပ်အဖြစ်သတ်မှတ်ပြီး ငါးရှာ၊ ဖားရှာ၊ သစ်သီးဝလံ ရှာရာက တစ်စတစ်စ လူနေအိမ်ခြေတွေ ထူထောင်လာကြတယ်။ အဲဒီက တစ်စတစ်စ ရွာသိမ်ရွာငယ်တွေ ပေါ်ပေါက်လာခဲ့တယ်။

### ပထမဆုံးနေထိုင်

ပထမဆုံးနေထိုင်လာကြသူတွေက “မွန်” လူမျိုးတွေဖြစ်တယ်လို့ သိရတယ်။ မွန်တွေပထမဆုံး အင်းလျားကန် တစ်ဝိုက်မှာ အခြေချနေထိုင်ကြသတဲ့။ အဲဒီအချိန်က အင်းလျားကန်ဟာ အခုလို လေးထောင့်မဟုတ်ဘူး။ တောင်နဲ့မြောက်တန်းနေတဲ့ ရှည်မျောမျောအင်းကြီးရယ်။ ဒါကြောင့် အင်းလျားလို့ ခေါ်သတဲ့။

မွန်လူမျိုးတွေက ဒီဒေသဟာ အစားအစာ၊ ဟင်းသီးဟင်းရွက်၊ သားငါးပေါများကြွယ်ဝတဲ့နေရာဖြစ်လို့ မွန်ဘာသာနဲ့ “ကမာရွတ်” လို့ ခေါ်ဆိုကိုး။ မွန်လို “ကမာ” ဆိုတာက “ရေအိုင်၊ ရေကန်” လို့ အဓိပ္ပာယ်ရပြီး “ရွတ်” ဆိုတာက “ပတ္တမြားရတနာ” ဖြစ်ပါသတဲ့၊ ချုပ်လိုက်တော့ကမာရွတ်ဆိုတာ ပတ္တမြားရေကန်ဖြစ်ဆိုကိုး။ အဲဒါ မွန်တွေကအင်းလျားကန်ကို အကြောင်းပြုပြီးခေါ်တာလို့ ဆိုတယ်။

အင်းလျားကန်ဟာ အရှေ့ဘက်မှာ ပေ ၂၀ ကနေ ပေ ၁၀၀ အထိမြင့်တဲ့ ကုန်းရိုးခင်တန်းလေးနဲ့ အနောက်ဘက်ခင်ရိုးကုန်းတန်းလေးနှစ်ခုကြား တည်ရှိတယ်။ ပင်လယ်ရေမျက်နှာပြင်အောက် ပေ ၅၀ နိမ့်တဲ့ မြေနိမ့်ချိုင့်ဝှမ်းလေး ဖြစ်တယ်။

ဒီကုန်းရိုးတောင်တန်းဟာ ပဲခူးရိုးမရဲ့ တောင်စွယ်တောင်တန်းဖြစ်ပြီး မြောက်ဘက်မှတောင်ဘက်ကို နိမ့်ဆင်းလာပြီး အင်းလျားကန်အရောက် ကန်အောက်ငုံ့လျှိုးသွားသတဲ့။ အခု တက္ကသိုလ်တည်ရှိရာ နေရာမှာ ပြန်ပေါ်လာတယ်။ အမြင့်ဆုံးကုန်းတန်းက အောင်မင်းခေါင်ဘုရားဝန်းကျင်ဖြစ်သတဲ့။

ကမာရွတ်ဒေသရဲ့မြေမျက်နှာပြင်က အရှေ့ဘက်က မြင့်ပြီး အနောက်ဘက်ကို နိမ့်လျှောသွားတယ်။ ကုန်းမြင့်ပိုင်းဖြစ်တဲ့ ဝင်ဒါမီယာပတ်ဝန်းကျင်မှာ လူနေကြပြီး ကုန်းနိမ့်ဖြစ်တဲ့ စံပယ်ခြံ၊ ရှောက်ပင်ခြံ၊ လှည်းတန်း၊ စံရိပ်ငြိမ်၊ လက်ခုပ်ပင်၊ ကျွဲကုန်း၊ ဆင်ရေတွင်းစတဲ့ ကုန်းရှိတဲ့ နေရာတွေမှာ လယ်တဲစုလေးတွေက ရွာတွေဖြစ်လာပါသတဲ့။ အခု အင်းစိန်လမ်းမဘေး ရပ်ကွက်တွေပေါ့။

### ကဇွန်းခင်းရပ်ကွက်

လှည်းတန်းကနေ အနောက်ဘက်ကိုဆင်းသွားတော့ ကွမ်းခြံ၊ အုန်းတော၊ ဆင်မလိုက်၊ ကဇွန်းခင်း ခုတော့ ကဇွန်းခင်းရပ်ကွက်ကြီး မရှိတော့ဘူး။ အဲဒီမှာ ဆင်မလိုက်သင်္ဘောကျင်းဖြစ်နေပြီ။ တောင်ဘက်ကိုသွားတဲ့အခါ နာနတ်တော၊ ကြံတောသင်္ချိုင်းလေ။

ခုတော့ နာနတ်တောလည်း မရှိတော့ဘူး။ နာနတ်တောရွာမလည်း မရှိတော့ဘူး။ နာနတ်တောဆိုတာ အဲဒီကာလက အလေ့ကျပေါက်နေတဲ့ နာနတ်တောကြီးရှိပါသတဲ့။ လူတွေရောက်လာတဲ့အခါ လူတွေက နာနတ်ပင်တွေ စီးပွားဖြစ်စိုက်ခဲ့ကြတယ်။ အဲဒါကြောင့် “နာနတ်တောရွာ” လို့ ဖြစ်လာခဲ့တယ်။

### အမြဲပြုနေထိုင်

နာနတ်တောဟာ အနောက်ဘက်မှာ ရန်ကုန်-အင်းစိန်မီးရထားလမ်း။ အရှေ့ဘက်ကပ်လျက်က ကြံတောသင်္ချိုင်း၊ ကြံတောသင်္ချိုင်းဆိုတာက အစကသင်္ချိုင်းမဟုတ်ဘူး။ အလေ့ကျပေါက်နေတဲ့ ကြံခင်းကြီးပဲ။ ဒီကြံခင်းမှာ ကြံလာခုတ်ပြီး ရောင်းစားတဲ့သူတွေက ကြံခင်းကို အမြဲပြုနေထိုင်လာကြတယ်။

ကြံတောပြုန်းတော့မယ့်အခြေအနေမှာ ကြံပင်တွေကိုပြန်စိုက်ရင်း အခြေချနေထိုင်ခဲ့ကြတယ်။ အောက်ဗမာနိုင်ငံကို နယ်ချဲ့အင်္ဂလိပ်တို့ သိမ်းပိုက်ပြီး နောက်ပိုင်းကျတော့ ရန်ကုန်မြို့ဟာ လူနေသိပ်သည်းထူထပ်လာတယ်။ ဟိုတုန်းက ရွာသိမ်ရွာငယ်တွေဟာ ရပ်ကွက်ကြီးတွေ ဖြစ်လာကြတယ်။

ကျေးလက်ဇနပုဒ်ရဲ့ သင်္ချိုင်းမြေတွေဟာ လူနေရပ်ကွက်တွေထဲ ပါသွားခဲ့တယ်။ ဒါကြောင့် အင်္ဂလိပ်အစိုးရက ၁၈၇၅ ခုနှစ်ဝန်းကျင်မှာ ကြံတောမြေကို သိမ်းပိုက်ပြီး ဗမာသင်္ချိုင်းမှန်သမျှ ကြံတောကို ပြောင်းရွှေ့ပေးခဲ့တယ်။ အင်္ဂလိပ်၊ အာမေးနီးယန်းစတဲ့ ခရစ်ယာန်သင်္ချိုင်းတွေကိုတော့ မြို့ထဲမှာချန်ထားခဲ့တယ်။

ခုတော့ ကြံတောသုသာန်လည်း မရှိတော့ဘူး။ ကြံတောသုသာန်နေရာမှာ အင်မတန်စည်ကားတဲ့ “ဂျန်းရှင်းစကွဲယား” ဆိုတာကြီး ပေါ်ပေါက်နေပြီး ရုပ်ရှင်ရုံတွေ ဘာတွေနဲ့ ကြက်ပျံမကျ ဆိုသလိုဖြစ်နေပြီ။

အဲဒီကာလက လှည်းတန်းလမ်းမရှိသေးဘူး။ လှည်းတန်းလမ်းထိပ် ပြည်မြန်မာနဲ့ လှည်းတန်းစင်တာကြားနေရာမှာ လူလေးယောက်လောက်ဖက်ရတဲ့ အထင်ကရ ညောင်ပင်ကြီးရှိတယ်။ အင်မတန်အရိပ်ကောင်းတယ်။ ညောင်ပင်ကြီးအရိပ်အောက်မှာ လှည်းသမားတွေ နားခိုကြတယ်။

ရွှေတိဂုံဘုရား၊ ကြည့်မြင်တိုင် စတဲ့နေရာတွေကို ကုန်နဲ့ လူကိုပို့ပေးတဲ့ နွားလှည်းတွေတန်းစီပြီး ညောင်ပင်ကြီးအောက်မှာ ဂိတ်ထိုးကြတယ်။ အဲဒီနွားလှည်းတွေဟာ အခု အုတ်ကျင်းရပ်ကွက်မှာဖုတ်တဲ့ အုတ်တွေ။ ၇ မိုင် ၆ ရပ်ကွက် အုတ်ကျင်းမှာဖုတ်တဲ့ အုတ်တွေကို တိုက်ဆောက်တဲ့ နေရာတွေကိုလည်း ပို့ရသတဲ့။

နောက် မြင်းလှည်းတွေပေါ်လာတော့ မြင်းလှည်းသမားတွေ၊ နွားလှည်းသမားတွေ နားခိုရာကအစ အဲဒီညောင်ပင်ကြီး အနီးအနားတစ်ဝိုက်မှာ တဲထိုးအိမ်ဆောက်နေထိုင်လာလို့ လှည်းတန်းလို့တွင်ပါသတဲ့။ အစက မိုးတွင်းဆိုရင် ရွှံ့တော၊ ဗွက်တောကြီးပါ။

### လှည်းတန်း လမ်းမကြီး

လှည်းတန်းလမ်းမကြီးဟာလည်း လှည်းလမ်းကလေးပါ။ အင်္ဂလိပ်အစိုးရက လှည်းတန်းလမ်းမကြီးကို ဖောက်မယ်ဆိုတော့ ညောင်ပင်ကြီးခံနေတယ်။ မလွတ်ဘူးလေ။ ဒါကြောင့် ညောင်ပင်ကြီးကို အစိုးရလမ်းလုပ်ငန်းဌာန (People Work Department, PWD) က ခုတ်လှဲလိုက်ပါရော။ လှည်းသမားတွေရော အနီးအနား နေထိုင်သူတွေပါ မကျေနပ်ကြဘူး။

ဒါကြောင့် တဘောင်စာချိုးတောင် ပေါ်လာခဲ့ဖူးသတဲ့။ အဲဒီတဘောင်စာချိုးက နှစ်မျိုးဖြစ်နေတယ်။ “ညောင်ပင်ကိုခုတ် ညောင်ငုတ်တုတ်၊ အဟုတ်ပယ်လှန် အင်္ဂလန်” တဲ့။ နောက်တစ်ခုက “ညောင်ပင်ကိုခုတ် ကစိုးရုပ်နုတ် ပြီးပြတ်ပယ်လှန် စနေနံ” ပါတဲ့။ စနေနံဆိုတာက ဗြိတိသျှကိုဆိုလိုတာတဲ့။

တဘောင်စာချိုးရဲ့ အဓိကဆိုလိုရင်းက ဗြိတိသျှအစိုးရလမ်းလုပ်ငန်းဌာနက ညောင်ပင်ကြီးကိုခုတ်လှဲလိုက်တဲ့အတွက် အင်္ဂလိပ်အစိုးရတော့ “အင်္ဂလန်ပြန်ပြေးရတော့မယ်” ဆိုတဲ့ အဓိပ္ပာယ်ပါ။

နောက်ပိုင်း ရန်ကုန်တက္ကသိုလ် စာသင်ဆောင်များ၊ လူနေဆောင်များ ဆောက်လုပ်တဲ့အခါ အုတ်၊ သဲ၊ ကျောက်များကို နွားလှည်းများနဲ့ သယ်ယူကြရတယ်။ အဲဒီနွားလှည်းများ၊ နွားများ၊ လှည်းသမားများဟာ လှည်းတန်းမှာပဲ စခန်းချကြတယ်။

တစ်စတစ်စနဲ့ ခရီးသည်(လူ) ပို့ဆောင်ရေးလုပ်ငန်းမှာ နွားလှည်းအစား မြင်းရထားတွေက နေရာယူခဲ့ကြတယ်။ နောက်ပိုင်းကျတော့ မော်တော်ကားတွေ၊ ဓာတ်ရထားတွေ တစ်စတစ်စ အသုံးပြုခဲ့ကြတယ်။

ကုန်ပစ္စည်းပို့ဆောင်ရေးလုပ်ငန်းကို နွားလှည်းနေရာမှာ မော်တော်ကားများနဲ့ သယ်ယူပို့ဆောင်ရေးယာဉ်ရထားများ ဝင်ရောက်လာကြတယ်။

လှည်းတန်းလမ်းမကြီး ပြီးသွားပေမယ့် လူနေအိမ်ခြေ သိပ်မထူထပ်သေးပါ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီမှာ လှည်းသမားတွေ အခြေချနေထိုင်ပြီး စံပယ်၊ နှင်းဆီစတဲ့ ပန်းတွေ၊ မုန်လာ၊ ချဉ်ပေါင်၊ မုန်ညင်း၊ ပန်းဂေါ်ဖီစတဲ့ ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုး စားသောက်ကြတယ်။ ဒါကြောင့် ခြံကျယ်ကြီးတွေ၊ စိုက်ခင်းတွေပဲ။

### စည်ကားတဲ့ လူနေရပ်ကွက်

၁၉၅၆-၅၇ လောက်မှာ လှည်းတန်းက ဆင်မလိုက်ထိ မီးကြီးလောင်တယ်။ မီးလောင်ပြီးတဲ့အခါ မီးလောင်ပြင်ကို လူနေအိမ်ကွက်တွေ ဖဆပလအစိုးရက ရိုက်ပေးပြီး လူနေရပ်ကွက်အဖြစ် ပြောင်းပေးလိုက်ပါတယ်။ အဲဒီတော့မှ အင်မတန်စည်ကားတဲ့ လူနေရပ်ကွက်ကြီး ဖြစ်လာပါတယ်။

စံရိပ်ငြိမ်ဆိုတဲ့နာမည် ဖြစ်လာတာကလည်း စိတ်ဝင် စားစရာ။ အစကအဲဒီနေရာကို အင်းလျားရွာသစ်လို့ ခေါ်ပါသတဲ့။ အင်းလျားရွာဟောင်းဆိုတာ အခု ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၊ စီးပွားရေးတက္ကသိုလ် သိပ္ပံစာသင်ခန်းများနဲ့ စာကြည့်တိုက် အဆောက်အအုံ တည်ဆောက်ထားတဲ့ မြေနေရာပါပဲ။

အင်းလျားရွာဟောင်းကို တက္ကသိုလ်ဆောက်ဖို့ အစိုးရကသိမ်းလိုက်တဲ့အခါ အခု စံရိပ်ငြိမ်နေရာကို အစားပေးပါသတဲ့။ အဲဒီမှာ အင်းလျားရွာသစ်ကို တည်ပါတယ်။ အင်းလျားဘုန်းကြီးကျောင်းကိုပါ စံရိပ်ငြိမ်ကို ပြောင်းပြီး အင်းလျားရွာသစ်ကျောင်းလို့ ခေါ်တွင်ခဲ့တယ်။ ခုထိ ရှိပါတယ်။

အဲဒီတုန်းက စံရိပ်ငြိမ်လို့ မခေါ်သေးဘူး။ စံရိပ်ငြိမ် ဖြစ်လာတာက ရန်ကုန်တက္ကသိုလ်တည်ဆောက် ပြီးစလောက်မှာ တက္ကသိုလ်ဆရာမ “မေရီဝါစင်” တိုက်ခံအိမ်ကလေးနဲ့ နေပါသတဲ့။ ကြံတောသင်္ချိုင်းမှာ ပျော်ပါးကျက်စားတဲ့ “လင်းတငှက်” တွေဟာ သူမအိမ်ခေါင်မိုးပေါ် မှာ လာပြီး နားခိုကြသတဲ့။

အိမ်ရှင်ဆရာမ မေရီဝါစင်ဟာ သူ့အိမ်ခေါင်မိုးပေါ် လင်းတနားတာကြောင့် ညတိုင်းအိပ်မပျော်နိုင်ဘဲ စိတ်ချောက်ချားလာဆိုကိုး။ နောက်ဆုံးမနေရဲတော့ဘဲ ပြောင်းရွှေ့သတဲ့။ ဆက်နေသူတို့က လင်းတနားတာဟာ ကျက်သရေမရှိဘူးဆိုပြီး အဲဒီအိမ်ရှေ့မှာ “စံရိပ်ငြိမ်” ဆိုတဲ့ ဆိုင်းဘုတ်ကလေးကပ်ထားသတဲ့။

ဒါကြောင့် အင်းလျားရွာသစ်ဟာ “စံရိပ်ငြိမ်” လို့ တွင်လာဆိုကိုး။ အရင်ရွာသစ် ၁၊ ၂၊ ၃၊ ၄၊ ၅ လမ်းလို့ ခေါ်ရာက ခုတော့စံရိပ်ငြိမ် ၁၊ ၂၊ ၃၊ ၄၊ ၅ လမ်းရယ် လို့ ပြောင်းလဲခေါ်ဝေါ်လာကြတယ်။ အဲကလိုပဲ ကျွဲတွေနားခိုရာနေရာကို ကျွဲကုန်း။ လက်ခုပ်ပင်ရှိတဲ့အရပ်ကို လက်ခုပ်ပင်။ ကျောက်သားဆင်ရုပ်နဲ့ ရေတွင်းနှစ်တွင်းရှိတဲ့နေရာကို ဆင်ရေတွင်းလို့ ခေါ်တွင်ခဲ့တယ်။

စာမျက်နှာ ၂၁ သို့ ❋

❋ စာမျက်နှာ ၂၀ မှ

### အကိုင်းအခက်များ ဖြာထွက်

အင်းလျားကန်မှ လှိုင်မြစ်၊ ရန်ကုန်မြစ်၊ ငမိုးရိပ်ချောင်းများထဲ စီးဆင်းတဲ့ ချောင်းကလေးတွေ အများအပြားပဲ။ ရေစီးဆင်းပုံက သစ်ပင်ကြီးမှ အကိုင်းအခက်များဖြာထွက်သလိုစီးဆင်းလို့ "ခက်ဖြာရေဆင်း"လို့ ခေါ်ဆိုကိုး။ အဲဒီအချိန်တုန်းကအင်းလျားလမ်းနဲ့ ကုက္ကိုင်းရိပ်သာလမ်း မရှိသေးဘူး။

အင်းလျားကန်ကို ကန်ပေါင်မတင်ခင်က အင်းပက်လက်ကြီးဖြစ်ပါတယ်။ အင်းလျားကန်ထဲက ရေတွေဟာ မိုးအခါ ရန်ကုန်မြစ်၊ လှိုင်မြစ်၊ ငမိုးရိပ်ချောင်းတွေထဲကို စီးဆင်းပါတယ်။ အင်းလျားက ချင်းချောင်းရိပ်သာ နောက်ကျောကဖောက်ထွက်ပြီး အနောက်လမ်းနဲ့ သခင်မြပန်းခြံကြား၊ အလုံဈာဝတီသဘော်ကျင်းနဲ့ ကီလီကြားမှာ ချောင်းတစ်ခု ရန်ကုန်မြစ်ထဲ စီးဝင်တာ အခုထိမြင်နိုင်တယ်။

ဝင်ဒါမီယာက မြေနီကုန်း၊ စမ်းချောင်း၊ ကြည့်မြင်တိုင် သီတာရုပ်ရှင်ရုံဘေးချောင်းတစ်ခု၊ ကမာရွတ်တံတားဖြူကဆင်ရေတွင်း၊ လှိုင်စာတိုက်ဘေးက ချောင်းတစ်ပေါက်၊ အင်းလျားလေးကန်က လှိုင်နဲ့ မရမ်းကုန်းကို ခြားထားတဲ့ သမိုင်းကောလိပ်ဘေးက ချောင်း၊ ဘုရင့်နောင်စျေးဘေးမှာတစ်ချောင်း လှိုင်မြစ်ထဲစီးဝင်တယ်။

အရှေ့ဘက်မှာ ရန်ကင်း ၁၂ လုံးတန်း နောက်ကျောနားမှာ ချောင်းတစ်ချောင်းရှိတယ်။ ကံပေါင်မဖို့ခင်က ချောင်းကြီးတစ်ခုလို့ဆိုတယ်။ ခုရေမြောင်းအဖြစ် ရှိသေးတယ်။ နောက်သုတေသနဝင်းဘေးက ချောင်းတစ်ပေါက်ရှိတယ်။ အဲဒါတွေက တောင်ဥက္ကလာကတစ်ဆင့် ငမိုးရိပ်ထဲ စီးဝင်ပါသတဲ့။

### ထင်သာမြင်သာ

ဒါတွေဟာ ခုထိထင်သာမြင်သာရှိနေသေးတဲ့ ချောင်းတွေပဲ။ ခုတော့ ရေမြောင်းအသွင်နဲ့ပဲ တွေ့နိုင်ပါတော့တယ်။ အရှေ့ဘက်ကိုစီးတဲ့ ချောင်းတွေနဲ့ တောင်ဘက်ကိုစီးတဲ့ ချောင်းတွေဟာ တောင်ကြားတွေ၊ လျှိုတွေ၊ မြောင်တွေကို ဖြတ်သန်းစီးဆင်းကြရတယ်။ မြောင်ဘက်ကိုစီးတဲ့ ချောင်းတော့ မတွေ့ရဘူး။

ဒီချောင်းတွေဟာ ခုထိ ရေမြောင်းအကြီးစားကြီးတွေအဖြစ် မြင်ရမှာဖြစ်တယ်။ တချို့က ခုထိ လှိုင်မြစ်နဲ့ ဆက်စပ်နေပြီး လှေသမ္ဗန်များ ဝင်ထွက် ဆိုက်ကပ်နေတာတွေ့ရမှာဖြစ်တယ်။ တချို့ချောင်းကလေးတွေကျတော့ မော်တော်ကားလမ်း၊ မီးရထားလမ်းတွေ ဖောက်လိုက်တော့ မူလချောင်းပျောက်သွားကြတယ်။

အင်းလျားတစ်ဝိုက်သာမက ရန်ကုန်မြို့ကြီးတစ်ခုလုံးဟာ ဒီရေတောတွေနဲ့ ဖုံးလွှမ်းနေတာလို့ဆိုတယ်။ ကနစို၊ ဗျူး၊ ကန့်ဇလာ၊ ပင်လယ်အုန်း၊ သင်ပေါင်းစတဲ့ အပင်တွေ ထူထပ်စွာပေါက်ရောက်တယ်လို့ ဆိုတယ်။

တောင်ရိုးတွေပေါ်မှာတော့ ကညင်၊ သစ်ပုပ်၊ တောခရေ၊ သရက်၊ ပိန္နဲပင်တွေအလေ့ကျပေါက်ရောက်တယ်။

လူတွေဝင်ရောက် နေထိုင်ကြတဲ့အခါ စားပင်သီးပင်တွေကို ချန်လှပ်ပြီး တောရိုင်းပင်တွေကို ခုတ်ထွင်ရှင်းလင်းကာ သစ်သီးဝလံ ပန်းမန်စိုက်ပျိုးရင်း စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်လာခဲ့ကြတယ်။

အင်းလျားကန်လို့အမည်မတွင်ခင်က အင်းလျားကန်ဟာ သဘာဝအတိုင်း ဂဝံကုန်းရိုးတွေနဲ့ ကာရံထားပါသတဲ့။ အဲဒီဂဝံ ကုန်းရိုးတောင်ပူစာလေးများဘေးမှာ လျှိုကြီးတစ်ခုတည်ရှိဆိုကိုး။ ဒီလျှိုမှာ လူမျိုးစုံနေထိုင်ကြပြီးသား၊ ငါးရှာဖွေစားသောက်နေထိုင်ကြပါသတဲ့။

၁၈၈၂-၁၈၈၃ ခုနှစ်မှာ ရန်ကုန်မြို့ကို ရေအလုံအလောက် ပေးဝေနိုင်ရန် အင်းလျားကန်ကို တိုးချဲ့ပြီး လေးထောင့်အနေအထားဖြစ်အောင် အရှေ့ဘက်မှာ ၁ ဒသမ ၂ မိုင်၊ အနောက်ဘက်မှာ သုည ဒသမ ၅ မိုင်နဲ့ တောင်ဘက် အင်းလျားလမ်းတစ်လျှောက် ရေကာတာရိုး တည်ဆောက်ခဲ့တယ်။

လူအင်အား၊ ယန္တရားအားတွေသုံးပြီး ငွေကျပ် ၁၇ သိန်းအကုန်အကျခံ တည်ဆောက်ခဲ့ပါသတဲ့။ ကန်ဖို့ပြီးတဲ့အခါ ပိုက်လုံးကြီးများနဲ့ ကန်တော်ကြီးကို ရေပို့လွှတ်ခဲ့တယ်။ ကန်ပေါင်ဆည်လို့ပြီးတဲ့အခါ အင်္ဂလိပ်အစိုးရက "ဝိတိုရိယကန်"လို့ အမည်ပေးခဲ့ပြန်ပါတယ်။

### ရန်ကုန်တက္ကသိုလ်တည်ဆောက်

၁၉၁၅-၁၆ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်တည်ဆောက်ရန် ရန်ပုံငွေများကောက်ခံရရှိခဲ့ပါတယ်။ အဲဒီရန်ပုံငွေဟာ အစိုးရစိုက်ထုတ်တာမဟုတ်ဘဲ ကုမ္ပဏီကြီးများ၊ သူဌေးကြီးများထံမှ ကောက်ခံခဲ့ပါတယ်။ ငွေသိန်းနဲ့ချီထည့်သူကို ပါရဂူဒေါက်တာဘွဲ့ချီးမြှင့်တာ၊ လုပ်ငန်းလိုင်စင်ထုတ်ပေးတာနဲ့ ဆွယ်တာပါ။

နောက်တစ်ခုက ဆင်းရဲသားကျေးတော်မျိုး၊ ကျွန်တော်မျိုးတို့ဆီကလည်း အာဝါဒေး(Our day) လောင်းကစားဝိုင်းတွေဖွင့်ပြီး အစိုးရက အကောက်အစားယူတဲ့စနစ်နဲ့ ရန်ပုံငွေရှာခဲ့တာပါ။ ဆင်းရဲသားတွေကို မွဲဆေးဖော်ပေးလိုက်တာပါပဲ။

တစ်နည်းအားဖြင့်ပြောရရင် ဗမာပြည်မှာ တက္ကသိုလ်ကျောင်းတစ်ကျောင်း ထူထောင်ပေးတာဟာ ခိုင်းကောင်းရုံ ဗိုလ်စိတ်ပေါက်နေတဲ့ဗမာတွေ မွေးထုတ်ပေးဖို့၊ ချောကလက်ဗိုလ်တွေများလာဖို့ ဆရာကြီးဒီးဒုတ်ဦးဘချို စကားငှားပြောရရင် "ကျွန်လုပ်စက်ကြီး" တည်ဆောက်ဖို့ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်တာပဲ။

အဲဒီလိုနဲ့ ရန်ပုံငွေရတဲ့အခါ မြေဝယ်ဖို့ မြေကွက်တွေကို ကြည့်ပါတယ်။ ပထမဆုံး လျာထားသတ်မှတ်တဲ့နေရာက တံတားလေးလမ်းဆုံနားက စိတ္တဇဆေးရုံနေရာဖြစ်တယ်။ ဒါပေမယ့် အဲဒီနေရာဟာ တောကြီးမျက်မည်း ဖြစ်နေတာရယ်၊ လမ်းပန်းခက်ခဲတာရယ်ကြောင့် ကန့်ကွက်သူများလို့ ပယ်လိုက်တယ်။ နောက်ဆုံးတော့ ရွှေတိဂုံဘုရား ဂေါပကလူကြီး ဦးဘကျော်ပိုင်တဲ့မြေနဲ့ အင်းလျားရွာဟောင်းရယ်၊ ရွာဟောင်းဘုန်းကြီးကျောင်းရယ်၊ အဲဒီအနီးအနားပတ်ဝန်းကျင်က ရွာသိမ်ရွာငယ်လေးတွေကို သိမ်းယူပြီး တက္ကသိုလ်ကျောင်းကြီးဆောက်လုပ်ဖို့ လျာထားသတ်မှတ်လိုက်တယ်။

အဲဒီမြေကို အစိုးရကသိမ်းလိုက်တဲ့အတွက် သူဌေးဦးဘကျော်က ဗြိတိသျှအစိုးရကို တရားစွဲပါသတဲ့။ ဒါကြောင့် အင်္ဂလိပ်အစိုးရက ဦးဘကျော်နဲ့ရွာသားတွေကို ရူပီး ၈၀၀၀၀၀ လျော်ကြေးအဖြစ် ပေးခဲ့ရပါသတဲ့။

ငွေအပြင် အင်းလျားရွာဟောင်းနဲ့ ဘုန်းတော်ကြီးကျောင်းအတွက် မြေနေရာအစားပေးရပါတယ်။ အဲဒီနေရာကတော့ အင်းစိန်လမ်းမဘေးလှည်းတန်းနဲ့ ကပ်လျက်တည်ရှိတဲ့ "စံရိပ်ငြိမ်" ရပ်ကွက်ဖြစ်လာတယ်။ အင်းလျားရွာသစ်ဘုန်းတော်ကြီးကျောင်းဟာလည်း စံရိပ်ငြိမ်မှတ်တိုင်အနီးမှာ တည်ရှိပါတယ်။

တက္ကသိုလ်နယ်မြေရဲ့ မြေအကျယ်အဝန်းဟာ ၄၁၄ ဒသမ ၇၆ ဧက ကျယ်တယ်လို့သိရတယ်။ အဲဒီနယ်မြေကို မြောက်ဘက်နဲ့အရှေ့ဘက်မှာ အင်းလျားလမ်း၊ တောင်ဘက်မှာ ဇော်ဂျီလမ်း၊ အနောက်ဘက်မှာ ပြည်လမ်းတို့က အနားသတ်ထားပါတယ်။

လက်ရှိ တက္ကသိုလ်ပရဝဏ်ရဲ့ မြောက်ဘက်နဲ့အရှေ့ဘက်မှာ အင်းလျားလမ်းရှိတယ်။ အင်းလျားလမ်းဟာ ပြည်လမ်းကို ထိပ်တိုက်ထားပါတယ်။ ဘွဲ့နှင်းသဘင်နောက်ကျောကဖြတ်ပြီး တက္ကသိုလ်ရိပ်သာလမ်းနဲ့ဆုံတဲ့နေရာက ပြည်လမ်း၊ ကမ္ဘာအေးဘုရားလမ်းတို့နဲ့အပြိုင် တောင်ဘက် ရွှေတိဂုံဘုရားအထိရောက်တယ်။

အင်းလျားလမ်းဆိုတာ အစကမရှိသေးဘူး။ တက္ကသိုလ်ရိပ်သာလမ်းနဲ့ တခြားလမ်းတွေလည်း မရှိဘူး။ အင်းလျားလမ်းဆိုတာ အင်းလျားရွာလယ်လမ်းပါ။ မိုးတွင်း ဆိုရင် အင်းလျားကန်က ရေလျှံထွက်တဲ့ ရေတွေနဲ့ပြည့်နေပြီး ရေစီးကြောင်း ချောင်းရိုးလေး ဖြစ်နေပါတယ်။

နွေဦးပေါက်ရာသီရောက်တာနဲ့ သဲလမ်းကလေးဖြစ်လာပါတယ်။ အဲဒီလမ်းလေးကို ရွှေညောင်ပင်လမ်းလို့ ရှေးကခေါ်ခဲ့ကြတယ်။ ကျောင်းသားတွေ ရွှေတိဂုံဘုရားဖူးချင်ရင် လူစုပြီး အဲဒီသဲလမ်းကလေးက ရွှေတိဂုံဘုရားကို သွားရောက်ဖူးကြပါသတဲ့။ ။

## မုံရွာမြို့၌ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲ ကျင်းပမည်

**မုံရွာ ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီးအားကစားကွင်းအတွင်း ကျင်းပမည့်၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ပြခန်းတွင် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"သစ်သီးဝလံနဲ့ပန်းမန်ပြိုင်ပွဲကို နှစ်စဉ်ပြည်ထောင်စုနေ့ အခမ်းအနားမှာ ကျင်းပပါတယ်။ အခုနှစ်ပြိုင်ပွဲမှာလည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ပြိုင်ပွဲဝင်တောင်သူတွေအနေနဲ့ ကိုယ်တိုင်စိုက်ပျိုးထားတဲ့ ပြည်တွင်းမျိုးတွေ၊ နိုင်ငံခြားမျိုးတွေနဲ့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါတယ်။ ထူးခြားတဲ့ အသီး၊ အပွင့်၊ အရွက်၊ အပင်နဲ့ဥတွေကိုလည်း လာရောက် ပြသနိုင်ပါတယ်။ ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက်ခုနာရီမှာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ပြခန်းမှာ ကျင်းပသွားမှာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ညွန့်က ပြောသည်။

ပြည်ထောင်စုနေ့အထိမ်းအမှတ် သစ်သီးဝလံနှင့်ပန်းမန်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် တောင်သူများအနေဖြင့် သစ်သီးဝလံပြိုင်ပွဲတွင် မိမိတို့ကိုယ်တိုင် စိုက်ပျိုးထားသော ဘူးသီး၊ ဖရုံသီး၊ သခွားသီး စိတ်ကြိုက်တစ်လုံးစီ၊ မုန်လာပွင့်တစ်ပွင့်၊ ဂေါ်ဖီထုပ် စိတ်ကြိုက်တစ်ထုပ်၊ မုန်လာဥဖြူ၊ မုန်လာဥနီ၊ နိုကိုဥနှင့်ခရမ်းသီးများကို ငါးလုံးနှုန်း၊ နဂါးမောက်သီးနှင့် သဘော်သီးတို့ကို သုံးလုံးနှုန်း၊ သံပရာသီးနှင့် ရှောက်သီးတို့ကို ငါးလုံးပါအတွဲတစ်တွဲနှုန်း၊ ငရုတ်သီး ၁၀ တောင့်၊ ဆီးသီးနှင့် ခရမ်းချဉ်သီး ၁၀လုံးနှုန်းဖြင့်လည်းကောင်း၊ အာလူး၊ ပိန်းဥနှင့်ဝဥတို့ကို ငါးလုံးနှုန်း၊ ငှက်ပျောသီး၊ အုန်းသီးနှင့်ကွမ်းသီးတို့ကို တစ်ခိုင်နှုန်း၊ ပန်းမန်ပြိုင်ပွဲတွင် (ပန်းအလှ၊ အရွက်အလှ) အတွက် ပန်းအိုးတစ်အိုးနှုန်းဖြင့်လည်းကောင်း ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၅ နာရီနောက်ဆုံးထားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ပြခန်းတွင် လာရောက်ပြသ ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## အနုပညာသတင်း

## တေလာဆွစ်ကို ခေါင်းညိတ်စေခဲ့တဲ့ လူပီတာညောင်အို



ကျော်ကြားတဲ့ ဟောလိဝုဒ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ လူပီတာညောင်အိုဟာ ရုပ်ရှင်သစ်အတွက် တေလာဆွစ်ရဲ့ တေးသီချင်းကို အသုံးပြုလိုကြောင်း ပေါ့ပ်ကြယ်ပွင့်ထံ စာရေးသား တောင်းဆိုခဲ့ရာမှာတော့ တေလာဆွစ်က အသုံးပြုခွင့်ပေးလိုက်တာဖြစ်ကြောင်း လတ်တလောမှာ လူပီတာညောင်အိုက ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လူပီတာညောင်အိုရဲ့ နောက်ဆုံးရုပ်ရှင် " Little Monsters " မှာ တေလာဆွစ်ရဲ့ ကျော်ကြားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ " Shake It Off " ကို ထည့်သွင်းအသုံးပြုခဲ့ကြောင်း သိရပါတယ်။ တေလာဆွစ်ရဲ့ တေးသီချင်းကို သူ့ရဲ့ရုပ်ရှင်မှာ သီဆိုဖို့ရာ တေလာဆွစ်ဆီက ခွင့်ပြုချက်တောင်းခံခဲ့ကြောင်း၊ တေလာဆွစ်ထံကို ကိုယ်တိုင်စာရေးသားကာ ဒီသီချင်းနဲ့ပတ်သက်တဲ့ သူ့ရဲ့ အမှတ်တရတွေကိုလည်း တစ်ပါတည်းထည့်သွင်းရေးသား ပေးပို့ခဲ့ရာမှာတော့ တေလာဆွစ်က အသုံးပြုခွင့်ပေးလိုက်ကြောင်း လူပီတာညောင်အိုက ဆိုပါတယ်။



## Toy Story ရုပ်ရှင်သစ် စမ်းသပ်ထုတ်လွှင့်

ဒစ်စနေရဲ့ကျော်ကြားတဲ့ ရုပ်သံဖန်တီးမှု ရုပ်ရှင်တစ်ကားဖြစ်တဲ့ " Toy Story " ရဲ့ ရုပ်ရှင်သစ် " Toy Story 4 " အတွက် စမ်းသပ်ထုတ်လွှင့်မှုကို ပြီးခဲ့တဲ့ " Super Bowl " ပွဲစဉ်အတွင်း ပြုလုပ်ခဲ့တာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလော ထုတ်လွှင့်ခဲ့တဲ့ အစမ်းရုပ်ရှင်မှာတော့ ဇာတ်လမ်းတွဲရဲ့ အဓိကဇာတ်ကောင်နှစ်ဦးဖြစ်တဲ့ ဝူဒီနဲ့ ဘိုပိတို့ ပြန်လည်ပါဝင်လာတာ တွေ့ရပါတယ်။ သူတို့နှစ်ဦးပြန်လည်တွေ့ဆုံရာမှာတော့ ရယ်မောဖွယ်တွေ၊ ငိုကြွေးဖွယ်တွေနဲ့ ကလေးဘဝရဲ့အတိတ်ဖြစ်ရပ်တွေ ပြန်လည်ခံစားခဲ့ရတာကို တွေ့ရပါတယ်။

" Toy Story " ဇာတ်လမ်းတွဲရုပ်ရှင်ရဲ့ ပရိသတ်တွေအနေနဲ့ ပြီးခဲ့တဲ့ " Toy Story 3" မှာ ဘိုပိပျောက်ဆုံးနေတာကို သတိထားမိကြမှာ ဖြစ်ပါတယ်။ လာမယ့် ရုပ်ရှင်သစ်မှာတော့ ဘိုပိပြန်လည်ပါဝင်လာမှာဖြစ်ပြီး ပိုမိုဆန်းသစ်လှပသွားတာကိုလည်း လတ်တလော ထုတ်လွှင့်ခဲ့တဲ့ အစမ်းရုပ်ရှင်မှာ တွေ့မြင်ခဲ့ရပါတယ်။

ပြီးခဲ့တဲ့ လအတွင်းမှာလည်း ဒစ်စနေက " Toy Story 4" အတွက် အစမ်းရုပ်ရှင်ကို ပထမဆုံးအကြိမ် စမ်းသပ်ထုတ်လွှင့်ခဲ့ပါတယ်။ ဒါကြောင့် လတ်တလော စမ်းသပ်ထုတ်လွှင့်မှုဟာ ဒုတိယမြောက်ဖြစ်ပါတယ်။ ဒီအစမ်းရုပ်ရှင်တွေမှာတော့ အဓိက အမျိုးသမီးဇာတ်ကောင်ဖြစ်တဲ့ ဘိုပိဟာ ယခင်တွေ့နေကျပုံစံတွေထက် ပိုမိုကောင်းမွန်လှပတဲ့ပြင်ဆင်မှုမျိုး ရှိနေတာကို တွေ့ရပါတယ်။

**အေးပြည့် - စုစည်းသည်**


MPT
၁၀၀၀ ကျပ် = ၅၀၀၀ ကျပ်
*500#
USSD Code
၁,၀၀၀ ကျပ်
၅,၀၀၀ ကျပ်
*5001#
၂,၀၀၀ ကျပ်
၁၀,၀၀၀ ကျပ်
*5002#
၅,၀၀၀ ကျပ်
၂၅,၀၀၀ ကျပ်
*5005#
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline 24 hours everyday

ဆရာကြီးဦးမြဝင်း(မြန်မာစာကထိက(ငြိမ်း))မှဦးစီးတည်ထောင်သော

**ဦးမြဝင်း**(ဂုဏ်ထူးမြန်မာစာ)

ဆတန်း၊ ၉တန်း၊ တက္ကသိုလ်ဝင်တန်း

ဂုဏ်ထူးဝင်ဘာသာစုံ စာသင် စာကျက် စာစစ်ဝိုင်း

March(7)ရက်နေ့တန်းခွဲသစ်များစပြီ။

Ph:09-5029621,09-5402724,09-250371045

ကြယ်စင်ကောင်းကင် 09-429254898, 09-444499654

ဆက်သွယ်အပ်နှံနိုင်ပါသည်

အလုံ၊ကြည့်မြင်တိုင်၊စမ်းချောင်း၊ကျောက်မြောင်းမြို့နယ် အတွင်းရှိစားသောက်ဆိုင်ဖွင့်ရန် မြေသီးသန့် ငှားရမ်းလိုသော Customer ရှိပါသည်။ ငှားရမ်းလိုသောပိုင်ရှင်များ ဆက်သွယ်အပ်နှံနိုင်ပါသည်။

Golden Land Real Estate 09-73008848,09-964008848

သန်းဌေးနှင့်ရောင်းရင်းများ ၅ ကျိုက်ထီးရိုး/ချောင်းသာ(ဖေ့စ်)

မြတ်မော်တင်စွန်းဘုရားပွဲတော် Feb18 မှစ၍(အင်္ဂါသောကြာ)

ရွှေစက်တော်နှင့်လမ်းဘုရားစုံ(၂/၃)ရက်။ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး(၅)ရက်။

အလောင်းတော်(သီးသန့်)(၃)ရက်။

Feb 7,8, 15,22 Mar 1,8 15,22,29

Ph: 01-380141, 01-241863, 09-43043109, 09-30284810

ဦးကျော်သူရ၊ ဒေါ်ခွယ်နွယ်ရှိန် စီမံအုပ်ချုပ်သော

**ကံ့ကော်မြေ ပညာ့ရိပ်သာ**

၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀ တန်းခွဲများ

၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ကျောင်းသားကျောင်းသူတိုင်း အောင်မြင်မှုများပိုင်ဆိုင်နိုင်ပါစေ။

(၂၀၁၉-၂၀၂၀) ပညာသင်နှစ် တန်းခွဲများ မတ်လ(၃)ရက်တွင် စတင်ပါမည်။



အလယ်တန်းအဆင့် (၁၀)ဦးသီးသန့်ဝိုင်းများစီစဉ်ထားရှိပါသည်။

ခြံအမှတ်(၆၁)အောင်သပြေလမ်း၊ ကွန်းတောရပ်ကွက်(လယ်)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

လိုနေသူကို ဖေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်

**ဆရာမိုး** Follow Me Ph.D (USA)

၈၊၉၊၁၀တန်း တန်းခွဲသစ် 4 Skills ဖွင့်လှစ်ပြီ

Universal Institute of ESL မှ Certificate ချီးမြှင့်သည့်

ENGLISH 4 SKILLS Level (1,2) ၄၊၅၊၆ လနှင့်

ENGLISH 4 SKILLS Level (1) တစ်ပတ် (၅)ရက်တက်(၂)လ အထူး လက်ခံသင်ကြားပြီ။

Essay, Letter ရေးနည်း၊ ...

4 SKILLS Level(1,2,3) အောင်မြင်ပြီးသူတိုင်း Dip ESL ရရှိမည်။

SPEAKING သီးသန့် ၄၊၅၊၆ လ အတတ် လက်ခံပြီ။

University ...

IELTS စာအုပ်၊ CD, DVD ...

4 Skills Band 7 ... IELTS ၄၊၅၊၆ လ အထူး လက်ခံပြီ။

ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။

0943125393

01 8398118,295798

အဆီများ၍ ဗိုက်ချပ်လိုသူများ၊ ဝမ်းပျော့ ဝမ်းမှန်လိုသူများအတွက်...

**သတ္တိမောင်** အမှတ်တံဆိပ်



ရှားစောင်းလက်ပပ်ဝမ်းပျော့ဝမ်းမှန်ဆေး

အမြို့မြို့ဆေးဆိုင်တိုင်းတွင် လက်လီလက်ကားရရှိနိုင်ပါသည်။

TMR012605(0320)

မိုးရှာမောင်

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း

အိမ်ခန်း၊ ရုံးခန်းများကို 15', 16' Box ကားနှင့် လုပ်သားများအပါ။ မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးပါသည်။

09 5024774
09 73179228
09 49155515

**စက်ရုံ/ပိုင်ရှင် ကိုယ်တိုင်ငှားမည်**

လှိုင်သာယာစက်မှုဇုန် မြေ(၁)ဧကကျော်၊ ညောင်တုန်းလမ်းနှင့် (၁) ကွက်ကျော် စက်ရုံ(၂)လုံးပါ၊ မီး ၃၁၅ KVA ပေ (၁၈၀× ၈၀) RC(၂) ထပ် (ရုံးခန်းပါ)၊ ပေ(၁၁၀×၇၀) (၁)ထပ်၊ 1 sqft 250ks (ညှိနှိုင်း)။


ဖုန်း-၀၉-၉၅၅၁၉၇၈၃၀၊ ၀၉-၅၁၉၇၈၃၀

ဆံပင်သည် လူသားတို့အတွက် အမြတ်တနိုးထားအပ်သော အထွတ်အမြတ်ပစ္စည်းဖြစ်တာကြောင့် ကျန်းမာသန့်စွမ်းလှပသည့်ဆံကေသာကို ပိုင်ဆိုင်နိုင်ရန်အတွက်...

ဒေါက်တာခင်မောင်လွင် (FAME) ရေးသားပြုစုသော

**ဆံကေသာဆိုင်ရာ ပြဿနာများ**

ထွက်ပါပြီ



အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။ Ph: 01-3682199, 3685083, 3685609

# အများသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိ(၂)လမ်း၊ အမှတ်(၁၈/စီ)နေ ဦးဝင်းထွန်းဦး [၁၂/မဂဒ(နိုင်)၀၁၆၄၂၅]နှင့် ဇနီး ဒေါ်အေးအေးမြင့် [၇/ပခန(နိုင်)၀၃၂၈၀၈] တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းထွန်းဦးနှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်အေးအေးမြင့်တို့သည် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ နွယ်ခွေကျေးရွာ၊ မြေတိုင်းရပ်ကွက်အမှတ် -၅၃၀/A-၅၂၇က-B၊ မြေကွက်အမှတ် (၁+၂၉+၃၀/၁)၊ မြေအမျိုးအစား-ဝ မြေ၊ လယ်ယာခြံမြေများအား တရားဝင်ပိုင်ဆိုင်ကြသူများ ဖြစ်ကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းထွန်းဦးနှင့် ဇနီး ဒေါ်အေးအေးမြင့်တို့သည် အဆိုပါလယ်ယာခြံမြေပေါ်၌ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများကို နှစ်ပေါင်း(၂၀)ခန့်လုပ်ကိုင်ခဲ့ပြီး ယနေ့တိုင်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ထံသို့ နှစ်စဉ် သီးစားလက်မှတ်ရေးထိုး၍ စိုက်ပျိုးလုပ်ကိုင်နေကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်စားသောက်လျက်ရှိသော အဆိုပါလယ်ယာခြံမြေအတွင်း ကျူးကျော်ဝင်ရောက်ခြင်း၊ ခြံစည်းရိုး ကာရံခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်းစသည့် ကိစ္စရပ်များကို လုံးဝ(လုံးဝ)မပြုလုပ်ကြပါရန် အများသိရှိစေရန် လွှဲအပ်ညွှန်ကြားချက်အရ သတိပေးကြေညာပါသည်။

ထိုကဲ့သို့ ကြေညာထားရှိသည်ကို လျစ်လျူရှု၍ ကျူးကျော်ဝင်ရောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း ဝင်ရောက်နေထိုင်ခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်များအရ အများသိရှိစေရန် သတိပေးကြေညာပါသည်။

**ဦးဝင်းထွန်းဦးနှင့် ဒေါ်အေးအေးမြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးသန်းစိုးထွန်း**

**(LL.B,D.B.L,WIPO,D.L.P)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၇၀)**

**တိုက်အမှတ် (၅၅)၊ တတိယထပ်၊ အခန်းအမှတ် (၃၀)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-5173968,09-30233332**

## ဒေါ်ခင်ကြည် (မူးသာရွာ)
### အသက်(၉၃)နှစ်

ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ မူးသာရွာနေ (မသေရှင်ဆေးတိုက် ဆရာကြီး ဦးမန်းညွန့်-ဒေါ်စိန်မေ)တို့၏ သမီး၊ [ဦးဘအုန်း(သူကြီး)-ဒေါ်လုခင်]၊ (ဦးလုဝိန်-ဒေါ်ခင်ရွှေ)၊ (ဦးအုန်းမောင်-ဒေါ်ခင်မိ)တို့၏ ညီမ၊ Dr.မြင့်ခိုင်-[ဒေါ်ခင်စီ (ဆရာမ)]တို့၏ အစ်မကြီး၊ [ဦးအေးဖေ(စိုက်ပျိုးရေး)]၏ဇနီး ဒေါ်ခင်ကြည်သည် ၂-၂-၂၀၁၉ (စနေနေ့) နံနက် ၁း၃၀ နာရီတွင် အမှတ်(၂၃၃)၊ ဝိသာခါလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစံထွန်းအောင်
### အသက်(၈၈)နှစ်

သူငယ်ချင်း ဗိုလ်မှူးတင်ထွန်းအောင်(ငြိမ်း)-ဒေါက်တာကျော့ကျော့တို့၏ဖခင်ဖြစ်သူ ဦးစံထွန်းအောင်သည် ၄-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**O.T.S(၆၆)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစံထွန်းအောင်(၈၈)နှစ်

ဆရာကြီး ဦးစံထွန်းအောင် ၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးဌာနခွဲသည် (၄.၂.၂၀၁၉)နေ့တွင် ကွယ်လွန်သည်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲပါသည်။ ဆရာကြီး ကောင်းရာသုဂတိလားပါစေ

**ဒုတိယညွှန်ကြားရေးမှူး ချုပ်နှင့်ဝန်ထမ်းများ**
**မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဒေါ်မြမြစန်း
**ဆေး-၂၊ မင်္ဂလာဒုံ (၁၉၆၄ ကျောင်းသူဟောင်း)**
### အသက်(၇၃)နှစ်

ရန်ကုန်မြို့နေ ကျန်းမာရေးဦးစီးဌာန ဒု-ညွှန်ကြားရေးမှူးချုပ် [ဒေါက်တာဦးလှဖေ (UM2 Alumni 1964 2nd MB)]၏ ဇနီး ဒေါက်တာမြမြစန်း အသက်(၇၃)နှစ် (UM2 Alumni 1964 1st MB)သည် ၃၁-၁-၂၀၁၉ ရက် ည ၇း၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ်-၂**
**ကျောင်းသူ/ကျောင်းသားဟောင်းများအသင်း**
**ရန်ကုန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဗိုလ်မှူးကြီးအောင်မင်း ၂-၂-၂၀၁၉ ရက် ညနေတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၄-၇၈ ရူပဗေဒ မော်လမြိုင်ကောလိပ်**
**ကျောင်းသား၊ ကျောင်းသူဟောင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သွင်အောင် (တောင်ကုတ်မြို့)
### အသက် (၇၀)

တောင်ကုတ်မြို့ ကံပိုင်ရပ်ကွက်၊ ဆေးရိုးတန်းလမ်းနေ ဦးတင်ထွန်း(စိုးမိုးကုန်စည် ဖြန့်ချိရေး၊ တောင်ကုတ်)၏ဇနီး၊ ဦးအောင်မျိုးထွန်း(စိုးမိုးကုန်စည်ဖြန့်ချိရေး၊ သံတွဲ)-ဒေါ်အေးအေးမွန်(လ/ထ ကထိက၊ သံတွဲ GTI)၊ ဒေါ်ခင်မျိုးမြင့်(အလပြ၊ ဂွတာ)၊ ကိုကြည်ထူးလှိုင်-မမုမုအောင် (ဟိတ်ဏ်းထက်ဦးဖြန့်ချိရေး)တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၃-၂-၂၀၁၉ ရက် နံနက် ၃း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Super Coffeemix မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယရဲမှူးကြီးချင်းစိန် (ငြိမ်း)
### အသက်(၆၂)နှစ်

ဒု-ရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၅)မှ ဒုတိယရဲမှူးကြီး ချင်းစိန်(ငြိမ်း)သည် ၁-၂-၂၀၁၉ (သောကြာနေ့) ၄း၃၀ နာရီတွင် မိတ္ထီလာမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းရပါကြောင်း၊ သူငယ်ချင်းကောင်းရာသုဂတိလားပါစေ။

**ဒုရဲအုပ်လောင်း(အရာရှိ) သင်တန်းအမှတ်စဉ်(၁၅)အသင်း**

## အထူးကျေးဇူးတင်ရှိခြင်း

၂၆-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားသော ကျွန်မ၏ခင်ပွန်း ဦးအောင်ရဲမြင့် (တာဝန်ခံအင်ဂျင်နီယာ၊ Embassy of India)၏ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော Embassy of India ဝန်ထမ်းများ၊ ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများ၊ (၁၉၇၅)ခုနှစ် Civil Engineer ဟောင်းများ၊ ဆည်မြောင်းဝန်ထမ်းအရာရှိများ၊ လွမ်းသူ့ပန်းခြင်း၊ သကၠန်းနှင့် လှူဖွယ်ပစ္စည်းများ ပေးပို့သူများအားလည်းကောင်း ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးကျော်သိန်း (စလင်း၊ စလေ၊ ချောက်)
**ကျောင်းဆရာကြီး (ငြိမ်း)**
### အသက် (၉၉) နှစ်

စလင်းမြို့နေ (ဦးဘိုးကျော်-ဒေါ်သိန်းရင်)တို့၏သား၊ ချောက်မြို့-၁၃၀၀ ပြည့် ရေနံမြေသပိတ်ခေါင်းဆောင် လွတ်လပ်ရေးမော်ကွန်းဝင်ပထမဆင့် (သခင်ခင်-ဒေါ်တင့်)တို့၏ သားသမက်၊ (ဒေါ်မြရင်)၏ခင်ပွန်း၊ ဦးရှိန်ဟန်-ဒေါ်ခင်စန်းယဉ်၊ ဦးခင်မောင်သိန်း-ဒေါ်နီနီမာ၊ ဦးဝင်းမောင်သိန်း-ဒေါ်နန်းစန္ဒာဝင်း၊ ဦးသိန်းဝင်း-ဒေါ်နုနုယဉ်တို့၏ဖခင်၊ မြေး ငါးယောက်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ အဘေးသည် ၁-၂-၂၀၁၉ (သောကြာနေ့) နံနက် ၇း၁၅ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာ ဦးစံထွန်းအောင်
**ညွှန်ကြားရေးမှူး(ငြိမ်း)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
### အသက်(၈၈)နှစ်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၃/ခ)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် (၉၅/ဒီ)နေ (ဦးအောင်ထွန်းဦး-ဒေါ်မမကြီး)တို့၏ သား၊ (ဦးလှအောင်-ဒေါ်တင်လှ)တို့၏ သားသမက်၊ ဒေါ်လှလှမေ ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်မြင့်ဦး-ဒေါက်တာမဥ္စုအောင်၊ ဦးတင်ထွန်းအောင်(လ/ထ ညွှန်မှူး၊ ဆည်/ရေ၊ ရေအရင်းအမြစ်)-ဒေါက်တာကျော့ကျော့၊ ဒေါက်တာမျိုးညွန့်အောင် (မေ့ဆေးအထူးကုဆရာဝန်ကြီး)၊ ဦးကျော်ကျော်-(ဒေါက်တာမြစန္ဒီအောင်)တို့၏ ချစ်လှစွာသောဖခင်၊ ဗိုလ်ကြီးသော်ဇင်ဟိန်း-ဒေါက်တာနှင်းနှင်းအောင်၊ ဒေါက်တာနှင်းဆီအောင်၊ မောင်ဉာဏ်ကျော်ဇောတို့၏ ချစ်လှစွာသောအဘိုး၊ မောင်လင်းဘုန်းမြတ်၏ ဘိုးဘိုးကြီးသည် ၄-၂-၂၀၁၉ ရက် နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၉ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်ခန်းမ(၁-က)သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၂-၂၀၁၉ ရက် နံနက် ၈ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြညွန့် (အထက်တန်းသူနာပြု)
### အသက် (၈၂) နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ ဦးစံညွန့်လမ်း၊ အမှတ်(၉)၊ လေးလွှာနေ (ဦးငွေထွန်း-ဒေါ်ကျော့တင်)တို့၏ သမီး၊ [စာရေးဆရာ တက္ကသိုလ်မောင်မောင်အေး(ခ)ဦးမောင်မောင်အေး]၏ ဇနီး၊ (ဦးစိုးမြင့်-ဒေါ်ငွေလှိုင်)၊ (ဦးအောင်ကြည်-ဒေါ်သိန်းတင်) တို့၏ညီမ၊ ဒေါ်သင်းသင်းလှိုင်(ခေတ္တ-USA)၊ ဦးနေအောင်-ဒေါ်စန်းစန်းယုတို့၏မိခင်၊ ကိုဆန်းလင်းထွန်း-မသော်သော်အောင်(ထွန်းမိတ္တူ)၊ မကြာညိုသင်း(ခ)မမော်မော်၊ မောင်အောင်ကောင်းမြတ်တို့၏အဘွား၊ မမေသော်သော်ခန့် (ခ) ကူးကူး၏ဘွားဘွားသည် ၃-၂-၂၀၁၉ (တနင်္လာနေ့) ညနေ ၆း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံအကြောင်းကြားပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ် ဒါယကာကြီး**
## ဦးနေဝင်း
**(MYC မြိုင်ရတနာစင်တာ)**
### အသက် (၆၃) နှစ်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်နေ၊ ညောင်ရမ်းမိသားစုဝင်[ဆရာကြီး ရာဇာဓမ္မ ဦးဝင်းထိန်(ယစ်မျိုးဝန်ထောက်)- ဒေါ်ခင်ကြည်]တို့၏ သားငယ်၊ (ဦးမောင်ဆန်း-ဒေါ်သန်းသန်း)တို့၏သားသမက်၊ ဒေါ်အေးအေးမွန်၏ခင်ပွန်း၊ (ဒေါ်ခင်သန်းဝင်း)၊ ဦးဘချို-(ဒေါ်ခင်စန်းဝင်း)၊ (ဦးတင်မောင်စိုး-ဒေါ်မြမြဝင်း)တို့၏မောင်၊ ကိုအောင်မြတ်သူ-မနှင်းအဥ္ဇလီလှိုင်၊ ကိုညီမြတ်သူ-မရွှေရီဝင်း၊ ကိုအောင်မျိုးမင်း-မမော်မော်စိမ်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂-၂-၂၀၁၉ (စနေနေ့) ညနေ ၄း၃၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးနေဝင်း
**ပြည်သူ့ကုန်တိုက်**
### အသက်(၅၈)နှစ်

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ မြို့သစ်(ဂ)ရပ်ကွက်၊ ငစိန်လမ်း၊ အမှတ်(၂၈/က)နေ (ဦးကုလား)-ဒေါ်စန်းနု တို့၏ သား၊ ဒေါ်အေးအေးသန်း(ငြိမ်း၊ ကုန်သွယ်လယ်ယာ)၏ခင်ပွန်း၊ ဦးဘဆင့်-ဒေါ်သက်သက်နွယ်တို့၏ ညီ၊ ဦးနေလင်း-ဒေါ်ညွန့်ညွန့်စိုး (သ/မ ဦးစီး၊ အင်းစိန်)တို့၏ အစ်ကို၊ ဦးကျော်စွာထွန်း-ဒေါ်အိမွန်နေဝင်း (လ/ထ ဦးစီးမှူး၊ မီးသတ်ဦးစီး၊ လှိုင်သာယာ)၊ မောင်ကောင်းထက်နေဝင်း(AKS Co., Ltd)တို့၏ မွေးသဖခင်သည် ၄-၂-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် အင်းစိန်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဦးအောင်သိန်း
**(ဒေါပုံ၊ ပုသိမ်မြေ)**
### အသက် (၉၇) နှစ်

ရန်ကုန်မြို့ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၁၁၇)နေ ဦးအုန်းသန်း-ဒေါ်စန်းရီ၊ (ဦးသိန်းထွန်း)-ဒေါ်ညွန့်ရီ၊ (ဦးတင်လှိုင်)-ဒေါ်သန်းရွှေ၊ ဦးစံထွန်းသိန်း-(ဒေါ်ခင်ထွေး)၊ ဦးအေးကို-ဒေါ်စန်းစန်းတင့်၊ (ဒေါ်ခင်မြအိ)၊ ဦးစိုးမိုး-ဒေါ်နွဲ့နွဲ့ရီ၊ (ဦးခင်မောင်အေး-ဒေါ်မြင့်မြင့်ထွေး)၊ ဦးအောင်ထွန်း-ဒေါ်မာမာဦး၊ ဦးထွေးနိုင်-ဒေါ်ဝင်းဝင်းချို၊ ဒေါ်ထွေးထွေးသိန်း၊ ဦးညွန့်လှိုင်-ဒေါ်မူယာတင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ (ဒေါ်ထွန်း)၏ ခင်ပွန်း၊ မြေး ၂၂ ယောက်၊ မြစ် ၁၆ ယောက်တို့၏အဘိုးသည် ၃-၂-၂၀၁၉ (တနင်္ဂနွေနေ့) ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ကြည်စုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊**
**ကျောင်းဒါယကာကြီး**
## ဦးဖေစိန် (ဇင်းကျိုက်)
### အသက် (၈၅) နှစ်

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သစ္စာလမ်း၊ အမှတ်(၂၂)နေ (ဦးစံအေး-ဒေါ်မိန်းခလေး)၊ (ဦးရင်ပို-ဒေါ်အမာ)တို့၏ သားသမက်၊ (ဒေါ်ကျင်ယုံ)၏ခင်ပွန်း၊ ဦးအေးကို-ဒေါ်တင်တင်သန်း၊ ဦးဝင်းနိုင်-ဒေါ်မြမူ၊ ဦးဆန်းအောင်-ဒေါ်ကျင်ငွေ၊ ဦးမြတ်မင်း-ဒေါ်နန်းခမ်း၊ ဦးထွန်းအောင်-ဒေါ်လှလှရီ၊ ဦးဇော်ဝမ်း-ဒေါ်လှစပယ်တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၃ ယောက်၊ မြစ် နှစ်ယောက်တို့၏အဘိုးသည် ၄-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၇း၃၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)**
## ဒေါ်ခင်မြမြ (ဒေးဒရဲ)
### အသက်(၇၇)နှစ်
**ဒု-လ/ထ ညွှန်မှူး-ငြိမ်း၊ မကလ**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ အမှတ်(၁၀၅)၊ ဓမ္မဝိဟာရလမ်းနေ (ရှေ့နေ ဦးခင်မောင်-ဒေါ်မြကျင်)တို့၏ သမီး၊ ဦးအေးဟန် (လ/ထ ထွေဂျာ-ငြိမ်း၊ မပလ၊ ရုံးအဖွဲ့မှူး၊ ကျောက်မျက်အသင်းချုပ်-ငြိမ်း)၏ ဇနီး၊ ကိုမျိုးဟန်ဦး (အင်ဂျင်နီယာ၊ Gems GARDEN CONDOMINIUM)-မခင်စပယ်ဟန်၊ မမြသက်ထားဟန်တို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေးဒရဲအသင်းဝင်(၉၉၄)သည် ၃-၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အသင်းဝင်များလိုက်ပါပို့ဆောင်ရန်နှင့် နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့
ဒေးဒရဲအသင်း(ရန်ကုန်)

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## အရှင် နာဂဝံသ
### သိက္ခာတော် (၂၅) ဝါ၊ သက်တော် (၅၈) နှစ်
**မောင်းထောင်ကျောင်းတိုက်၊ ၁၁၅-လမ်း၊ မင်္ဂလာတောင်ညွန့်**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ လမ်း(၁၄၀)၊ အမှတ်(၂၅)နေ (ဦးဘသာ-ဒေါ်စောလှ)တို့၏သားတော်၊ ဦးအောင်ရွှေ(ဦးသန်းဝင်း)၊ (ဦးလှအောင်)၊ ဒေါ်စန်းစန်းဝင်းတို့၏ညီ/မောင်၊ ဦးကျော်တင်၊ ဒေါ်သန္တာ၊ ဒေါ်သဇင်တို့၏အစ်ကိုသည် (၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်) ၃-၂-၂၀၁၉ (တနင်္ဂနွေနေ့) ည ၆း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၅-၂-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး၊ ဒါယကာ၊ ဒါယိကာမများအား အသိပေးအပ်ပါသည်။ (နေအိမ်နှင့် ကျောင်းတိုက်တို့မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ဆရာတော်အားရည်စူး၍ ၉-၂-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ မောင်းထောင်ကျောင်းတိုက်၊ ၁၁၅-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း ဒါယိကာမကြီး**
## ဒေါ်ခင်သိန်း (လွှစင်ဆိပ်၊ ရောဝတီတိုင်းဒေသကြီး)
### အသက် (၈၆) နှစ်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၂၉)လမ်း၊ အမှတ်(၁၉၃)နေ (ဦးစိန်-ဒေါ်အေးချို)တို့၏သမီး၊ [ဦးအောင်မြင့်(အင်းယားလိတ်ဟိုတယ်)]၏ ဇနီး၊ [ဦးသိန်းမင်း(Lizstar Shipping)]-ဒေါ်အုန်းမြင့်၊ ဦးမောင်တိုး(MTM Shipping)-ဒေါ်နီနီ၊ ဦးမြင့်သန်း(North Star Shipping)-ဒေါ်ဝေဝေမြင့်၊ ဦးလှထူး(JSM Shipping)-ဒေါ်ဖြူဖြူထွန်း၊ ဆရာဦးမြတ်ကျော်လင်း(အလင်းရောင်)-ဒေါ်စန်းစန်းကြည်တို့၏ မိခင်၊ မောင်အောင်ကျော်ဆန်း (COMORES Sea Shipping)၊ မောင်ဘိုဘိုသိန်းမင်း(San Yee Shipping)၊ မောင်ဟိန်းသူတိုး(MTM Shipping)တို့၏အဘွား၊ မြေး ခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၃-၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၁၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်ဇံလှ (B.P.I-ငြိမ်း)
**ကြို့ကုန်း-အင်းစိန်**
### အသက်(၈၃)နှစ်

စစ်တွေမြို့နေ (ဦးရွှေသာဦး-ဒေါ်အေးကွန့်)တို့၏ သားလတ်၊ (ဒေါက်တာဦးသာကျော်-ဒေါ်မိုး)တို့၏ သားသမက်၊ ရန်ကုန်မြို့ အရှေ့ကြို့ကုန်းနေ ဒေါ်နုနုစံ၏ ခင်ပွန်း၊ ဒေါက်တာကျော်ထွန်းဝေ၊ ဒေါက်တာခင်သွယ်သိန်း၊ ဦးစံသာကျော်၊ ဒေါ်ဆွေဆွေဦး၊ ဒေါ်သူဇာခိုင်တို့၏ ဖခင်၊ ဒေါက်တာသွယ်ဦးဝေ၊ သုဟန်ဝေ၊ ဆွေစင်သာ၊ ကျော်စင်သာ တို့၏ အဘိုးရှင် သည် ၄-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၄း၂၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၇)လမ်း(တောင်)၊ အမှတ်(၅၈၂/E) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဟန်အေး
**အလပြ (ငြိမ်း)**
### အသက်(၇၀)

ဓနုဖြူမြို့ (၁၂)ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၂၄၅)နေ ဒေါ်သန်းသန်းငွေ၏ ခင်ပွန်း၊ မဖူးပွင့်ဟန်၊ ကိုအောင်ရှင်-မရွှန်းလဲ့ဟန်၊ မလီလီလင်းဟန်၊ ကိုအောင်မျိုးသူ-မဆုလာဘ်ဖြိုးဟန်၊ ကိုရန်အောင်-မအေးအေးမွန်တို့၏ မွေးသဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၃၁-၁-၂၀၁၉ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၆-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ (၁၂)ရပ်ကွက်၊ အမှတ်(၂၄၅)၊ (၈)လမ်းနေ ဒေါ်သန်းသန်းငွေ ၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမျိုးသော်ထင်(ခ)မျိုးကြီး
### အသက်(၅၆)နှစ်
**ဒဂုံ-၁၊ ကျောင်းသားဟောင်း**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖ-ဆ-ပ-လ ရပ်ကွက်၊ တိုက် (၆)၊ အခန်း(၅)နေ (ဦးစိန်-ဒေါ်မြင့်မြင့်)တို့၏ သား၊ ဦးသက်ထားဦး-ဒေါ်မာမာသက်တို့၏ ညီ၊ ဦးကျော်ဇင်ဖြိုး ၏ အစ်ကို၊ မနိုဘယ်သက်ထား၊ မသင်းရန့်ဦး တို့၏ ဦးလေးသည် ၃-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၁၉ (စနေနေ့) နံနက် ၉ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**
## ဦးအောင်သန်းဦး (Schlumberger)
### အသက် (၅၅) နှစ်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ သစ္စာလမ်း၊ သစ္စာဥယျာဉ်အိမ်ရာ၊ တိုက်(D)၊ အခန်း(၁၀၁)နေ (ဒေါက်တာသန်းထွတ်-ဒေါ်မေစု)တို့၏သားကြီး၊ (ဦးသိန်းထွေး-ဒေါ်စိန်ဥ)တို့၏ သားသမက်၊ ဒေါက်တာယဉ်မေသန်း-ဒေါက်တာအောင်ကြည်၊ ဦးဖြိုးဝေ(MITT)-ဒေါ်ယုသက်ခိုင်၊ ဒေါက်တာလှိုင်မေသန်း-ဦးရန်နိုင်လင်းတို့၏အစ်ကိုကြီး၊ ဒေါ်ယဉ်ယဉ်မွန်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်စည်သူထက်၏ ချစ်လှစွာသောဖခင် ဦးအောင်သန်းဦးသည် ၃-၂-၂၀၁၉ (တနင်္ဂနွေနေ့) ည ၉း၃၀ နာရီတွင် ဂရင်း(ဒ်)ဟဲသာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအေးသိန်း (စာရေးဆရာကြီး အေးသိန်း)
## အတွက်ဝမ်းနည်းကြောင်း

ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)မှ နာယကကြီး ဦးအေးသိန်း (စာရေးဆရာကြီး/သမိုင်းသုတေသီ)သည် (၂.၂.၂၀၁၉)နေ့တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းတသ ယူကြုံးမရ ဖြစ်ရပါကြောင်း…။

**ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့**
**(ရန်ကုန်)**

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပ

# အစိုးရစက်မှုလက်မှုကျောင်းများနှင့် နည်းပညာကျောင်းများတွင် မော်တော်ယာဉ် အစီး ၃၀ ဖြန့်ဝေပေးရန် စီစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း(၂)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

### ပညာရေးဝန်ကြီးဌာနနှင့်စပ်လျဉ်းသည့် မေးခွန်းများ ဖြေကြား

အစည်းအဝေးတွင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစောစိန်ထွန်း၏ **ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်ရှိ ဒေါတမငယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါတမငယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ထက်ဆင့်သင် ကျောင်းသား၊ ကျောင်းသူ ၁၇၇ ဦးသာရှိသည့်အပြင် အနီးဆုံး အထက်တန်းအဆင့်သင်ကျောင်းဖြစ်သော ဒီးမော့ဆို အခြေခံပညာအထက်တန်းကျောင်းနှင့်(၁)မိုင်ခန့်သာ ကွာဝေးသည်ကိုစိစစ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ရန် ဦးစားပေးသတ်မှတ်ထားခြင်းမရှိပါကြောင်း၊ လက်ရှိတွင်လည်း အခြေခံပညာအထက်တန်း အဆင့်ပညာရပ်များလည်း သင်ကြားခွင့်ရှိနေပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ဆင်အိုးချိုင်ကျေးရွာ**

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း။

# အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲပထမအဆင့်တွင် ရန်ကုန်အသင်း ယှဉ်ပြိုင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

၂၀၁၉ ရာသီ အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲ ပထမအဆင့်ပွဲများကို ဖေဖော်ဝါရီ ၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် ရန်ကုန်ယူနိုက်တက်အသင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သောကြောင့် အာရှချန်ပီယံလိဂ်ခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။

ရန်ကုန်အသင်းသည် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် တွေ့ဆုံနေပြီး ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ဖိလစ်ပိုင်နိုင်ငံ ဘာကိုလော့မြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ပထမအဆင့်တွင် အနိုင်ရပါက ဒုတိယအဆင့်တွင် ထိုင်းကလပ် ချင်းရိုင်ယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းအဆင့်ကို ထပ်မံကျော်ဖြတ်နိုင်ပါက Play-off အဆင့် ထပ်မံကစားရမည်ဖြစ်ကာ အနိုင်ရမှသာ ခြေစစ်ပွဲအောင်မြင်ပြီး နောက်ဆုံးအဆင့်သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ **စာမျက်နှာ ၁၃ ကော်လံ ၅ သို့ ❑**



မြန်မာ ယူ-၂၂ အသင်း လေ့ကျင့်နေစဉ်။

# အာဆီယံ ယူ-၂၂ ပြိုင်ပွဲအတွက် မြန်မာအသင်း စတင်လေ့ကျင့်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် ၂၀၁၉ အာဆီယံ ယူ-၂၂ ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၂ အသင်းသည် ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းက လေ့ကျင့်မှုစတင်ပြုလုပ်ခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းသည် လိဂ်ပြိုင်ပွဲ ခေတ္တရပ်နားချိန်မှသာ စတင်လေ့ကျင့်နိုင်ခြင်းဖြစ်ပြီး ပဏာမကစားသမား ၂၈ ဦး ရွေးချယ်ထားသော်လည်း အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲသွားရောက်ကစားနေသည့် ရန်ကုန်အသင်းမှ ကစားသမားများမှာ ဖေဖော်ဝါရီ ၇ ရက်မှသာ လေ့ကျင့်နိုင်မည်ဖြစ်သည်။ နည်းပြသစ်ဖြင့် အပြောင်းအလဲပြုလုပ်ထားသည့် မြန်မာ ယူ-၂၂ အသင်းသည် ယခုပြိုင်ပွဲအတွက် ပြင်ဆင်ချိန် တစ်ပတ်ကျော်သာရမည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပမည့်ရက်နှင့် နီးကပ်နေသောကြောင့် နိုင်ငံတကာခြေစမ်းပွဲကစားတော့မည်မဟုတ်ဘဲ MNL ကလပ်အသင်းများနှင့်သာ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လက်ရှိ **စာမျက်နှာ ၁၃ ကော်လံ ၅ သို့ ❍**

## ကြေးမုံ သတင်းအညွှန်း

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိုးကောင်းတပ်နယ်နှင့် မိုးညှင်းတပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား**

စာမျက်နှာ » ၇

**ကင်ဆာအသိပညာပေးမှုမြှင့်တင်ရေး လူထုလှုပ်ရှားမှုစတင်**

စာမျက်နှာ » ၁၇



ပင်ရင်း - ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး - အမှတ် - ၃၁၊ ပြင်စည်မင်းသားကြီးလမ်း၊ အရှေ့ဒဂုံစက်မှုဇုန်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၃၅၈၅၁၆၃၊ ၀၁ - ၃၅၈၅၁၆၄၊ ၀၉ - ၂၆၀၇၀၇၁၇၁၊ ၀၉ - ၂၆၀၇၀၇၁၇၂